မော်ကွန်းသစ်

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီဥဇ္ဈယျဓမ္မသာမိထေရ်

# အောင်မြင်ကြီးပွား
# မင်္ဂလာခြေလှမ်းများ



J

မောင်သွေးချွန်
ပူဇော်သည်။

မော်ကွန်းသစ်

၏

အစီအစဉ် ( ၃ )

မော်ကွန်းသစ်စာပေ

အမှတ် ၈၄ (ဂ)၊ ဒုတိယထပ်၊ ၁၆၄ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၅၄၄၁၉၆

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်း ကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
အေးရန်ကင်းကွာ ပြည်သာယာ။

မဟာဗောဓိမြိုင်ဆရာတော်

ဝနဝါသီ ဥပယျဓမ္မသာမိထေရ်

# အောင်မြင်ကြီးပွား
# မင်္ဂလာခြေလှမ်းများ

မောင်သွေးချွန်
ပူဇော်သည်။

ထုတ်ဝေသည့်ကာလ
၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

●

တန်ဖိုး
၂၈၀ ကျပ်

●

အုပ်ရေ
၅၀၀ အုပ်

●

မျက်နှာဖုံးဒီဇိုင်း
ဝင်းမြင့်ဦး

●

ကွန်ပျူတာစာစီ
[illegible]

●

မျက်နှာဖုံးဖလင်
**Eagle**

●

အတွင်းဖလင်
ဦးထွန်းဆိုင်

●

ထုတ်ဝေသူ
ဦးဝင်းဖေ (၂၈၅-ယာယီ)၊ စာတည်းမှူးချုပ်၊ စာပေဗိမာန်အဖွဲ့
အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (မြ-၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် ၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

●

အတွင်းပုံနှိပ်
ဦးကျော်ငွေ(မြ-၀၂၇၇၃)၊ ရွှေစင်ကျော် အော့ဖ်ဆက်
အမှတ် ၂၅၁၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

●


တအုပ်ချုပ်
ကိုဂျမား

# မာတိကာ


- အမှာစာ သို့မဟုတ် မင်္ဂလာနှုတ်ခွန်းဆက် ၁
- မင်္ဂလာသမိုင်းကြောင်း ၉
- မင်္ဂလာ၏ ပထမခြေလှမ်းများ ၁၇
  - လူမိုက်ကို ရှောင်
  - ပညာရှိကို မှီဝဲဆည်းကပ်
  - ပူဇော်သင့်သောအခါ ပူဇော်ပါ
- မင်္ဂလာ၏ ဒုတိယခြေလှမ်းများ ၂၉
  - ဘဝနှင့်အရပ် အပ်စပ်မှု ရှိပါစေ
  - ရှေးက ကောင်းမှုပြုဖူးတဲ့နေရာ
  - မိမိကိုယ်ကို တည်ဆောက်ခြင်း
- မင်္ဂလာ၏ တတိယခြေလှမ်းများ ၃၇
  - မျက်စိနှင့်နား အမြဲ တံခါးဖွင့်ထားပါ
  - ဝမ်းစာရေးရဲ့ ခြေလက်အင်္ဂါများ
  - ကိုယ်ကျင့်သိက္ခာ ဖြောင့်မှန်ပါစေ
  - ကောင်းသော စကားကို ချောမောပြေပြစ်
    ချစ်ဖွယ်ဖြစ်အောင် ပြောဆိုလေ

- မင်္ဂလာ၏ စတုတ္ထခြေလှမ်းများ ၄၇
  - မိဘကို လုပ်ကျွေးပြုစု
  - သားမယားတို့ကို ချီးမြှောက်ထောက်ပံ့
  - အရှုပ်အထွေး အငြိအစွန်းမရှိတဲ့ အလုပ်
- မင်္ဂလာ၏ ပဉ္စမ ခြေလှမ်းများ ၅၅
  - စွန့်လွှတ်ပေးကမ်း ဒါနခန်း
  - တရားနဲ့ စီးပွား
  - ဆွေမျိုး မိတ်ရင်း ထောက်ပံ့ခြင်း
  - အပြစ်ကင်းတဲ့ အလုပ်မျိုး
- မင်္ဂလာ၏ ဆဋ္ဌမခြေလှမ်းများ ၆၇
  - မကောင်းမှုမှန်သမျှ ဝေးဝေးက ရှောင်
  - အနီးကပ် အထူးရှောင်
  - သတိဖြင့် အထူးရှောင်ကြဉ်
  - တရားအမှတ် မျက်ခြည်မပြတ်
- မင်္ဂလာ၏ သတ္တမ ခြေလှမ်းများ ၈၁
  - အသက်ဂုဏ်ကြီးသူတို့ကို ရိုသေပါ
  - မိမိမာန ခဝါချသို့
  - ရသမျှလေးနှင့် ကျေနပ်လိုက်ပါ
  - သူ့ကျေးဇူးကို အထူးသိစေ
  - သူတော်ကောင်းတရား နာကြားတတ်ပါစေ

- မင်္ဂလာ၏ အဋ္ဌမ ခြေလှမ်းများ ၉၅
  - သည်းခံနိုင်မှ လူတော်
  - မြေဝယ်မကျ နားထောင်
  - မြင့်လိုလျှင် အမြတ်ကို ရှု
  - ကိုယ်သိတရား ဖြန့်ဝေပေးပါ
- မင်္ဂလာ၏ နဝမခြေလှမ်းများ ၁၀၉
  - ခြိုးခြံခြင်းသည် အရှုံးကို ဖာထေးခြင်း
  - မြတ်သော အကျင့်ကို ဆောက်တည်
  - အမှန်တရားကိုလည်း မြင်သိအောင် ကြည့်
  - နိဗ္ဗာန်ဆိုက်မှ အမိုက်ဆုံးမှာ
- မင်္ဂလာ၏ ပန်းဝင် ခြေလှမ်းများ ၁၂၃
  - ကိုယ်နှင့်စိတ်ထား
    တုန်လှုပ်ချောက်ချားခြင်း မရှိစေနှင့်
  - စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မရှိစေနှင့်
  - ချဉ်ခြင်းတပ်မက် ထိုရမ္မက်လည်း မရှိစေနှင့်
  - လောကဓံကို ကျော်နိုင်သူများ
- မင်္ဂလာ အနှစ်ချုပ် ၁၃၃
  - ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်
  - မင်္ဂလာကွင်းဆက်များ



မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီဦးဥယျာဓမ္မသာမိထေရ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အမှာစာ

## သို့မဟုတ်

## မင်္ဂလာနှုတ်ခွန်းဆက်

**မင်္ဂလာ...**

မင်္ဂလာဆိုတဲ့ စကားဟာ ဗုဒ္ဓဘာသာ မြန်မာတို့နဲ့ အလွန်အမင်း ရင်းနှီးပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ စာသင်ကျောင်းများဆီက 'မင်္ဂလာပါ' ဆိုတဲ့ ဆရာ တပည့်တို့ရဲ့ နှုတ်ခွန်းဆက်သံတွေ တစ်ရံမဆိတ် ပဲ့တင်နေ လျက် ရှိပါတယ်။ မင်္ဂလာရဲ့ အဓိပ္ပာယ်ကို ကျယ်ကျယ်နက်နက် သိလျက်ဖြစ်စေ၊ မသိဘဲဖြစ်စေ၊ ယဉ်ကျေးမှု ပုံသဏ္ဍာန်တစ်ခုအနေ နဲ့ ဖြစ်စေ **မင်္ဂလာနှုတ်ခွန်းဆက်** ကို ကလေးတွေက အစ ပြုကျင့် နေတတ်ကြပါပြီ။ ဒါဟာ ကောင်းသော အစဉ်အလာတစ်ခုကို ပျိုး ထောင်နေခြင်းပါပဲ။ မင်္ဂလာရဲ့ အနက်အဓိပ္ပာယ်ကို အပြည့်အဝ

နားလည်ကြပြီး ခံယူကျင့်ဆောင်နိုင်ကြပါလျှင်ကား ရှေ့ရေးကို တွေးပူစရာ မလိုတော့ပါပြီ။

တကယ်တော့ မင်္ဂလာတရားတော်ဟူသည် ကလေးတွေ အတွက်သာမျှမက၊ လူငယ် လူကြီး အရွယ်အသီးသီးအတွက် သံသရာကမ်းတစ်ဖက်သို့တိုင်အောင် ကျင့်ဆောင်လျှင် ကျင့်ဆောင် သလောက် ပို့ဆောင်နိုင်စွမ်းအားကြီးမားသော ဘုရားဟော တရား လမ်းစဉ် အကျင့်မြတ် ဖြစ်ပါတယ်။ ဘုရားဟောဆိုသောကြောင့် 'လောကုတ္တရာ' အတွက်သာဟု အလွယ်တွေး အခက်တွေးဖြင့် နေး ဖင့်လက်လျှော့ခြင်း မပြုရာပြီ။ မင်္ဂလာတရားတော်တွင် တရားသဖြင့် ကြီးပွားကြောင်း အခုလည်း ကောင်း နောင်လည်း ကောင်းစေမည့် လောကရေးရာ လမ်းညွှန်ချက်များစွာ ပါဝင်နေတာ တွေ့ရပါလိမ့် မယ်။

လောကသဘာဝ မကြီးပွား မချမ်းသာချင်သောသူဟူ၍ မရှိ ပြီ။

ကြီးပွားချင် ချမ်းသာချင်လွန်းသဖြင့် စီးပွားဖြစ်နည်း ကြီးပွား နည်းများနောက်သို့ တကောက်ကောက် လိုက်ပါရင်း ဆင်းရဲသံသရာ မှာ ဝဲလည်နေတာ မြင်ဖူး၊ ကြုံဖူးကြပါလိမ့်မယ်။

ကြီးပွားချမ်းသာနည်းစစ်စစ် ဟူသည် တစ်ဖန်ပြန်လည်ဆင်းရဲ ခြင်းသို့ မသက်ရောက်စေရပြီ။

အစကောင်းဖြင့်လည်း မရပ်၊ အလယ်ကောင်းဖြင့်လည်း မနား၊ အဆုံး၏ ကောင်းခြင်းသို့တိုင် အရောက်သွား နားနေနိုင်ရပါလိမ့် မည်။ တစ်နည်းအားဖြင့် အာမခံချက် အပြည့်ရှိရပါလိမ့်မည်။ အမှန် စင်စစ်တော့ အခုကောင်း၊ နောင်ကောင်း အာမခံချက်ကြီးကို ဗုဒ္ဓမမှ

အမွေခံ သားသမီးတိုင်းသို့ ပေးဝေခဲ့ပြီး ဖြစ်ပါတယ်။ ပေးကား ပေး၏ မရခဲ့သည်မှာ ယူရကောင်းမှန်း မသိခဲ့ကြလို့သာ၊ ပေးဝေသူများဘက်မှာ တာဝန်မရှိ၊ ယူရမည့်သူများဘက်မှ တန်ဖိုးအစစ်အမှန်ကို မသိသောကြောင့် ယူရကောင်းမှန်း မသိခဲ့ကြလို့သာ။

အရင်းစစ်တော့ အမြစ်မြေက ဆိုသလို ဒီလို တန်ဖိုးစစ်တွေကို ယူရကောင်းမှန်း မသိခဲ့တာဟာ နှစ်ပေါင်း တစ်ရာနီးပါး ကျွန်တော်တို့ နိုင်ငံကို ကျွန်လုပ်၊ သွေးစုပ်၊ ကျွန်တော်တို့ ယဉ်ကျေးမှု အမွေအနှစ်တွေကို သေးသိမ်အောင် လုပ်ဆောင်သွားတဲ့ နယ်ချဲ့ဗြိတိသျှတို့ရဲ့ ပယောဂသာလျှင် အရင်းမူလ ဖြစ်ခဲ့ပါတယ်။ ဗြိတိသျှတို့ဟာ မြန်မာတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှစ်ဌာနလုံးကို အစီအစဉ်ရှိရှိ၊ ပရိယာယ်ကြွယ်ကြွယ် ချေမှုန်းခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဥဒါဟရဏ်သဘောမျှသာ ပြောလိုပါသေးတယ်။ ရုပ်ပိုင်းဆိုင်ရာ ချိုးနှိမ်မှုအဖြစ် ကျွန်တော်တို့အတွက် အမြတ်ထားရာ ဘုရားရင်ပြင်တော်မှာ ဖိနပ်စီးပြခြင်း၊ ရဟန္တာသိမ်တော်ကြီးများကို သုသာန်သင်္ချိုင်းကုန်းအဖြစ် ပြောင်းလဲပစ်ခြင်းတွေ ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ချိုးနှိမ်ခြင်းအဖြစ်ကား ကျွန်သက်ရှည်ရေး စီမံကိန်းကြီးအတွက် 'ကျွန်ပညာရေး'ကြီးက သက်သေခံခဲ့ပါချေပြီ။

မြန်မာတို့၏ စိတ်ဓာတ်အမြုတေဖြစ်သော ဘာသာ၊ သာသနာ ညှိုးမှိန်ခဲ့သည့်အလျောက် နယ်ချဲ့ယဉ်ကျေးမှုကို အထင်ကြီး၊ မီးရောင်ကို ရွှေတောင်မှတ်၊ တံလျှပ်ကို ရေထင်ကာ 'ဘုန်းကြီးကျောင်းပညာရေး'ကို စွန့်ခွာအဝေး ပစ်ပြေးခဲ့ကြပါတော့တယ်။ ဒီမှာ အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ကြတဲ့ ရဟန်းပညာရှိ၊ လူပညာရှိ မျိုးချစ်ကဝိကြီးတွေက တို့မြန်မာတွေ ကြီးပွားရာ အောင်

မြင်ကြောင်း အခုလည်း ကောင်း နောင်လည်း ကောင်းအောင် မင်္ဂလာ ဆောင်ကြပါဆိုပြီးတော့ မင်္ဂလသုတ်ကို အနက်ဖော် အကျယ်ဖွင့်ပေး ခဲ့တာ ခေတ်အဆက်ဆက်ပါပဲ။

ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရား ကြီးကလည်း **မင်္ဂလာဓာရဏာကထာ** ဆိုတဲ့ ကျမ်းစာအုပ်နဲ့ လမ်းပြ ပေးခဲ့ကာ ၁၉၉၄ ခုနှစ်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါ တယ်။ **မင်္ဂလာတရားတော်များကို အခြေခံပြီး မိမိတို့ရဲ့ နေ့စဉ် ဘဝများမှာ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောအကျိုးအတွက် လမ်းညွှန် ချက်** ပေးထားခြင်း ဖြစ်ပါတယ်။ မင်္ဂလာဓာရဏာကထာကို ရေး ရာမှာ **သားတို့ သမီးတို့** ...ဆိုတဲ့ နှုတ်ဆက်အာလုပ်စကားနဲ့ ဆရာ တော်ဘုရားကြီးက အဖေနေရာ အဘနေရာကနေ အင်မတန်ကို ရင်း ရင်းနှီးနှီး၊ စေးစေးပိုင်ပိုင်၊ အာဝဇ္ဇန်းကောင်းကောင်းနဲ့ ရှင်းပြ မိန့် ကြားသွားခြင်း ဖြစ်ပါတယ်။ မင်္ဂလာတရားတော်ရဲ့ အရေးကြီးပုံကို တစ်ချက်ချင်း ဖွင့်ဆိုရင်း ဆရာတော်ဘုရားကြီးက ဘယ်လောက် ထိ ထောင့်စေ့စေ့ မိန့်မှာတော်မူပါသလဲဆိုရင်...

**'သားတို့ခေတ်မှာလဲ နယ်ချဲ့က ပိုအားကောင်းလာပြီး ပို သိပ်သည်းလာတယ်၊ တုတ်ဆွဲ ဓားဆွဲမျိုး မဟုတ်ဘူး၊ မသိမသာ လေးနဲ့ မိုက်စကား မပြောဘူး၊ သာယာ ချောင်မွမျိုးလေးနဲ့...၊ သို့ ကြောင့် ရန်သူမှန်း မြင်နိုင်ခဲတယ်၊ ဓားဆွဲချိန်မရလိုက်ဘူး၊ အတွင်း က လိုက်စားပြီးတော့မှ ဘွားခနဲ ပေါ်တတ်တာမျိုး၊ အရင် နယ်ချဲ့ က တိုင်းပြည်လောက်ရယ်၊ အခုနယ်ချဲ့က လူမျိုးရော၊ ဘာသာ ရော၊ ယဉ်ကျေးမှုရော၊ ဓလေ့ထုံးစံရော နယ်ကုန်နယ်စုံထဲမှာ စိမ့် ဝင်နေလိုက်တာ နေရာမလပ်ပါပဲ။ အေးတူပူမျှဆိုတဲ့ ဆိုင်းဘုတ်**

**အောက်မှာလဲ ဝင်အောင်းနိုနေတယ်၊ သွေးချင်းသားချင်း ညီရင်းအစ်ကိုသို့ဆိုတဲ့ ဆိုင်းဘုတ်ထဲမှာလဲ ဝင်အောင်းနေတယ်၊ အပူနယ်ချဲ့ထက် ပိုကြောက်စရာကောင်းတယ်။ အဝေးပစ်ခဲထက် အနီးကပ်ထုတဲ့ ခဲဟာ အထိလဲ နာစေတယ်၊ ရှောင်တိမ်းချိန်လဲ မရဘူး'** လို့ စာမျက်နှာ ၇၀ မှာ ရေးသားသတိပေးထားပါတယ်။

ဒါကြောင့် ဒီနေ့ဒီအချိန်ဟာ မင်္ဂလာကျင့်စဉ် ကိုယ်နှင့်မကွာဖို့ ဗုဒ္ဓဘာသာမြန်မာတိုင်းမှာ အရေးတကြီး လိုအပ်လာပြီလို့ ယုံကြည်ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ မင်္ဂလာဓာရဏာကထာ ဖွင့်ဆိုပုံ ထူခြားချက်ကတော့ မင်္ဂလာတရားတော်တွေကို **အသက်အရွယ် အပိုင်းအခြားဖြင့် ဆောင်ကျင့်စေခြင်း** ပဲ ဖြစ်ပါတယ်။ ကလေးအရွယ် **မူလတန်းဆင့်က စပြီး သက်ကြီးရွယ်အိုအဆင့်အထိ ဆယ်စုနှစ်အလိုက် ထိုက်သင့်ရာကျင့်ဆောင်ရာ မင်္ဂလာတရားတော်များကို နားလည်လွယ်ကူအောင်** ရှင်းလင်းပေးတော်မူပါတယ်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ 'မင်္ဂလာဓာရဏာကထာ' ကို အနည်းဆုံး ငါးကြိမ်ငါးခါက် ဒိုးလိုမွှေ ရေလိုနှောက် ဖတ်ရှုမှတ်သားခဲ့ပြီ ဆောင်းပါးသုံးလေးပုဒ် ထုတ်နုတ်ရေးခဲ့ပြီး ဖြစ်ပါတယ်။ မင်္ဂလာပန်းကလေး တစ်ပွင့်နှစ်ပွင့်မျှကိုသာ ခံစားခွင့်ရကုန်သော စာဖတ်ပရိသတ်က 'မင်္ဂလာပန်းဥယျာဉ်ကြီး တစ်ခုလုံး' ကို ပြပါတော့လားဟု အားမလိုအားမရ တောင်းဆိုလာကြပါတော့တယ်။ ဂျာနယ်မဂ္ဂဇင်းတို့မည်သည် စာမျက်နှာ အကန့်အသတ်ရှိသဖြင့် ကျွန်တော်ကိုယ်တိုင်က မိတ်ဆက်ရုံမျှဖြင့် အာသာမပြေနေခဲ့ရခြင်းပါ။ ယခုသော်ကား ကျွန်တော့်ရဲ့ ဘဝပေးအခြေအနေ

ဟာ စာမျက်နှာ အကန့်အသတ်တွေကြားက လွတ်မြောက်ခွင့် ရသင့်သလောက် ရခဲ့ပြီဖြစ်လို့ မင်္ဂလာဥယျာဉ်တော်ကြီးကို ပြသခွင့် ရခဲ့ပါချေပြီ။

ဒီလိုပြသနိုင်အောင် အကြိမ်ကြိမ် တိုက်တွန်းအားပေးခဲ့သူကား ကျွန်တော့်ရဲ့ ဓမ္မမိတ်ဆွေကြီး တေးရေး **စကားလုံး ဝင်းမင်းထွေး** ပဲ ဖြစ်ပါတယ်။ သူကိုယ်တိုင်လည်း ဆရာတော်ဘုရားကြီးရဲ့ မင်္ဂလာဓာရဏကထာကို **လက်စွဲကျမ်း** အဖြစ် ထားရှိပြီး အကြိမ်ကြိမ် ဖတ်မှတ်ကာ တစ်ခါပြန်ဖတ်ပြီးတိုင်း ကျွန်တော်နှင့် တစ်ခါပြန်ဆွေးနွေးလေ့ရှိကာ 'ဆရာတော်ဘုရားကြီးရဲ့ စာအုပ်က သက်ဆိုင်ရာ သာဟိကာအသင်းတွေဆီမှာပဲ ဖြန့်ခဲ့တာ၊ တစ်ပြည်လုံးက စာဖတ်ပရိသတ် မသိသေးဘူး၊ အိမ်တိုင်းအိမ်တိုင်း မိသားစုတိုင်း လက်စွဲထားရမယ့် စာအုပ်မျိုးဖြစ်လို့ ကိုသွေးချွန် ပြန်ရေးပေးစမ်းပါ'လို့ တိုက်တွန်းလေ့ရှိပါတယ်။ ပြီးတော့ သူကိုယ်တိုင် မင်္ဂလာဓာရဏကထာ အုပ်တစ်ရာကျော် ဝယ်ပြီး ဓမ္မဒါန ပြုခဲ့တာလည်း ကျွန်တော့်မျက်မြင်...။

'၉၉ ဇူလိုင်လကုန်ပိုင်းက ၃၄ လမ်း လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ နောင်တော်ကြီး ချစ်ဦးညိုနဲ့ ဆုံပြန်တော့ 'ကျွန်တော် ဖျာပုံဟောပြောပွဲမှာ ဘာဟောခဲ့သလဲ သိလား၊ ဆရာတော်ကြီး ရေးတဲ့ မင်္ဂလာ ဓာရဏ ကထာထဲက ဒဿနတွေ ထုတ်ဟောခဲ့တာ၊ ပရိသတ်က အင်မတန်နှစ်ခြိုက်လက်ခံတယ်၊ **မင်္ဂလာဆောင် ဆိုတာ** မိန်းမနဲ့ ယောကျ်ား အိမ်ထောင်ပြုတာကို ပြောတာ မဟုတ်ဘူး၊ **မင်္ဂလာတရားတော်တွေ ဆောင်ထားရမှာ** လို့ ပြောပြောပြီး စင်ပေါ်ကနေ မင်္ဂလာ ဓာရဏကထာ စာအုပ်ကို ထောင်ပြ ထုတ်

ပြရသေးတယ်၊ ကျွန်တော် ဟောတာတွေ ဒီစာအုပ်ထဲမှာ အကုန်ပါတယ်လို့ ဝန်ခံခဲ့ရတယ်ဗျာ’

ဆရာ ချစ်ဦးညိုက အားတက်သရော ပြောပြရင်း

‘မင်္ဂလာစာရဏကထာကို ပြန်ရေးဖို့ ကောင်းတယ်၊ အညွှန်းကောက်နုတ်ချက်တွေ ရေးပေးနိုင်ရင် ကောင်းကောင်း အကျိုးပြုနိုင်ပါတယ်’လို့ မှတ်ချက်ပေးသွားပါတယ်။

ဒီလိုနဲ့ ရေးမယ် ရေးမယ်နဲ့ သုံးလေးနှစ်လောက် စိတ်ကူး ချိန်ရွယ်ခဲ့တဲ့ မင်္ဂလာကျင့်စဉ်အညွှန်းကို အခုတော့ တကယ်ရေးဖြစ်ခဲ့ပါပြီ။ ဆရာတော်ဘုရားကြီးရဲ့ မူရင်းအာဘော် တရားတော်များမှ လွှဲချော်ခဲ့ပါသော် ကျွန်တော့်ရဲ့ တာဝန်သာပါပဲ။ ဆရာတော်ဘုရား ညွှန်ပြတော်မူတဲ့အတိုင်း

**မကောင်းရာ ရှောင်၊ ကောင်းရာ ဆောင်**

**ကြီးပွားအောင် လုပ်၊ မင်္ဂလာ အချုပ်** ...ဆိုတဲ့အတိုင်း

မိမိတို့ ဘဝသံသရာ ခရီးမှာ မင်္ဂလာ ကျင့်စဉ်များသာလျှင် အချုပ်အခြာ ပဓာနဖြစ်ကြောင်း သိမြင်ဆင်ခြင်မိကြပြီးလျှင် မင်္ဂလာ အပေါင်းနှင့် ခညောင်းပြည့်စုံကြပါစေဟူ၍သာ...။

လေးစားစွာဖြင့်

မောင်သွေးချွန်

# မင်္ဂလာသမိုင်းကြောင်း

ချူးပြီး ခပ်ပြီး စားဖို့ အသင့်ပြင်ထားတဲ့ ထမင်း တစ်လုတ်၊ ထမင်းတစ်ပွဲရဲ့ သမိုင်းကြောင်းကို သင် စဉ်းစားအောက်မေ့ကြည့်ဖူးပါသလား။

ထမင်းမဖြစ်မီက ဆန်၊ ဆန်မဖြစ်မီက စပါး၊ စပါးမဖြစ်မီက ကောက်ပင်၊ ကောက်ပင် မဖြစ်မီက ပျိုး၊ ပျိုး မဖြစ်မီက မျိုး ဆိုပြီး အဆင့်ဆင့် ဖြတ်သန်းခဲ့ရပုံတွေ…။ အဲဒီ စပါးဆိုတဲ့ မျိုးကို ရဖို့သော်မှ ရှေးက ဘိုးဘွားစဉ်ဆက်တို့ နွားနဲ့ဖက်ပြီး ထွန်ရ၊ ထယ်ရ၊ စိုက်ရ၊ ပျိုးရ၊ ရိတ်သိမ်းရနဲ့ ဘယ်လောက် ချွေးမြေကျ ရင်းနှီးပေးဆပ်ခဲ့ရပါသလဲ။ ပန်းကန်ထဲ ရောက်လာတဲ့ ထမင်းဆိုတာ ခဏတာ အဆာပြေမှုမှသည် ဘဝ၏ ရုပ်ဓာတ်ကြီးထွားအားဖြစ် ရှင်သန်စေရုံမျှ…၊ တစ်ဘဝ၏ တစ်ခဏလေးများအတွက် ထမင်း တစ်လုတ်၌ပင် ရာဇဝင်သမိုင်းကြောင်း ရှိနေပေရာ သံသရာကြီးတစ်ခုလုံး၏ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ချမ်းသာစေတတ်သော တရားတော်မြတ်အပေါင်း၌ သမိုင်းကြောင်း အဘယ်မျှ ခိုင်ခံ့သည်ကို ဆိုဖွယ်ရာ

မရှိပါချေပြီ။ ဒီတရားတော်တွေကို အလွယ်တကူ သိနားလည်အောင် လေးသချေနှင့် ကမ္ဘာတစ်သိန်းလုံး ကိုယ်ကျိုးစွန့် အနစ်နာခံ ပါရမီဖြည့်ကျင့်တော်မူပြီးမှ တရားမွေကို တွေ့ရှိဖော်ထုတ်ခဲ့သော ရှင်တော်မြတ်ဗုဒ္ဓ၏ ကျေးဇူးတော်အနန္တ မှာလည်း ပူဇော်လို့ မကုန်နိုင်ရာပါပြီ။

ဘုရားဟော တရားတော်များအနက်မှ 'မင်္ဂလာတရားတော်' သည်လည်း မြေက မြက်ပေါက်သလို အလွယ်ကလေး ဖြစ်ပေါ်လာခဲ့သည် မဟုတ်ပါချေ။ 'မင်္ဂလာ'ဟူသော အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ပင် လူတွေကို မဆိုထားနှင့်၊ နတ်ဗြဟ္မာတို့သော်မှ ဉာဏ်မီမီ စံမီမီ ဖွင့်ဆိုနိုင်ခြင်း မရှိခဲ့ပါချေ။ တစ်နေ့ တစ်ရက်၊ တစ်ပတ် တစ်လမျှသာမက နှစ်ကာလများ ရှည်ကြာသွားရာ နတ်တို့၏ သက်တမ်းနှင့် ၁၂ နှစ် ကြာသွားသည်အထိ 'မင်္ဂလာ' ဆိုတဲ့ အဓိပ္ပာယ်ကို တိကျသေချာ ရေရေရာရာ နားလည်နိုင်ခြင်း မရှိခဲ့ကြပါတဲ့။ အဲဒီ နတ်သက် ၁၂ နှစ်ဆိုတာ လူတို့ရဲ့ သက်တမ်း၊ လူတို့ရဲ့ အချိန် ရေတွက်ပုံနဲ့သာ တွက်ကြည့်ရင် နှစ်ပရိစ္ဆေဒ ထောင်ချီပြီး ကြာညောင်းရင့်ထော်ခဲ့တာ တွေ့ရပါလိမ့်မယ်။

'ငါတို့ လူ့ပြည်မှာ ဘုရား ပရိနိဗ္ဗာန်စံဝင်တာဟာ နှစ်ပေါင်း နှစ်ထောင့်ငါးရာ ရှိသွားပြီ၊ သူတို့ တာဝတိံသာမှာ နှစ်ဆယ့်ငါးရက်ပဲ ရှိကြသေးသတဲ့' ဆိုတဲ့ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး နှိုင်းယှဉ်တွက်ချက်မှုနဲ့သာ ချိန်ထိုးကြည့်ပါလေ။

အဲဒီ နတ်သက် ၁၂ နှစ်တာ ကာလပတ်လုံးဟာ 'မင်္ဂလာ' ဆိုတဲ့ စကားလုံးလေးရဲ့ အဓိပ္ပာယ်ကို မဖွင့်ဆိုနိုင်တာ တစ်ခုတည်း

အတွက် နတ်ပြည်မှာငြိမ်းချမ်းရေး မရခဲ့ဘူး။ နတ်အချင်းချင်း အချေ အတင် ဖြစ်လိုက်ကြတာ နတ်သံတွေ ညံလို့တဲ့လေ။

အချို့နတ်သားတွေက မကြောင့်မကြ၊ မတောင့်မတနဲ့ စည်းစိမ် ခံစားနေရတာ မင်္ဂလာ။

အချို့ကလည်း မိမိ အလွန်လိုလားနှစ်သက်နေတဲ့ ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံတွေချည်း ခံစားနေရတာ မင်္ဂလာ။

အချို့ကျပြန်တော့ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ သန့်ပြန့်သည်ဖြစ်စေ၊ ညစ်စုတ်သည်ဖြစ်စေ၊ တစ်ဖက်ကလည်းပဲ နှစ်သက်လက်ခံ၊ ပျော်စံမယ်၊ မိမိဘက်ကလည်းပဲ နှစ်သက်ကြည်ဖြူစိတ်တူကြမယ်ဆိုရင် ဒါ မင်္ဂလာပဲရယ်လို့...။

သူတို့ ဉာဏ်တစ်ညို၊ တစ်ထွာ၊ တစ်ပေလောက်နဲ့ အဖြေပေးငြင်းခုံနေကြလေရဲ့တဲ့။

- မင်္ဂလာ တရားကထာ၊ စာ-၁၃ ရှု။

နတ်တို့သေနင်း သိကြားမင်းကြီးလည်း နတ်သဘင် အစည်းအဝေး ပြီးတိုင်း ပြီးတိုင်း ဒီမင်္ဂလာပြဿနာအဖြေရှာ ညှိနှိုင်းကြလေတိုင်း ခေါင်းခဲရရှာသတဲ့။

မင်္ဂလာ...မင်္ဂလာ...မင်္ဂလာဆိုတာ ဘာကို ခေါ်တာလဲ။

လူ့ပြည် လူ့ဘဝတုန်းက လူ့အကျိုးသယ်ပိုးကုသိုလ်ကောင်းကျိုးတွေ ပြုကျင့်ခဲ့လို့ သိကြားမင်းဖြစ်လာခဲ့ရပေမယ့် မင်္ဂလာရဲ့ အဓိပ္ပာယ်ကိုတော့ သူလည်း ပြည့်ပြည့်စုံစုံ မဖွင့်နိုင်ရှာဘူးတဲ့။ သူ့ထက်သာတဲ့ နတ်ဗြဟ္မာတွေဆီ ချဉ်းကပ်မေးမြန်းကြည့်ပြန်တော့လည်း ရေရာသေချာတဲ့ အဖြေလွှာ ပါမလာခဲ့ဘူးတဲ့လေ။ ဒါနဲ့ လူ့

ပြည်ကို ဆင်း၊ ပုဏ္ဏားယောင်ဆောင်ပြီး သမဏ၊ ဗြဟ္မဏ၊ ပဏ္ဍိတ အမည်ခံတွေဆီ သွားရောက်တီးခေါက်ကြည့်ပြန်ပါသော်လည်း 'မင်္ဂလာ'ရဲ့အဖြေမှာ ရေရာသဲကွဲခြင်း မရှိ၊ မှောင်အတိကျလို့သာ နေပါတော့တယ်။

ဒီလိုနဲ့ နတ်သက်နဲ့ ၁၂ နှစ် (လူသက်အားဖြင့် နှစ်ပရိစ္ဆေဒ ထောင်ချီ) သာ ကြာသွားတယ်။ မင်္ဂလာအဖြေစကား မကြားခဲ့ရ၊ မင်္ဂလာအဖြေ 'ဆိုင်းငံ့'ထားဆဲမှာပဲ လောကမှာ ဘုရားဆိုတာ ပွင့်ပေါ်လာပြီ။ တစ်လောကလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်လာပါရော။ ဒီအခါမှာ သိကြားမင်းကြီးကလည်း သူ အင်မတန် သိချင်နေတဲ့ မင်္ဂလာအဖြေစကား ကြားချင်လွန်းလို့ နောက်ပါအခြံအရံများနှင့်တကွ သန်းခေါင်ယံမှာ လူ့ပြည်ဆင်းလာခဲ့ပါတယ်။ ဘုရားရှင်ကို သူကိုယ်တိုင်ကတော့ မေးမြန်းလျှောက်ထားခြင်း မပြု။ သူ့ကိုယ်စား နတ်သားတစ်ပါးကို လျှောက်ထားစေပါတယ်။

*"ဘုန်းတော်ကြီးသော မြတ်စွာဘုရား...*

*နတ်ဗြဟ္မာတို့သည် လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ ထိုများပြားလှစွာသော ဝေနေယျတို့သည် တစ်ဆယ့်နှစ်,နှစ်သို့တိုင်တိုင် မင်္ဂလာပါဆိုသော စကားလုံးလေးရဲ့ အဓိပ္ပာယ်သဘောများကို တွေးတောကြံဆ၊ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြည့်ခဲ့ကြပါသည်ဘုရား။*

*သို့တစေလည်း...*

*မင်္ဂလာရဲ့သဘောသွားနှင့် တစ်သားတည်း မကျလှပါသဖြင့် လိုလားသော ချမ်းသာမှုများကို ပြည့်ဝစုံလင်စွာ ခံစားခွင့် မရခဲ့ကြပါဘုရား။*

*သို့ပါ၍ ချမ်းသာမှုကို မင်္ဂလာနှင့်အညီ လိုလားတောင့်တနေ*

*ကြပါကုန်သော ဝေနေယျတို့ကို သနားသောအားဖြင့် ထိုမင်္ဂလာဆိုသော စကားတစ်လုံး အဓိပ္ပာယ်ကို ကရုဏာရှေ့သွား ဈာန်ယာဉ်ပွားကာ ဟောကြားတော်မူပါဘုရား"*

– ၁၉၉၄၊ မင်္ဂလာခရုဏာကထာ၊ စာ–၁၆။

အဲဒီလို လျှောက်ထားတဲ့အခါကျမှ ဘုရားရှင်ဟာ မင်္ဂလာတရားတော်ကို အစ၏ ကောင်းစေခြင်း၊ အလယ်၏ ကောင်းစေခြင်း၊ အဆုံး၏ ကောင်းစေခြင်းများဖြင့် ဟောကြားတော်မူခဲ့တယ်လို့ ဆိုပါတယ်။

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဘုရားဟော မင်္ဂလာတရားတော်ဆိုတာ ကလေးကအစ၊ သက်တမ်းစေ့နေအဘိုးအို အဘွားအိုအရွယ်တွေအထိ အားလုံးနဲ့ အကျုံးဝင်အောင် ဆစ်၍ပိုင်း၍ မင်္ဂလာဆောင်စေခဲ့ပါတယ်။ **မင်္ဂလာဆောင် ဆိုတာ** မိန်းမနဲ့ယောကျ်ား အိမ်ထောင်ကျဖို့ မင်္ဂလာဆောင်တာမျိုး မဟုတ်ဘူး။

**မကောင်းရာရှောင်၊ ကောင်းရာဆောင်တာ မင်္ဂလာပါ** လို့ ရှေးဦး သိမှတ်ဖွယ်အဖြစ် ရေးသားဟောကြားတော်မူခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ မင်္ဂလာဖွင့်ဆိုချက်ကတော့...

မင်္ဂ လုနာတိ မင်္ဂလံ၊ ပုညသမ္ဘာရ မူလကံ

မင်္ဂ – မကောင်းမှုမျိုး ဒုစရိုက်ဆိုးကျိုးမှန်သမျှကို၊ လုနာတိ– ရိတ်ဖြတ်တတ်ချေ၏။

ဣတိ– ဤသို့ မကောင်းသောအမှု ဒုစရိုက်အစုစုတို့ကို ပုပ်နေသော သရက်သီး၏ မကောင်းချည်းကို ပယ်လှီးရိတ်ထစ်ပစ်ရ၏ သို့၊ ရှုပ်နေသော မြက်မှိုက်တို့ကို အရင်းကလှိုက် ရိတ်လိုက်ရ၏ သို့။

ယခုဘဝ ဤကစ၍ ဖျက်ဆီးစင်စစ် ထားပစ်ခဲ့ရချေသောကြောင့်၊ မင်္ဂလံ–မင်္ဂလာဟူ၍ ခေါ်ဆိုရချေ၏။ မင်္ဂလံ–ကာလသားကြီး၊ သမီးဘဝ၊ ရုပ်ကြပွေပွေ၊ ဉာဉ်ဆိုးတွေကို၊ ကိုယ်နေကောင်းမှန်၊ စိတ်ထားမှန်ဖြင့် လွန်မြောက်စေရ၏။

တံ–ထိုမင်္ဂလာဆိုသော စကားသည်၊ ပုည သမ္ဘာရ မူလကံ – ကောင်းမှုအဆောက်အအုံရဲ့ မူရင်းဇာစ်မြစ်စကားသာ အခြေတည်၏။

– ၄င်း၊ စာ–၃။

ဆရာတော်ဘုရားကြီးက မင်္ဂလာရဲ့ အဓိပ္ပာယ်ကို ဒီလို ဖွင့်ဆိုပြီးတဲ့နောက် မွေးစမှ သက်တမ်းစေ့နေ အရွယ်အိုတွေအထိ မင်္ဂလာတရားတော်ကို ဘယ်လို မိမိရရ ဆောင်ရမလဲဆိုတာ...

သားတို့သမီးတို့...

ငါတို့ခေတ်က အသက်တစ်ရာတမ်းဆိုတော့ အသက်တစ်ရာကို ဆယ်ပိုင်း ပိုင်းရတယ်။ ဆယ်နှစ်သက်တမ်းတစ်ခုလျှင် တစ်ပိုင်းကျပေါ့။ ထိုအပိုင်းလိုက်ပြီးတော့ ရုပ်ရည်များမှာ တက်စရာရှိလျှင်လည်း ထူးခြားလာတယ်၊ ကျစရာရှိလည်း ထူးထူးခြားခြား ကျနေတတ်တယ်။ စိတ်ရောကိုယ်ပါပဲ။

* **ပထမမွေးစမှ ဆယ်နှစ်သားသမီးအထိ**

  မူဠ္ဌဒသက – မသိတတ်တဲ့အရွယ်၊
* **ဆယ့်တစ်နှစ်မှ နှစ်ဆယ်အထိ**

  ခိဍ္ဍ ဒသက – ပျော်ပါးမှု အားတက်လာတဲ့အရွယ်၊
* **နှစ်ဆယ့်တစ်မှ သုံးဆယ်**

  ဝဏ္ဏ ဒသက – အလှသွေး အထက်မြက်ဆုံးအရွယ်၊

- **သုံးဆယ့်တစ်မှ လေးဆယ်**

  ဗလ ဒသက – အင်အား အတောင့်ဆုံးအရွယ်၊
- **လေးဆယ့်တစ်မှ ငါးဆယ်**

  ပညာဒသက – ဉာဏ်အကောင်းဆုံး အရွယ်၊
- **ငါးဆယ့်တစ်မှ ခြောက်ဆယ်**

  ဟာန ဒသက – အားလုံး ပြန်ဆုတ်သွားချိန်၊
- **ခြောက်ဆယ့်တစ်မှ ခုနစ်ဆယ်**

  ဝင်္က ဒသက – ခါးကုန်းစ ပြုလာချိန်၊
- **ခုနစ်ဆယ့်တစ်မှ ရှစ်ဆယ်**

  ပဗ္ဘာရ ဒသက – ကုန်းရုံမက ကော့လာချိန်၊
- **ရှစ်ဆယ့်တစ်မှ ကိုးဆယ်**

  မူဂ ဒသက – သတိမေ့လာချိန်၊
- **ကိုးဆယ့်တစ်မှ တစ်ရာအတွင်း**

  သယန ဒသက – အိပ်ရာထဲ လှဲနေရချိန်၊

အဲဒီလို မွေးစမှ အသက်တစ်ရာတမ်းအထိ မင်္ဂလာတရားတော်များကို ကွင်းဆက်မိမိ ကျင့်ဆောင်နိုင်အောင် ဖွင့်ဆို ရှင်းပြဆုံးမတော်မူခြင်းပင်လျှင် **မင်္ဂလာတရားကထာရဲ့ ထူးခြားသော လွှင်ချက်** ဖြစ်ပါပေတော့တယ်။

# လက်ဦးမင်္ဂလာသုံးပါး

## (၃)

## မင်္ဂလာ၏ ပထမခြေလှမ်းများ

* လူမိုက်တွေနဲ့ နီးနီးစပ်စပ်မနေလေနှင့်၊
* ပညာရှိတွေနဲ့လည်း ဝေးဝေးကွာကွာ မနေလေနှင့်၊
* ပူဇော်သင့်တဲ့အခါ ပူဇော်ရမှာကိုလည်း မေ့မနေလေနှင့်။

**လူမိုက်ကို ရှောင်**

မကောင်းမှုရှောင် ကောင်းမှုဆောင်တာ မင်္ဂလာလို့ ဆိုခဲ့ပါပြီ။

မကောင်းမှုကို ဘယ်အရွယ်က စရှောင်ရမှာလဲဆိုတော့ မွေးစ ဖွားစ ပေါက်စ အရွယ်ကတည်းက စရှောင်ရမှာပါ။ **အခါလည် ကျော်ကျော် ဒီအရွယ်ကလေးတွေမှာ** 'အနားရှိ ပိုးကောင်လေးများ တရွရွနဲ့ တွေ့နေရင်လည်း ကိုင်ကြည့်၊ ထိကြည့်၊ တစ်စစီ ဖျက်ဆီးကြည့် လုပ်တတ်တယ်။ သည်အရွယ်မှာ သည်လို မကောင်းမှုတွေ ရှောင်လိုက်ရင် ဒါ **မင်္ဂလာဆောင်** တာပဲ' လို့ ဆရာတော်ဘုရားကြီးက မွေးစ ပေါက်စ အရွယ်က စပြီး မင်္ဂလာကျင့်စဉ်ကို သင်ပေးပါတယ်။ ဒီအရွယ်ကလေးမှာ 'ကိုယ်မဆောင်တတ်က မိဘများက ဆောင်ပေးကြရတယ်' လို့ မှာကြားပါတယ်။

မိဘဆိုတာ လက်ဦးဆရာ၊ မိဘဆိုတာ သားသမီးတို့ အရင် ဦးဆုံး ထိတွေ့ရတဲ့ ပတ်ဝန်းကျင်၊ မိဘကိုယ်တိုင်က လူမိုက်ဖြစ်နေခဲ့ပါသော် သားသမီးတို့ ရှောင်စရာ မရှိပြီ။ ဒါ့ကြောင့် မိဘတွေ ကိုယ်တိုင်က ပညာရှိမဖြစ်သော်မှ လူမိုက်မဖြစ်စို့ အရေးကြီးလှပါတယ်။ ကိုယ့်သားသမီးကိုယ် အရိပ်တကြည့်ကြည့် ကြည့်နေရင်း

က **သုံးနှစ်မှ ငါးနှစ်အတွင်းမှာတော့** ကလေးတွေဟာ အရုပ်ကလေးတွေနဲ့ ဆော့ကစားပျော်ရွှင်နေတာ တွေ့ရပါလိမ့်မယ်။ ဒီလို အရုပ်ကလေးတွေနဲ့ ကစားတဲ့အထိကတော့ မင်္ဂလာကို မပျက်စီးစေတတ်သေးပါဘူး။

**ကိုးနှစ်မှ ဆယ်နှစ်ကျော်ကျော်အထိ** ကတော့ အရေးတကြီး စောင့်ကြည့်သင်ကြားရမယ့် အရွယ် ရောက်လာပြီလို့ ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။ ဒီအရွယ်မှာ 'လောကကြီးကို ခြေဆန့်ကြည့်တတ်ကြပြီ၊ လမ်းတွေ့သော သက်ရှိသက်မဲ့လေးများကို ခြေဆော့လက်ဆော့နဲ့ လက်တည့်စမ်းတတ်လာကြပြီ၊ နှုတ်ဆော့လေးများလည်း စကားသင် အမှားသင်မျိုး ပြင်ဆင်လာကြပြီ'

– မင်္ဂလာတရားကထာ၊ စာ–၂၁။

'မြို့မှာတော့ ကျောင်းပြေးမယ်၊ အိမ်ကမိဘတွေမသိဘဲ ပိုက်ဆံယူပြီးတော့ အပျော်အပါးထွက်မယ်နဲ့ **မှားလမ်း** စတတ်လာကြတယ်။ ရှေ့လမ်းပြကျောင်းသားကျောင်းသူပျက်ကြီးတွေနဲ့ ပေါင်းမိမှားကြတော့ အစားနဲ့ဖျက်၊ အကစားနဲ့ဖျက်၊ အပျော်အပါးနဲ့ ဖျက်စတဲ့ မဟုတ်တာ ပညာတော်သင် ထွက်ကြပြီကပဲ' (၎င်း၊စာ–၂၁)

တောမှာတော့ လေးခွတစ်ချောင်းနဲ့ တွေ့ကရာပစ်၊ အိုင်တွေ့ငါးပက်၊ ပဒတ်လိုက်လို လိုက်နဲ့ ကလေးတွေရဲ့ သင်ကြားမှုဟာ မကောင်းမှုက စတင်တတ်ကြတယ်။ တချို့ကလေးတွေ တောမီးရှို့လိုရှို့နဲ့ မသိပြစ် မောဟပြစ်တွေ တစ်လှေကြီး ပွားစည်းလာကြတယ်။ ဒီအချိန်မှာ လူကြီးတွေက **'တောမီးတစ်ဖျာရာ တစ်ကမ္ဘာ'** ဆိုတဲ့အသိမျိုး သင်ပေးနိုင်သင့်ပါတယ်။ အဓိပ္ပာယ်ကတော့ ဖျာတစ်ချပ်စာလောက်မှာ ပိုးမွှားကလေးတွေ မရေတွက်နိုင်လောက်

အောင် ရှိလို့ အဲဒီပိုးမွှားကလေးတွေ တောမီးရှို့သေကြေပျက်စီးမှု ကြောင့် ငရဲမှာ တစ်ကမ္ဘာလုံးလုံး ခံရတတ်ပုံ ညွှန်ပြနိုင်သင့်ပါ တယ်။ ဒီနည်းနဲ့ ကိုယ်ချင်းစာတရား တည်ကိန်းစေပြီး အသိဉာဏ် ကိုလည်း တစ်ပါတည်း ဖွင့်ပေးရမယ်လို့ ဆရာတော်ဘုရားကြီးက မှာကြားပါတယ်။

**၁၃ နှစ်ကျော်တာနဲ့** အပျိုလူပျိုသွေးများ စီးဆင်းစပြုလာကြ ပြီ။ ဒီမှာ ယောကျာ်းလေး မိန်းကလေး ကြိုက်သွေးပြိုင် နိုင်ရာအား စမ်းချင်လာကြပြီ။ သည်လိုအရွယ်မျိုးကျတော့ **တက်စိတ်ကို ဖျက် စိတ် လိုက်ပြီး** ထိန်းတတ်ပါမှ လူလုံးလှတတ်ကြတယ်။ ဒီနေရာ မှာ ဖျက်စိတ်ဆိုတာ တဟုန်းဟုန်းတက်နေတဲ့ စိတ်ကို အညွန့်ချိုး ပစ်ဖို့ ဆိုလိုတာမဟုတ်ပါ။ မကောင်းတဲ့ဘက်မှာ တက်နေတဲ့ စိတ် ကို ကိုယ်ချင်းစာစိတ်နဲ့ ဖျက်ဆီးဟန့်တားပေးဖို့ ဆိုလိုရင်း ဖြစ်ပါ တယ်။ ယောကျာ်းလေးကလည်း တစ်ဖက် မိန်းကလေးကို အမေ နှမ နေရာမှ ထားကြည့်ပြီး မိန်းကလေးကလည်း အစ်ကို၊ မောင်တွေ ရဲ့ နေရာမှာ ထားကြည့် ကိုယ်ချင်းစာမိရင် တစ်ယောက်နဲ့ တစ် ယောက် အပျော်ကြံတာမျိုး၊ လှည့်စားယုတ်မာတာမျိုး ကျူးလွန်မိ မှာ မဟုတ်တော့ပါ။ ဒီကိုယ်ချင်းစာစိတ်နဲ့သာ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်စေရမှာပါ။

ဒီလိုနဲ့ **၁၈ နှစ်၊ ၁၉ နှစ်ထဲ ရောက်လာကြပြီ**။ အာရုံခံစားမှု တွေကလည်း ပိုပြီး အားကောင်းလာကြပြီ။ ပျော်ချင်တဲ့ဘက်မှာ ပိုပြီး အားသန်လာကြပြီ။ ကိုယ်သရမ်း စိတ်သရမ်းသလောက် လက်တန်း၊ လက်ရပ်၊ ခြေဆုတ်၊ ခြေလှမ်းတွေက အရှိန်လွန်လာ ကြပြီ။ မကောင်းမှုမှာ လုပ်သလောက် အားကြီးတယ်၊ တောင်ကျ

ရေလိုပဲ။ ပြီးတော့ ဒီအချိန်မှာ 'အိမ်ထောင်ရေး' ဆိုတဲ့ဘက်ကိုလည်း ဦးတည်စ ပြုနေပြီ။ ဒီနေရာမှာ ဆရာတော်ဘုရားကြီးက...

'သားတို့...သမီးတို့...

လောကမှာ ထောင်သုံးထောင် ရှိလေရဲ့။

တပ်ထောင်ရယ်၊ အရပ်ထောင်ရယ်၊ အိမ်ထောင်ရယ် တဲ့။

တပ်ထောင်ဆိုတာ တပ်တွင်းမှာ စည်းကမ်းပျက် တပ်သားဆိုးတွေကို ကွာတားချတဲ့ ထောင်၊

အရပ်ထောင်ဆိုတာ အရပ်ထဲမှာ ဒုစရိုက်တွေကို ကျူးလွန်လေ့ရှိကဲ့ လူဆိုးတွေကို ထောင်ချတဲ့ နေရာ၊

တပ်ထောင် အရပ်ထောင်ဆိုတာ ဒေါသတင်းလင်း မကြိုက်ချင်း ညှဉ်းတဲ့နေရာမို့ လူတိုင်းက ကြောက်ကြတယ်။ တပ်ထောင်ကျက ရက်ပိုင်းမျှ၊ အရပ်ထောင်ကျက နှစ်၊ လ အထိမျှသာ။

အိမ်ထောင်ဆိုတာကတော့ လောဘတင်းလင်း အကြိုက်ညှဉ်းများနဲ့ အကြိုက်ပေး အညှဉ်းခံရမှာမို့ (ကြောက်ရကောင်းမှန်း မသိ) ပျော်လို့ မော်လို့တဲ့လေ။ တပ်ထောင် အရပ်ထောင်မှာ လွတ်ရက် ရှိပေမယ့် အိမ်ထောင်ကား တစ်သက်လုံး ကုန်းကျူးခံကြရမှာကွယ်' လို့ သတိပေးတော်မူပါတယ်။ (ငုံး၊ စာ-၂၅၅)

အိမ်ထောင်ကျပြီဆိုတာနဲ့ မိဘအရိပ်က ခွဲထွက်ခဲ့ရပြီး **ကြီးပွားရေး** ဆိုတဲ့ အတွေး စတင်ဝင်ရောက်လာခဲ့ပါပြီ။

'ကိုယ့်ဘာ၊ ကိုယ့်ဝမ်းစာ ကိုယ်ကိုယ်တိုင် ကြက်များကဲ့သို့ အိပ်တန်းဆင်းမှ အိပ်တန်းတက်အထိ အစာကောက်ယူကြရတော့မယ့် သည်အချိန်မျိုးမှာတော့ဖြင့် အတိမ်းအစောင်းခံလို့ မရတော့

ဘူးကွဲ့။ လူမှုရေးနဲ့ဖြစ်စေ၊ အိမ်ထောင်ရေးနဲ့ဖြစ်စေ၊ စီးပွားရေးနဲ့ ဖြစ်စေ **တစ်ချက်မှားလျှင် တစ်သက်လုံး ဒုက္ခများတတ်တယ်။**

ကောင်းသတင်း ဆယ်မျိုးကို မကောင်းသတင်း တစ်မျိုးတည်း နဲ့ ပယ်ဖျက်လို့ ရသော်လည်းပဲ မကောင်းသတင်း အစွန်းအထင်း လေး တစ်ခုကျတော့ ကောင်းသတင်း ဆယ်မျိုးနဲ့လည်း မဖုံးနိုင်ဘူး။ သည့်ထက်များနဲ့လည်း မဖိနိုင်ဘူး။ ဘာ့ကြောင့်ဆို ထိုမကောင်းမှု ပြုကျင့်ရာ ကျတော့ မကောင်းစေတနာက ပြင်းထန်အား အလွန် ကောင်းပြီး ဟက်ဟက်ပက်ပက် ရက်ရက်ရောရောကြီးနဲ့ နှစ်နှစ် ကာကာကြီး ပြုတတ်ကြလို့ပဲ။ တစ်ဖက်က မာန မကင်းနိုင်သေးတဲ့ ပတ်ဝန်းကျင်ကလည်းပဲ တစ်ဖက်သား မကောင်းသတင်းမျိုးကိုမှ ရွေးပြီး ကြားလိုကြတယ်။ မိမိထက် ကောင်းပါပေသည်၊ သာပါပေ သည် ဆိုတာမျိုးကျတော့ နှုတ်တွန့်နေတတ်ကြပြန်တယ်။

သည်လို ကိုယ့်ဘက်ကလည်း သန်၊ ပတ်ဝန်းကျင်ဘက်က လည်း လက်လှန်လို့ မကောင်းတစ်ခု ပြုမိပြီဆိုလျှင် အတော်နဲ့ နာ လန် မထူနိုင်တော့ဘူး။ သည်အခါ ပတ်ဝန်းကျင်ရဲ့ အဆက်အဆံ တွေက အယုံအကြည် နည်းပါးလာကြပြီ။ သည်တော့ စီးပွားရှာရ လည်း ခက်၊ ရတက်လည်း မအေး၊ အိမ်တွင်းရေးလည်း အခြေမလှ သောကရောက်ဖြစ်တတ်ကြတယ်။ ဒါတွေဟာ **လူမိုက်ကို အမှီပြု ပြီး ရတတ်တဲ့ ဆိုးကျိုးမျိုးတွေပဲ။** (ဋ္ဌင်း၊ စာ-၂၆)

လူငယ်ကျောင်းသားဘဝက ပျော်ရပြီးရော လူမရွေး ပေါင်းမိ မှားခဲ့ပေမယ့် **အိမ်ထောင်ကျပြီဆိုတာနဲ့** စီးပွားရေးနဲ့ **ကြီးပွားရာ အောင်မြင်ကြောင်း** လုပ်ဆောင်တဲ့အခါ လူမရွေး ပေါင်းလို့ မဖြစ် တော့၊ အထူးသဖြင့် **လူမိုက်** နဲ့ ပေါင်းလို့ မဖြစ်တော့။ **လူမိုက် ဆို**

**တာ** မကောင်းကြံ၊ မကောင်းပြော၊ မကောင်းကျင့်တွေသာ လုပ်တတ်လို့ အဟိတ်တိရစ္ဆာန်နဲ့ တူတယ်လို့ ဆိုပါတယ်။ လက္ခဏာမျိုးက မှောင်မှောင် စုံလုံးကန်း လမ်းလျှောက်သလို မိုက်လည်း မိုက်၊ ကန်းလည်း ကန်းသမို့ အဖြူတစ်စက်မျှ မမြင်၊ အမိုက်ပြင်ပြင်မှာ တိုက်မိခိုက်မိတော့မယ်လို့ ရည်ညွှန်းထားပါတယ်။ ဒီလို **လူမိုက်ထက်ပိုပြီး ကြောက်စရာကောင်းတာကတော့ လူယုတ်မာ။**

- **တစ်ဖက်သား ချောက်တွန်းပြီး မိမိကောင်းစားရေး အလေးပေးသူ တစ်ယောက်၊**
- **ရလျှင်တစ်မျိုး မရလျှင်တစ်မျိုး ဆက်ဆံတတ်လေသူ တစ်ယောက်၊**
- **အလိုက်သင့်ပေါင်းပြီး အတွင်းကျိတ် မကောင်းကြံလေသူ တစ်ယောက်။**

ဒါဟာ လူယုတ်မာရဲ့ လက္ခဏာ၊ သူခိုးဓားပြစတဲ့ ဒုစရိုက်သမားထက် ကြောက်စရာကောင်းလို့ 'သည်သုံးယောက်ကို မပေါင်းလေနဲ့၊ နီးသော်မှ မစပ်ယှက်လေနဲ့'လို့ ဆရာတော်ဘုရားကြီးက တပ်အပ်သေချာ မှာတော်မူပါတယ်။ (၄င်း၊စာ-၂၇)

## ပညာရှိကို မှီဝဲဆည်းကပ်

ကဲ...အိမ်ထောင်ရက်သားကျလို့ လူမိုက်မမှီဝဲတာကတော့ ဖြင့် ဟုတ်ပြီ။ ထိုလူမိုက် မမှီဝဲရုံနဲ့ သားတို့ သမီးတို့ **စီးပွားမဖြစ်သေးဘူး။** လူမိုက် မမှီဝဲတာက ဆိုးလမ်းရှောင်တာပဲ ရှိသေးတယ်။ ဆိုးလမ်း ရှောင်ပြီး ကောင်းလမ်းကိုလည်းပဲ ထပ်မံရွေးချယ်ရဦးမယ်။

- **သူတစ်ထူးကျေးဇူးကို အထူးသိတတ်လေသူတစ်ယောက်**
- **ဆရာကောင်းကို ကောင်းကောင်းမှီဝဲတတ်သူတစ်ယောက်**
- **မိမိမိတ်ဆွေဒုက္ခရောက်လျှင် မနေးကူညီတတ်သူတစ်ယောက်**

သည်သုံးယောက်ကိုတော့ဖြင့် **ပေါင်းဖြစ်အောင် ပေါင်း**၊ လက်လွတ်မသွားကြစေနဲ့။

သူ့မှာ ကိုယ်နှင့်တန်းတူထားတဲ့ ကိုယ်ချင်းစာစိတ်လည်း အပြည့်ရှိတယ်။ တစ်ဖက်၏ ကြီးပွားရေးကိုလည်း အလေးပေး ဆောင်ရွက်တတ်တယ်။ တစ်ဖက် နိမ့်ပါးနေလျှင် ထောက်ပံ့ဖို့ လည်း လက်မနေးတတ်ဘူး။ နှုတ်ထွက်ကြမ်းတမ်းခြင်းလည်း မရှိ တတ်ဘူး။ ရှိသော်မှ ပျက်စီးစေလိုတဲ့ စေတနာ မပါဘူး။ ကတိ ပျက် ကွက်တယ်ရယ်လို့လည်း မရှိဘူး။ သည်ပုဂ္ဂိုလ်မျိုးတွေကျတော့ သားတို့ သမီးတို့ရဲ့ **မိဘကဲ့သို့** သဘောထားဆက်ဆံတတ်ရမယ်။ မိဘဆိုတာ သားသမီးအပေါ်မှာ သူတို့ရှိသမျှ စေတနာတွေ အကုန် ပုံထားပြီး သား သမီး ကောင်းစားရေးကိုသာ အမြဲ တွေးနေတတ် တယ်။ **သူတော်ကောင်းမိတ်ဆွေ** ကလည်းပဲ ထိုမိဘသဘောသွား မျိုးပဲ ယူဆပါ။ ကောင်းစားရေးကိုသာ အရေးပေးတယ်။ သူ့မှာ သားတို့ထက် လက်ဦးဘဝကို ရင်ဆိုင်ခဲ့ပြီးဖြစ်လို့ အရာရာ ချွဲခြမ်း စိတ်ဖြာနိုင်တဲ့ **ဉာဏ်ပညာ** သားတို့ထက် သာတယ်။ **အတွေ့အကြုံ** လည်း သာတယ်။ **ရင့်ကျက်ပုံ** လည်း သာတယ်။ ဘာမဆို အစစ သားတို့ထက် သာလွန်ပြီးသားပေကပဲ။

သားက အရောင်းအဝယ်နဲ့ စီးပွားရေးလုပ်တော့မယ်ဆို ကိုယ် ကိုင်တွယ်မယ့် စီးပွားရဲ့ ထွက်ရှိရာဒေသဇာစ်မြစ်၊ ရတတ်ရာ ပေါ် ထွက်ရာ အချိန်မျိုး စသည့်ပညာရပ်တွေကို ထိုသူ့ထံမှ ဆည်းပူး၊

လေ့လာရမယ်။ လယ်ယာဆိုလယ်ယာ၊ အုပ်ချုပ်ရေးဆို အုပ်ချုပ်ရေး သည်တိုင်းချည်းပဲ။ သွားနေကျသူ သွားဖူးသူရဲ့ လမ်းညွှန်မှုဟာ **စာအုပ်ထဲကထက် သာတယ်၊** မှားလမ်းမရှိကိန်းသေပဲ။ သည်လို **ကိုယ်တွေ့ပညာရှိ** ရဲ့စကား နှာခံမှတ်သားပြီး မိမိရဲ့ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားများနဲ့ ပေါင်းစပ်ကာ အသုံးချတတ်မယ်ဆိုရင် **မတိုးတက် မကြီးပွားစရာအကြောင်းမရှိတော့ဘူး။** တိုးတက်ရေးလမ်းကြောင်းဟာ မိတ်ကောင်းပေါ်မှာသာ တည်နေတယ်လို့ တစ်ထစ်ချ မှတ်လေ သားတို့ သမီးတို့...။ (ဋင်း၊ စာ-၂၈၊၂၉)

**ပူဇော်သင့်သောအခါ ပူဇော်ပါ**

ပညာရှိရဲ့ ကျေးဇူးကြောင့် ဖြစ်ထွန်းလာတဲ့ စီးပွားနဲ့ ထိုပညာကို မဝေခြမ်း၊ မပေးကမ်းဘူးဆိုလျှင် သူ့ကျေးဇူးသိရာ ရောက်ပါ့မလား။ ကြီးပွားတိုးတက်လာလျှင် သူ့ပညာကို ကိုင်တွယ်၊ အသုံးချလို့ ရလာတဲ့ပစ္စည်း ဖြစ်နေတော့ သူနဲ့လည်း ဆိုင်နေတယ်ဆိုတာ သတိဝင်ရမယ်။ သူနဲ့ဆိုင်လျှင် ကျေးဇူးဆပ်အသွင်ဖြင့် တုံ့ပြန်မယ်ဆိုက သူ မမျှော်လင့်ဘဲ ရတဲ့ စေတနာပစ္စည်းသန့်လေးတွေ ဖြစ်နေလို့ ခမျာ ဘယ်လောက်များ ဝမ်းသာရှာလေမလဲပဲ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စေတနာကောင်းနဲ့ ပေးတဲ့ပစ္စည်း လူတိုင်းမြတ်နိုးတတ်ကြတာချည်းပဲကွဲ့။

မိဘများမှာ သားတို့ သမီးတို့ကို မွေးကတည်းက ပညာစုံသင်ပေးရသည်အထိ ကုန်ကျခဲ့ရတဲ့ ပစ္စည်းတန်ဖိုး၊ ငွေပမာဏတို့ကို မမြင်တတ်ကြဘူး။ အဲ...သားတို့သမီးတို့က ကျေးဇူးသိလို့ ပြန်လည် ပေးဆပ်တဲ့ လက်ဖက်လေးတစ်ထုပ်ကျတော့ ပြောလို့ကိုမဆုံး

တော့ဘူးကွဲ့။ အဝတ်ကလေးများဖြစ်လျှင်တော့ လက်က မချ။ အိပ်တာတောင် ဘေးနားယှဉ်ပြီး အိပ်တတ်ကြလေရဲ့။ စေတနာရဲ့ တုံ့ပြန်မှုဟာ ငွေ ငွေချင်း၊ လူ လူချင်း တုံ့ပြန်မှုထက် အစွမ်းပိုထက်တယ်။ သို့ကြောင့် သူ့ထံမှ ရသောပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုခွင့်ရလျှင် ပညာရှင်ကိုလည်း ဝေငှပါမှ ကွင်းဆက်မိတယ်။ ဒါ **အပြစ်ကင်းပြီး ကောင်းခြင်းကို ဖြစ်စေတဲ့ မင်္ဂလာ** ပေပဲ။

* အကြင်သူ့ထံမှ သိသင့်သိထိုက်တဲ့ ပညာကို သိခဲ့ရပြီ။
* ထိုသူ့အား ကျေးဇူးတရား တုံ့ပြန်မှု ပြုရချေ၏။

ပုဏ္ဏားသည် မီးကိုမှီ၍ အစာကျက်စေခြင်း၊ အလင်းရခြင်းများ ဖြစ်သဖြင့် ထိုမီးကို ပုဏ္ဏားတို့ ပူဇော်ဘိသို့ ပူဇော်ရမည်ဟူ၍ ဘုရားရှင် ဟောတော်မူခဲ့တယ် သားတို့ သမီးတို့။ ကဲ...

**'မကောင်းသူရှောင် ကောင်းသူဆောင်ပြီး**

**ကြီးပွားရေး လမ်းစနင်း ပူဇော်ခြင်းကိုပြု'** ဆိုတဲ့ **ပထမအဆင့်ရှေ့ပြေးမင်္ဂလာ** တော့ဆောင်လို့အောင်ကြပြီပေါ့။ ဒီလက်ဦးမင်္ဂလာသုံးပါးဟာ ဘဝရဲ့ခြေလှမ်းအစဖြစ်လို့ ဘဝမင်္ဂလာဆောင်လို့ မှတ်ကြပါလို့ ဆရာတော်ဘုရားကြီးက မှာတော်မူကြောင်းပါဗျာ။ (ၚင်း၊ စာ-၃၀၅)

## မင်္ဂလာ၏ ဒုတိယခြေလှမ်းများ

* မိမိနှင့် သင့်တင့်လျောက်ပတ်သည့် နေရာအရပ်ကိုလည်း ရွေးချယ်၍ နေထိုင်ပါစေ၊
* ရှေးဘုန်း ရှေးကံဖြစ်တဲ့ ကံကြွင်းကံစများကလည်း ပါရှိလေဦးမှ၊
* ကိုယ့်ကိုယ်ကိုလည်း ကောင်းစွာထား၍ နေထိုင်ပါစေဦး၊

ဒီသုံးပါးဟာလည်း မြတ်သော မင်္ဂလာပေပဲတဲ့။

**ဘဝနှင့်အရပ် အပ်စပ်မှုရှိပါစေ**

သားတို့ သမီးတို့…

* မိမိလုပ်ကွက်နှင့် အံဝင်ခွင်ကျဖြစ်မည့်နေရာ တစ်နေရာ၊
* ရှာအင်္ဂါ ရပ်အင်္ဂါများနှင့် ညီညွတ်မည့် နေရာ တစ်နေရာ၊
* မိမိ၏ဓလေ့ထုံးစံများနှင့် ကိုက်ညီမည့် နေရာတစ်နေရာ၊
* မိတ်ကောင်းများ ပေါများမည့် နေရာတစ်နေရာ…

သည်နေရာမျိုးများ တွေ့လျှင် **လက်မလွှတ်ကြစေနဲ့တော့၊** ဒါ နေအပ်တဲ့အရပ်ပဲ။ ကိုယ်က ဝါသနာလည်း ပါမယ်၊ ဝါသနာပါသလောက် အကျိုးပေး ကောင်းမယ်၊ ပညာလည်း ဖြစ်ဦးမယ်။ သည်ပညာမျိုး ဆရာပညာရှိထံမှ သင်ယူခဲ့ပြီး လက်တွေ့လုပ်တော့မယ်ဆို မိမိလုပ်ကွက်နဲ့ ကိုက်မယ့်နေရာမျိုး ဖြစ်ဦးမှ အကျိုးပေး သန်တာရယ်။ ကားပညာ တတ်ကျွမ်းထားလျှင် ကားပေါတဲ့ နေရာမျိုး၊ နွားပညာ တတ်ထားလျှင် ကားပေါတဲ့နေရာ မသင့်တော်၊ သို့ပေမယ့်ဆိုစရာက ကျန်သေး၊ ဝါသနာက ဂီတပညာ၊ အကျိုးပေးမှာက အရောင်းအဝယ် ဖြစ်ခဲ့လျှင် ဝါသနာထက် အကျိုးပေးကို ရွေးရမယ်။

လုပ်ကွက်အဲဝင်နေရင် ရပ်ရွာအင်္ဂါနဲ့ ညီမညီ စစ်ဆေးရဦးမယ်။ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နဲ့ ချိန်ထိုးကြည့်ရမယ်။ စည်းကမ်းပျက် မင်းမဲ့စရိုက်၊ ဆေးခန်း ဆေးဆရာ မရှိဆိုတဲ့ အရပ်မျိုးဟာ ရွာအင်္ဂါ ရပ်အင်္ဂါနဲ့ မညီညွတ်လို့ **လုပ်ကွက်ကောင်းသော်မှ မနေသင့်** လို့ ညွှန်ပြပါတယ်။ (၄င်း၊ စာ-၃၆)

စီးပွားဖြစ်၊ ရပ်ရွာအင်္ဂါနဲ့ ညီပါသော်လည်း မိမိတို့ကိုးကွယ်ရာ ဘာသာဓလေ့ထုံးစံကောင်း မရှိပြန်လျှင် မနေအပ်။ သေလို့မှ သရဏဂုံတင်ပေးမယ့်သူ မရှိသော နေရာမျိုး မနေအပ်။

အဲဒီနောက် မိတ်ဆွေကောင်းတွေ အထူးလိုအပ်ပြန်တယ်။ ကိုယ်ချင်းစာတတ်ရုံမျှမက အကျိုးအပြစ် ခွဲခြားဆင်ခြင် ညွှန်ပြနိုင်တဲ့ မိတ်ဆွေကောင်းများ ရလိုက်ရင် အညွှန့်တလူလူ အရွက်တဖားဖား ကြီးပွားစည်ပင် ရှင်သန်စေမယ်လို့ ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။ (၄င်း၊ စာ-၃၇)

ဒီလို ဘဝနဲ့ အရပ် အပ်စပ်ပါလျှင် မင်္ဂလာတစ်ပါး တိုးပွားတယ်လို့ ဆိုပါတယ်။

**ရှေးက ကောင်းမှုပြုဖူးတဲ့နေရာ**

သားတို့ သမီးတို့...

* လုပ်ကွက်မှန်သလောက် ဟန်ချက်လည်း ကျမည်
* အားပေးမယ့်သူတွေလည်း ဝိုင်းဝိုင်းလည်နေမည်
* အေးချမ်းသာယာစွာနဲ့လည်း အသက်မွေးဝမ်းကျောင်း ပြုနိုင်သည်၊

ဒီလို နေရာမျိုးကျတော့ ကြမ်းပိုး သွေးစုပ်၊ ကျား ကုပ်ပိုးဆွဲ၊ ခွေးနာခဲ ခဲသလို မလွှတ်လေနဲ့တော့။

ပျော်သည့် ဖြစ်စေ၊ ပျင်းသည်ဖြစ်စေ ကိုယ်လိုရာ ပန်းတိုင် မရောက်မချင်း တင်းတင်းသာ လုပ်ပေရော့။

နေရာဟာ လုပ်ကွက် ဘယ်လောက် သာနေပါစေ၊ **ကိုယ် ကောင်းမှုပြုခဲ့ဖူးတဲ့ နေရာဆိုမှ** ကိုယ့်အတွက် အကျိုးဖြစ်ထွန်းတတ်တာမျိုး၊ ဈေးထဲမှာ ကြည့် သိနိုင်ပါတယ်။ ကုန်ပစ္စည်းတူ အမျိုးတူ အရည်တူ ဈေးတူပေမယ့် တချို့ဆိုင်တွေမှာ ကြိတ်ကြိတ်တိုးလို့၊ တချို့ဆိုင်တွေမှာ ခြောက်ကပ်ကပ်ဖြစ်နေတာဟာ နေရာကောင်းပေမယ့် ရှေးဟောင်းကုသိုလ်ထုပ် မြှုပ်နှံထားတဲ့ နေရာမှန် မဟုတ်လို့ပဲ။

သည်နေရာမှာ ဗဟုသုတ မှတ်သားစရာလေးတစ်ခုကတော့ **မိမိရောက်နေတဲ့ နေရာ အရပ်မှာ မျက်စိမလည်ဘူးဆိုလျှင် ရှေးက နေခဲ့ဖူးတဲ့နေရာ၊** အဲဒီနေရာ ရောက်တာနဲ့ အဲဒီက ဒေသခံတို့က သိဖူး ကျွမ်းဖူးတဲ့ မိတ်ဟောင်းနဲ့ ပြန်လည်ဆုံတွေ့ရသလိုဆက်ဆံရလျှင် အဲဒါ မိမိ **ဒါနမျိုးစေ့ချခဲ့ဖူးတဲ့ နေရာမှန်ပဲ။**

ကိုယ်ပြောသလိုဖြစ် ကိုယ်လုပ်သလို ရတယ်ဆိုတာ ရှေးက ဒါနပြုစဉ်တုန်းက မိမိဒါနရိပ် မှီခိုပြီး မိမိလှူခဲ့တန်းခဲ့ (နောက်နောင် အကျိုးခံစားခွင့်ရရန် စေတနာလက်တန်းခဲ့သည်ကို **တန်းခဲ့** လို့ ဆိုရတယ်) တစ်ဖန်လှူဒါန်းခဲ့ (ရှေးရှေးဒါန မျိုးစေ့ချသည်ကို **ဒါန်းခဲ့** လို့ ဆိုတယ်) စဉ်က စားသောက်သုံးဆောင်ဖူးကြတဲ့ ပရိသတ် ဖြစ်မှကွဲ့။ အဲဒီပရိသတ်မျိုးမှာ ဘာလုပ်လုပ် သားတို့ကိုသာ အားပေးကြမှာ၊ ဘာပြောပြော သားတို့သဘောအတိုင်းသာ ထောက်ခံကြရမှာ၊

သို့ကြောင့် **ဒါနပြုတယ်ဆိုတာ သူ့အတွက် လက်ရှိကောင်းစားစေပြီး ကိုယ့်အတွက် နောင်ဖွံ့ဖြိုးစေမယ့် အကျင့်ကောင်းတစ်မျိုးဖြစ်ပြီး 'မင်္ဂလာ'ထဲ ထည့်ကြရတယ်။**

သည်နေရာမျိုး သည်အခါမျိုးဆိုက်လျှင် သားတို့ သမီးတို့မှာ တင့်တယ်တဲ့ လက္ခဏာတွေ ကိုယ်မှာစိတ်မှာ ပြနေတတ်ပြီး အလိုလို ဘုန်းကျက်သရေတိုးတော့တယ်။ **လက်ရှိကံ** (လုပ်ဆောင်ချက်) နဲ့ **ရှေးကံတို့ ဆက်မိသွားတာ** ဆိုရမယ်။ (၄င်း၊ စာ-၃၈)

ဒါ့ကြောင့် ရှေးက ဒါနပြုခဲ့ဖူးတဲ့ နေရာမျိုးကို ရွေးချယ်တာဟာ မင်္ဂလာခြေတစ်လှမ်းဖြစ်တယ်လို့ ဆိုရပါတယ်။

## မိမိကိုယ်ကို တည်ဆောက်ခြင်း (ဝ)

## ကိုယ့်ကိုယ်ကို ကောင်းမွန်စွာထား၍ နေစေခြင်း

အောင်မြင်ကြီးပွားဖို့အတွက် နေရာမှန်ခြင်း၊ ကံပေါ်ခြင်း စတဲ့ အခြေအနေကောင်းများနှင့် ပြည့်စုံလာပါလျှင် အဓိက အရေးကြီးတာကတော့ **ကိုယ့်စိတ်ကိုယ် အမွန်အမြတ် ထားပြီး ကိုယ့်အားကိုယ်ကိုးတတ်ဖို့** ဖြစ်ပါတယ်။

* ကိုယ့်သတ္တိကို ယုံကြည်စိတ်ချခြင်းဖြင့်
  စိတ်ကောင်း မွေးမြူပါ။
* ကိုယ့်အားကိုယ်ကိုးခြင်းဖြင့်လည်း
  စိတ်ကောင်းတည်ဆောက်ပါ။
* တစ်ဖက်သားယဉ်ကျေးချောင်စွာ ဆက်ဆံခြင်းဖြင့်လည်း
  စိတ်ကောင်း ထားရှိပါ။

သည်သုံးချက်နှင့် ပြည့်စုံလျှင် **လူဖြစ်ရကျိုးနပ်ပြီ** လို့ ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။ ဒီနည်းနဲ့ **လက်ရှိကံ** ကို ကောင်းအောင် လုပ်လျှင် **ရှေးကံ မပါသော်မှ လဲကျရန် အကြောင်းမပေါ်၊** ဒေသမကောင်း အပေါင်းမလှသော်မှ တိမ်းပါးချွတ်ချော်ခြင်း မရှိတတ်၊ **သည်မင်္ဂလာနဲ့သာ ပြည့်စုံမယ်ဆိုလျှင် အခြားမင်္ဂလာတွေပါ ဆုတ်ယုတ်စရာအကြောင်းမရှိ၊** သို့ကြောင့် သည်မင်္ဂလာကိုတော့ **ဝဏ်ထူးဆောင် မင်္ဂလာ** လို့ ဆိုရမယ်၊ အမြတ်တနိုး မွေးမြူသိမ်းဆည်းထားကြရမယ်။

လောကမှာ စိတ်သည်သာ အမြတ်ဆုံး ရတနာ၊ သူမပါ ဘာမှ မပြီး သူဆောင်မှ အောင်တာချည်း။

ကိုယ်က စိတ်ကောင်း စေတနာကောင်းနဲ့ ပြုမူပြောဆိုမယ် ဆိုရင် တစ်ဖက်လူကို ကိုယ့်စေတနာက အလိုလို လွှမ်းမိုးပြီး ဖြစ်နေပါပြီ။ ဒီလို စေတနာကောင်း ထားနိုင်မှသာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု ဖြစ်ပေါ်လာမယ်။ ကိုယ့်ကိုယ်ကိုမှ မယုံကြည်ရင် အများကလည်း ယုံကြည်လိမ့်မယ် မဟုတ်။ **အလုပ်မလုပ်ခင်က တစ်ဝက်ရှုံးနေပြီ** လို့ ဆရာတော်ဘုရားကြီးက မှာကြားပါတယ်။ (၎င်း၊ စာ-၄၀ ရှု)

စိတ်အားသတ္တိ ထက်မြက်စေဖို့ အလုပ်တစ်ခု မစခင်ကတည်းက ကြိုတင်ရှုမြင် ပြင်ဆင်ထားအပ်ပါတယ်။ အလုပ်ရဲ့ အကောင်းနဲ့ အဆိုးမှာ အဆိုးပေါ်လာရင် ခံနိုင်ရည် ရှိမယ်။ အဆိုးကို မျှော်လင့်ပြီးသားဖြစ်လို့ 'အရင်းမရှုံး' ဘူးလို့ ဆိုရမယ်၊ အကောင်းနှင့်ကြုံလာပါလျှင်ကား မြတ်လည်းမြတ် စိတ်သတ္တိလည်း ပိုတောက်ပလာမယ်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ် ထက်မြက်လာသလောက် လုပ်

ငန်းခွင်မှာလည်း ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲစေရမယ်။ မိမိရဲ့ လုပ်ဖော်ကိုင်ဘက် လက်အောက်ငယ်သားတို့ရဲ့ 'အတ္တနဲ့ လောဘ' ကို အခွင့်ကောင်းမယူအောင် ကြိုတင်ကာကွယ်နိုင်ရမယ်လို့ဆိုပါတယ်။ (ငှင်း၊စာ-၄၁ရှု)

အရောင်းအဝယ်လုပ်လျှင် ဝယ်လာသူ ရောင်းလာသူဟာ မိမိတို့ရဲ့ **လက်ပွားထမင်းရှင်၊** မိမိရဲ့ အလုပ်သမားတွေကတော့ **လက်ရင်းထမင်းရှင်** တွေဖြစ်ပါတယ်။ ဒါကြောင့် အလုပ်သမားတွေ အပေါ် ကိုယ်နဲ့ တစ်တန်းတည်းထားပြီး ချေချေငံငံ ဆက်ဆံတတ်ရပါမယ်။

မိမိကိုယ်ကို တည်ဆောက်ခြင်းနဲ့ ပတ်သက်ပြီး ဆရာတော်ဘုရားကြီးက အဲဒီလောက်အထိ ရေရေလည်လည် မှာကြားတော်မူပါတယ်။ စိတ်ကို ဒီလိုဒီလောက် မွန်မြတ်အောင် တည်ဆောက်နိုင်ရင် စီးပွားရေး၊ကြီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အရေးအရာမှန်သမျှ ဖွံ့လုံ့ပြည့်ဝလာမှာ မုချပါပဲ။ ဒါကြောင့် **ကိုယ့်ကိုယ်ကို ကောင်းမွန်စွာထား၍ နေစေခြင်းဟာ ဂုဏ်ထူးဆောင် မင်္ဂလာခြေတစ်လှမ်း** အဖြစ် မှတ်သားနာလည်ကြရပါမယ်။

## မင်္ဂလာ၏ တတိယခြောက်လုပ်မ်းများ

* အကြားအမြင် ဗဟုသုတများနှင့်လည်း ပြည့်စုံစေ

* လက်မှုပညာ (အတတ်ပညာ) လည်း တတ်ကျွမ်းစေ

* ကိုယ်ကျင့်သိက္ခာလည်း ပြောင့်မှန်စေ

* ကောင်းသောစကားကို ချောမောပြေပြစ်

ချစ်မွှယ်ဖြစ်အောင် ပြောဆိုသော။

ဒီအရည်အချင်းတွေနဲ့သာ ပြည့်စုံမယ်ဆိုရင် မြတ်သောမင်္ဂလာ၊
ဆုတ်ယုတ်စရာမရှိတို့ တက်ဖို့သာရှိလို့ မြတ်သောမင်္ဂလာ၊
အရှုံ ပေါ်စရာမရှိ အမြတ်ထွက်ဖို့သာရှိလို့ မြတ်သောမင်္ဂလာ၊

## အကြားအမြင် ဗဟုသုတများနှင့် ပြည့်စုံပါစေ (ဂ)

**မျက်စိနှင့် နား အမြဲတမ်းဖွင့်ထားပါ**

အောင်မြင်ကြီးပွား မင်္ဂလာရှိသော ခြေလှမ်းများနဲ့ ဘဝကို ပျိုးထောင်လာလိုက်တာ အသက်သုံးဆယ်ဂန်းကျင်သို့ပင် ရောက်ခဲ့ပါပေါ့။ ဒီအရွယ်မှာ...

၁။ တိုင်းပြည်အကြောင်း ကောင်းကောင်းသိနေစေရမည်၊

၂။ စီးပွားရေးအကြောင်း ကောင်းကောင်း ရိပ်မိနေစေရမည်၊

၃။ လူမှုရေးအကြောင်း ကောင်းကောင်းနားလည်နေစေရမည်။

သည်သုံးချက်တို့ ကျွမ်းကျင်နေလျှင် ဘယ်နေရာနေနေ၊ ဘယ်ပြည်မှာရောက်ရောက် **'လူတော်'** ပဲကွဲ့လို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ထောမနာပြုပါတယ်။ (ဇင်း၊ စာ-၄၉ ရှု)

ကိုယ့်တိုင်း ကိုယ့်ပြည်အကြောင်း စာသင်ခန်းတွေကလည်း သင်ပေးလိုက်ပြီးပြီ။ လူကြီးသူမတို့ စကားအားဖြင့်လည်း မှတ်သားနားယဉ်နေခဲ့ပြီ။ မျက်မှောက်ခေတ် စာနယ်ဇင်း၊ စာအုပ်စာပေနဲ့

သတင်းအချက်အလက်များ ပေးဝေရာ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ တစ်ဆင့်လည်း ကိုယ့်တိုင်းပြည်အကြောင်း ကောင်းကောင်းကြီး သိစေလျက်ရှိပြီ။ ဒီလို သိမှသာလျှင် ကျွမ်းကျင်ရာ လိမ္မာ ကိုယ့်တာဝန် ကိုယ့်အလုပ်ကို ပီပြင်အောင် ထမ်းဆောင်နိုင်ပေလိမ့်မယ်။

စီးပွားရေးမှာလည်း ကျီး အစာစားသကဲ့သို့ ကျင့်ရမယ်။ ဆိုလိုသည်မှာ အစာလည်း စား၊ သူများ ဘာလုပ်နေသလဲဆိုတာလည်း အမြဲအကဲခတ်နေရမယ်။ ဒါမှ ကိုယ့်စီးပွားရေးလုပ်ငန်းကို အမြဲ ဆန်းစစ်သုံးသပ်ပေးရာ ရောက်သလို နှပျိုလန်းဆန်းအောင် မြှင့်တင်ပေးရာ ရောက်တယ်။ စီးပွားရေး ကြီးပွားရေးမှာ ‘သုတေသန’ မပါလို့ မပြီးဘူး။

လူမှုရေးမှာတော့ မိမိစီးပွားနဲ့ လူအများရဲ့ ဓလေ့ထုံးစဉ်လာတွေ အဟပ်ကွာမနေအောင် စွမ်းဆောင်နိုင်ရမယ်။ ‘လူမှု စီးပွား’ တစ်သားတည်းကျလေ အောင်မြင်လေ။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အဲဒီလောက်ထိ ထွင်းဖောက် မှာကြား မင်္ဂလာစွမ်းအားတွေနဲ့ ပြည့်စုံစေခဲ့ပြန်ပါတယ်။ (၄င်း၊ စာ-၄၉ ရှု)

## လက်မှုပညာသည် ဝမ်းစာရေးရဲ့ ခြေလက်အင်္ဂါများ

အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါရ ဆိုသလိုပဲ

စာပေဗဟုသုတများအပြင် အသုံးချပညာ တစ်ခုခုတော့ တတ်ထားရပါလိမ့်မယ်။ ဒီပညာနဲ့…

သေးသေးကြီးကြီး အပြစ်ကင်းတဲ့အလုပ်မျိုးဆိုရင် လက်ရာမြောက်အောင် လုပ်ပြပါ။

* ကိုယ်ကျင့်မပျက်တဲ့အလုပ်ဆိုရင် မရှက်မကြောက် လုပ်ပါ။
* ကိုယ် တတ်ထားတဲ့ ပညာကို မလေးမစား မလုပ်ပါနဲ့။

ဒီသုံးချက်မျှ လိုက်နာနိုင်လျှင် လိုချင်တဲ့ ကြီးပွားအောင်မြင်မှု ပြေးမလွတ်တော့ဘူးလို့ ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူပါတယ်။ (၄င်း၊ စာ-၅၀)

## ကိုယ်ကျင့်သိက္ခာ ဖြောင့်မှန်ပါစေ

သုံးဆယ်ဝန်းကျင်အရွယ်ဆိုတာ 'ဝဏ္ဏဒသက' အခင်း အလှဆုံး အရွယ်။

အသက် နှစ်ဆယ်ဝန်းကျင်တုန်းက သွက်လက်ဖျတ်လတ်မှုကြောင့် လှသောအလှက ကလက်သောအလှ၊

သုံးဆယ်ကျတော့ ဣန္ဒြေရရတည်ငြိမ်လှပတဲ့အလှ၊ သွေးအားငြိမ်တဲ့ အလှ၊

ဒီအရွယ်နဲ့ ဒီအလှမျိုး ကြွယ်နေချိန်မှာ ကိုယ်ကျင့် မကောင်းစောင်းဖို့သာ ပြင်၊ ကိုယ်ကျင့်ကောင်း စောင်းဖို့ မမြင်၊

ဆရာတော်ဘုရားကြီးက ဒီလိုအကြောင်းပြ သတိပေးတော်မူပါတယ်။

* အဆန်းမကုန်သော လောက လိုက်သလောက် မကုန် စုံပြုံနေတတ်သည်၊
* အဆန်းရှေးနေလျှင် ရှေးသလောက် အပေးခံရတတ်သည်၊
* အဆန်းနောက်လျှင် ဖောက်ပြန်ပျက်စီး ခရီးလမ်းလည်း ချော်တတ်သည်၊

- မင်္ဂလာတရားကထာ၊ စာ-၅၀။

အဆန်းဆိုတာ တဏှာရဲ့လက်ချက်၊ ရမ္မက်က အဆန်းထင်နေတာ။

**သွေးဆူလို့ဖြစ်တဲ့အဆန်း၊ သွေးစန်းလျှင် နွမ်းတတ်တယ်။**

အစွဲကြီးလို့ ဖြစ်တဲ့အဆန်း၊ အစွဲပြေလျှင် ခွေသွားတတ်တယ်။

ရမ္မက်မွှန်လို့ ကျွံသွားတဲ့အဆန်းဟာလည်း ရမ္မက်ပြယ်လျှင် ပျက်ပြယ်သွားတတ်တယ်။

မေတ္တာနွယ် ကရုဏာဆက်မှ ဆင်းသက်လာတဲ့ စိတ်မြတ်မျိုးသာ ရှေ့တိုးလေ မရိုးလေနဲ့ ရိုးမြေကျ သစ်လွင်နေတတ်တယ်။ မေတ္တာနည်းနည်း တဏှာအကဲနဲ့ စွဲခဲ့တဲ့ အစွဲမျိုး တဏှာတစ်ဖက်စောင်းပြီး အသစ်မျက်စောင်းထိုးမိလျှင် အဆန်းတစ်မျိုး တွေ့မှာသေချာပြီ။ တွေ့ရင် တွေ့သလောက်လည်း လက်ရောက်ကိုယ်ဝင်မြန်ဆန်လာတတ်သေးရဲ့။ ဣန္ဒြေရရ အလှမျိုးကို တစ်ဖက်ကလည်း သဘောကျနေတတ်ကြလို့ ပျက်စရာရှိ ဒီအရွယ် အပျက်အများဆုံးပဲ။ သည်အရွယ်မှာ တောကျွမ်းမှုဆိုးကဲ့သို့ ပွဲတိုးဖို့ မရွံ့သော အရွယ်ပဲ။ သည်အချိန်မှာ **ကိုယ်ကျင့်ကောင်းမွန်ဖို့** အထူးအရေးကြီးလာပြီ။

အကုသိုလ်ကံ မြောက်စေမယ့် သူ့အသက်သတ်ခြင်း၊ မတရားရယူခြင်း၊ သူတစ်ပါး သားပျို သမီးပျိုနှင့် ကာမပိုင် လင်ရှိမယား၊ မယားရှိလင် စတဲ့ ဖောက်ပြားမှု၊ လိမ်ညာမှု၊ မူးယစ်ရမ်းကားမှုတွေကို ကိုယ်နှုတ်ဖြင့် မလွန်ကျူးမိလေအောင် သတိကြီးကြီး ထားကြရမယ်။ စီးပွားရေး အခြေတည်စ အရွယ်လှမှာ ခနကပါ ထပ်ပိုး ပိုးထားတော့ ဒါမျိုးတွေ ခြေတစ်လှမ်းတိုးတတ်ကြလွန်းလို့ပဲ။

မယားကွယ်ရာမှာမို့ လွတ်လပ်ပြီ မထင်လေနဲ့ သား၊ မယားက သားစိတ်ထဲမှာ အမြဲကပ်ပါနေတယ်။ လင်ကွယ်ရာမှာမို့ ဟုတ်ပြီ

မထင်နဲ့ သမီး၊ လင်က သမီးစိတ်ရဲ့ထိပ်မှာ ငုတ်တုတ်ရှိနေလေရဲ့။ ဒီတော့ မသိစေချင်တာဆို အရင်ကြားရတတ်တယ်။ မမြင်ချင်တာဆို လက်ဦး တွေ့ရတတ်တယ်။ ပတ်ဝန်းကျင်မကောင်းတဲ့ လူ့လောကကြီးထဲမှာ ကောင်းသတင်း အပေါ်နေ့သလောက် ဆိုးသတင်း အကျော်ကြားမြန်ဆန်တတ်တယ်။ သို့ကြောင့် သည်အရွယ်မျိုးမှာ **ကိုယ်ကျင့်ကောင်း အထူးအရေးပေးရမယ်။** ကိုယ်ကျင့်မကောင်းလျှင် အကြောင်းမလှတော့သဖြင့် အိမ်ထောင်ရေး ဝိပတ္တိစက်ကြီး သွက်သွက်ပါအောင် နောက်ပြန်လည်စေပြီး စီးပွားရေး လူမှုရေးများမှာပါ ဝိပတ္တိစက်ကြီး နောက်ပြန်လည်နေတတ်တယ်။ သားတို့ အရွယ်တင်လို့ ခနခွင် အလျဉ်ရလာချိန် ပန်းကောင်း အညွန့်ကျိုးမျိုး မတိုးမိစေဖို့ အထူးသတိပြုကြရမယ်။ (ဎင်း၊စာ-၅၂)

ဆရာတော်ဘုရားကြီး ကိုယ်တိုင် ရေး လှပထိမိတဲ့ အရေးအသား ညွှန်ပြချက်များနဲ့ ကိုယ်ကျင့်ကောင်း မင်္ဂလာခြေတစ်လှမ်းနဲ့ ပန်းတိုင်ဆီ ဦးတည်ပေးလိုက်ပါတယ်။

## ကောင်းသော စကားကို ချောမောပြေပြစ်
## ချစ်ဖွယ်ဖြစ်အောင် ပြောဆိုလေ

ကာယကံမြောက် ကျူးလွန်စေမယ့် ဒုစရိုက်မှုပြစ်မှုတွေကိုဖြစ်ပွားစေမယ့် **ဝစီဒုစရိုက်စကား** တွေကို ရှောင်လိုက်ရင် ကောင်းသောစကားရဲ့ ဖွင့်ဆိုချက်ကို နားလည်လာမှာပါ။ အပြစ်မကင်းတဲ့စကားတွေ ဆိုတာ...

* သူ့အသက် (ကြက်၊ ဝက် ကအစ) သတ်ဖြတ်ဖို့ ပြောတဲ့ စကား၊

* သူတစ်ပါးပစ္စည်း မတရားရယူဖို့ (ချိန်ခွင် အလေးဖြင့် ခိုးခြင်း၊ တောင်းကြီး တောင်းသေးဖြင့် ခိုးခြင်းစတဲ့ မသမာမှု) တို့ကို ပြောသောစကား၊
* သူတစ်ပါး သားမယားနှင့် သားပျိုသမီးပျိုလေးများကို ဖျက်ဆီးရန် တိုင်ပင်စကား၊
* တစ်ဖက်သား လိမ်ဖို့ ညာဖို့ ကုန်းတိုက်ဖို့ ဆဲရေးတိုင်းထွာဖို့ အပျော်ကြံဖို့ ပြောသောစကား၊

ဒါတွေဟာ ကံမြောက်ဖို့လမ်းစဖြစ်လို့ စောင့်ထိန်းကြရမယ်။ ဒါတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ စကားမျိုးမှ **စကားကောင်း** ဆိုရတယ်။ သူ့အကျိုးမထိ ကိုယ့်အကျိုး မနစ်နာစေတဲ့ စကားမျိုးတွေပေါ့။

အပြောကောင်းတိုင်း အကောင်းပြောမဖြစ်ဘူး။ **အကောင်းပြောမှ အပြောကောင်းဖြစ်နိုင်တယ်**။ ဒီလို အကောင်းပြောခြင်းဟာလည်း 'မင်္ဂလာခြေတစ်လှမ်း' ဖြစ်ပါတယ်။ (၄င်း၊စာ-၅၃)

စကားကောင်း ပြောဆိုရာမှာ ပြေပြစ်မှုလည်း လိုအပ်တယ်။ ကြမ်းတမ်းရန့်ရင်းတဲ့ နှုတ်ထွက်စကား မဟုတ်ရင် ပြေပြစ်တယ်လို့ ယူဆနိုင်ပါတယ်။ ပြေပြစ်တယ် ဆိုရာမှာ အများရဲ့ နားနှစ်ဖက်သကာရည်နဲ့ ပက်လိုက်သလို ဖြစ်သွားစေရမယ်။ ဒီလို ပိယဝါစာစကား တစ်ဖက်လူကြားမှ သူ့ရင်အေးစေပြီး စေတနာကောင်း ပေါ်ထွက်လာနိုင်ပါတယ်။ တီတီတူးငှက်ရဲ့ အသံမျိုး မဖြစ်စေရ၊ ဥဩငှက်ရဲ့ အသံမျိုးသာ ဖြစ်စေရမယ်။ ဒါဟာ စီးပွားဖြစ်ကြောင်းကောင်းသော ဝါစာဖြစ်လို့ **မင်္ဂလာ** ပါလို့ ဘုရားဟောထားတာ။

တစ်နည်းအားဖြင့်တော့ ဒီမင်္ဂလာကို 'လက်စွဲမင်္ဂလာ' လို့ မှတ်ထားကြပါလို့ ဆရာတော်ဘုရားကြီးက တိုက်တွန်းပါတယ်။ (ငှင်း၊ စာ-၅၅)

အကြားအမြင် ဗဟုသုတနှင့်ပြည့်စုံခြင်းမှသည် စကားကောင်းကို ချစ်ဖွယ်ဖြစ်အောင် ပြောဆိုခြင်းအထိဟာ မင်္ဂလာရဲ့ တတိယခြေလှမ်းများပဲ ဖြစ်ပါတယ်။

## မင်္ဂလာ၏ စတုတ္ထခြေလှမ်းများ

* မိဘကို ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ အလုပ်အကျွေးပြု
* မိနိုသူ သားမယားများကိုလည်း ချီးမြှောက်ထောက်ပံ့
* အရှုပ်အထွေးအငြိအစွန်းမရှိစေသော အလုပ်မျိုးကို ရွေးလုပ်၊

သည်သုံးပါးဟာ မဆုတ်ယုတ်ကြောင်းဖြစ်လို့ မင်္ဂလာ၊

အရှုံးမပေါ် အမြတ်သို့သာ ရည်မျှော်ထားသောကြောင့် မြတ်သော မင်္ဂလာ။

**မိဘကို လုပ်ကျွေးပြုစု**

မိဘဆိုတာ ဗြဟ္မာတွေနဲ့ ဘာမှ မခြားနားဘူးတဲ့။

ဗြဟ္မာတွေမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မာ့ဝိဟာရတရား လေးပါးနဲ့နေကြသလို မိဘတွေမှာလည်း သားသမီးများနဲ့ ပတ်သက်လာလျှင် အဲဒီလေးပါးက နည်းနည်းမှမလျှော့ကြဘူး။ မမွေးမီ ဝမ်းဗိုက်ထဲ နေစဉ်ကပင် မေတ္တာကြီးနေလိုက်ကြတာ၊ မွေးလာတော့ကောတဲ့၊ ပက်လက်ဆို ပက်လက်၊ မှောက်လျက်ဆို မှောက်လျက်၊ ငိုများ ငိုလိုက်လို့ကတော့ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ကရုဏာသက်နေလိုက်ကြတာ။ အဲ…အရွယ်ရောက်လို့ လိမ္မာမယ်၊ ဉာဏ်ပညာ အကင်းအညာ ပါးမယ်ဆိုရင်လည်း ပြုံးပြုံး ပြုံးပြုံးနဲ့ မုဒိတာ ပွားနေလိုက်ကြတာ။ အဲဒီနောက် လူလားမြောက်လို့ အိုးအိမ်ထောင် ထူထောင်ပြန်တော့လည်း ကိုယ့်သားသမီးရဲ့ အဖွမ်းအစကို စိတ်ချလက်ချနဲ့ ဥပေက္ခာပွား၊ ဘေးကနေ မြှောက်စားတတ်ကြပြန်တယ်။

မွေးသည်မှ အိမ်ထောင်ကျချိန်အတွင်း မကောင်းမြစ်တား၊ ကောင်းရာညွှန်ပြ၊ ဆရာတို့ထံ အပ်နှံ၍ ပညာသင်ယူစေခြင်း၊ လက်

ထပ်ပေးခြင်း၊ အရင်းအနှီး ထူထောင်ပေးခြင်းဆိုတဲ့ ဝတ္တရားငါးပါး မပျက်စေဘဲ စောင့်ရှောက်ပေးခဲ့တယ်။

သည်လို ကျေးဇူးကြီးမားတဲ့ မိဘတွေကို ပခုံးပေါ်မှာ တစ်ဖက်စီ တင်ပြီး အသက်တစ်ရာ ရှာဖွေလုပ်ကိုင်ကျွေးသော်လည်း သူ့ကျေးဇူး မကုန်သေးပါဘူးတဲ့။ မိဘတို့ရဲ့ မေတ္တာ ကရုဏာ မုဒိတာဆိုတာ ပင်လယ်ရေထက် များလေရဲ့။ ပင်လယ်ရေသာ ခန်းလိမ့်မယ်၊ မိဘတို့ မေတ္တာ ခန်းလိမ့်မယ် မဟုတ်ပါ။ လိမ္မာတော့လည်း အလိမ္မာတုံးလေးမို့၊ မိုက်တော့လည်း မိုက်ခဲလေးမို့ ချစ်လိုက်ကြတာ...။

သည်လို ကျေးဇူးကြီးတဲ့ မိဘများကို သားသမီးဝတ္တရား ငါးပါးဖြင့် ကျွေးမွေး စောင့်ရှောက်ခြင်း၊ မိဘကိစ္စ မှန်သမျှ ကြားဝင်ဆောင်ရွက်စီမံပေးခြင်း၊ အမွေခံထိုက်တဲ့ သားကောင်း သမီးကောင်း ဖြစ်အောင် အနေကျစ်လျစ်ရခြင်း၊ မိဘမှီပြီး ရလာသော ပစ္စည်းတို့ဖြင့် လှူဒါန်းရာ၌ မိဘတို့အား အမျှပေးဝေခြင်း၊ မိဘမျိုးရိုး မတိမ်ကောအောင် မျိုးတူရိုးတူများနှင့်ချည်းသာ အိမ်ထောင်ဘက်ပြုခြင်း ဆိုတဲ့ ဝတ္တရားငါးပါး ကျေပွန်အောင် ကြိုးစားကြရပါမယ်။

ဒီဝတ္တရားတွေ ကျေပွန်သော်မှ မိဘကျေးဇူး မကျေသေးလေ။

တကယ်လို့များ မိဘတွေဟာ ရတနာသုံးပါး၌ မယုံကြည်သေးရင် ယုံကြည်လာအောင်၊ သီလမရှိသေးက သီလအရာ ပြည့်စုံလာအောင်...စတဲ့ **သူတော်ကောင်းဥစ္စာ ခုနစ်ဖြာနဲ့ပါ ကျေးဇူးဆပ်မှ ကျေသတဲ့။**

မိဘတို့မျက်ရည်တစ်ပေါက် ကျမိစေလျှင် အဲဒီမျက်ရည် တစ်ပေါက်ဟာ ဗြဟ္မာစိတ်ကြားက စိမ့်ကျခဲ့ရတာဖြစ်လို့ သားသမီးတို့မှာ ရေနွေးပူတစ်အိုး လောင်းချခံရတာထက် ပိုပူပြင်းတဲ့အပူ ခံစား

ရလိမ့်မယ်။ **မိဘတို့ရဲ့မေတ္တာစိမ်ရည် သင့်လျှင်** တော့ ဘဝ တစ်လျှောက်လုံး ပစ္စည်းပြည့်စုံသော်မှ စိတ်မချမ်းသာရတော့ဘူး။ အဇာတသတ် ဖအေသတ်မိကတည်းက ဘယ်လိုမှ စိတ်မချမ်းသာတော့သလိုပဲ။

ဒါ့ကြောင့် မိဘကျေးဇူး အထူးသိလျက် အဆပ်ခက်တဲ့ကြားက လုပ်ကျွေးပြုစုခြင်းဟာ ကောင်းမြတ်သော မင်္ဂလာတစ်ပါး (ဝါ) မင်္ဂလာရှိသော ခြေတစ်လှမ်းလို့ ဆိုရပါတယ်။ (၄င်း၊ စာ-၆ဝ မှ ၆၃ အထိရှု)

**မှီခိုသူ သားမယားများကို ချီးမြှောက်ထောက်ပံ့ (ဝါ) အိမ်တွင်းဇါနု အရင်ချပါ**

မင်္ဂလာခြေလှမ်းတွေနဲ့ ကြီးပွားရာ အောင်မြင်ကြောင်း လမ်းကောင်းပေါ် လျှောက်လာလိုက်တာ အိမ်ထောင်သက် ဆယ်နှစ်ကျော်လာတော့ စီးပွားတွေ ပွားစည်းလို့ ခရီးအတော်ရောက်ခဲ့ပြီပေါ့။

**သည်ပြစ်ထွန်းလာတဲ့ စီးပွားဟာ အတိတ်ဘဝက စေတနာတူ ဝတ္တုတူကို မှီပြီးမှ သည်ဘဝ အတူပေါင်းဖက် မျိုးဆက်မွေးဖွားမိသားစုတစ်စုရယ်လို့ ဖြစ်လာကြရတာ၊ သည်တော့ အကျိုးခံစားခွင့်မှာ မယားနှင့် သားသမီးများ ဦးစွာခံစားစေရတယ်။ မယားက ထမ်းပိုးတုံးတစ်ခု တစ်ဖက်စီ ဝန်ရုန်းထားရတာ၊ သားသမီးတွေက အတိတ် စေတနာ ကံအရှိန်နဲ့ ရိက္ခာထုပ် ပိုင်းသယ်ပေးကြတာ။** (၄င်း၊ စာ-၆၃)

ဆရာတော်ဘုရားကြီးရဲ့ မင်္ဂလာ သင်ကြားချက်မှာ တရားသဘောနဲ့ အဲဒီလို အစဉ် ဆက်နွှယ်နေလေ့ ရှိပါတယ်။ ပြီးတော့

လောကလူ့သဘော နောကျေလိုက်တာလည်း လွန်ပါရောလို့ အံ့ချီးရမှာဖြစ်ပါတယ်။ ကြည့်ပါလေ၊ 'စီးပွားဖြစ်မှ အဆစ်တောင်းလေ့ရှိတဲ့ တခြားမိန်းမများနဲ့လည်း မဖောက်ပြားရဘူး' တဲ့။

'ကိုယ်ချင်း သက်ညှာ၊ ရလှာအပ်ဦး၊ မကူးအမြှောင်၊ အရောင်တင်လွှမ်း၊ ချစ်ကျွမ်းတို့တင်၊ ငါးအင်အချက်၊ လင်မှာဘက်၊ မပျက်ကြစေနှင့်' လို့ လင့်ဝတ္တရားငါးပါး ကဗျာဖွဲ့ပြီး မှာကြားတော်မူပါတယ်။ သားမယားကို လုပ်ကျွေးတယ်ဆိုတာ **အိမ်ပြင်မကျှပ်မထိုးခင် အိမ်တွင်းမကျှပ်ဆောက်တာပဲ၊** ရှေ့သို့ ကြီးပွားရေး ခြေ တစ်လှမ်း တိုးရအောင် ဟန်ပြင်လိုက်တာပဲလို့ ဆိုပါတယ်။ (ၿင်း၊စာ-၆၅ ရှု)

မယား မိန်းမတို့ဘက်ကလည်း...

'အိမ်တွင်းမှုထိန်း၊ သိမ်းသင့်သိမ်းဦး၊ မယိမ်းလျှင် မြှောင်၊ သင့်တော်အောင် ဖြန့်၊ ခိုင်ကြံ့မပျင်း၊ ငါးခင်းအချက်၊ မယားဘက်၊ မပျက်စေကြနှင့်' လို့ ညွှန်ပြထားပါတယ်။

အိမ်တွင်းမှုနဲ့ လင်ရှာပေးထားတဲ့ ပစ္စည်း ငွေကြေးတို့ကို ထိန်းသိမ်းနိုင်စွမ်း ရှိရမယ်။ တစ်ပါးသော ယောက်ျားတို့နှင့် မဖောက်ပြန်ရ၊ ဆွေမျိုး သားသမီးတို့ကြား သင့်တော်အောင် ဖြန့်ဝေထောက်ပံ့၊ အပျင်းအရိမရှိစေရ...ဒီလိုမယားဝတ္တရားငါးပါး ကျေပွန်နေပါလျှင် 'သီရိဂေဟာ' လေး အလိုလိုတည်ဆောက်မိကြပါပြီ။

အကျင့်သီလနဲ့ ပြည့်စုံတဲ့သူ၊ ဝတ္တရားကျေပွန်တဲ့သူဆိုတာ လူလေးစား နတ်လေးစားပါပဲတဲ့။ ဒါ့ကြောင့် မိခိုသူ သားမယားတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းဟာလည်း အိမ်တွင်း ဒါနပြုနေတာနဲ့မခြားမို့ မင်္ဂလာရဲ့ ခြေတစ်လှမ်းအဖြစ် မှတ်သားလိုက်နာအပ်ပါတယ်။

## အရှုပ်အထွေး အငြိအစွန်းမရှိစေတဲ့ အလုပ်မျိုးကို ရွေးလုပ်

အရှုပ်အထွေးနဲ့ အငြိအစွန်းတွေကြား ရောက်သွားပြီဆိုရင် လျှောက်ခဲ့သမျှ ခြေလှမ်း၊ ပေါက်ခဲ့သမျှခရီး အချည်းနှီးဖြစ်ပြီ။ မင်္ဂလာမှ အမင်္ဂလာ ဖြစ်ရတော့မှာ မလွဲပြီ။

**အရှုပ်အထွေးနဲ့ အငြိအစွန်းဆိုတာ**

အချိန်လွန်မှ လုပ်ခြင်း

မသင့်တော်ရာ လုပ်ခြင်း

ပေါ့ပေါ့ဆဆ လုပ်ခြင်းများကြောင့် ဖြစ်တတ် ကြုံတတ်ပါတယ်။

ဒီနေ့ခေတ် လုပ်ကွက်ဆန်း၊ လုပ်ကွက်စုံလေတော့ အထူးသတိထားကြရပါမယ်။

အများနဲ့ တွဲလုပ်၊ တွဲရှုပ်ရတဲ့ အလုပ်အရှုပ်တွေ ဖြစ်လေတော့ လှေကွဲကြီး ဖာထေးစီးရတာထက် စိတ်မောလူမော ဖြစ်ရတတ်တယ်လို့ ဆရာတော်ဘုရားကြီးက မှာကြားပါတယ်။ ဒါ့ကြောင့်...

အဆွယ်ကောင်းတိုင်း မလယ် (လည်) ကြစေနဲ့၊

အဆွဲကောင်းတိုင်း မလဲကျစေနဲ့၊

အနှူးကောင်းတိုင်း မမြူးမိကြစေနဲ့လို့ ထပ်မံသတိပေးထားပါတယ်။

အရှုပ်အထွေးကင်း၊ မပျင်းမရိ၊ လုပ်ကွက်မိမိ အချိန်သိပြီး လုပ်ဆောင်ရမယ့် အပြစ်ကင်းအလုပ်မျိုးတွေချည်း ရွေးလုပ်ပြီး ကိုယ်ကျင့်မပျက်ဘဲ တိုးတက်နည်းကိုအသုံးချရမယ်လို့ ဆရာတော်ဘုရားကြီးက လေးလေးနက်နက် မှာကြားတော်မူပါတယ်။

ဒီလို အရှုပ်အထွေး အငြိအစွန်း မရှိစေတဲ့ အလုပ်မျိုးကို ရွေးလုပ်မှသာ မင်္ဂလာခြေလှမ်းနဲ့ ထိုက်တန်တယ်လို့ မှတ်သားနားလည်အပ်ပါတယ်။

## မင်္ဂလာ၏ ပဌမခြေလှမ်းများ

* မိမိလက်၌ ငြိကပ်စေမည့် ပစ္စည်းများကိုလည်း စွန့်လွှတ်ပေးကမ်းပါ
* သူတော်ကောင်းတရားကိုလည်း လိုက်နာကျင့်သုံး
* ဆွေမျိုးမိတ်ရင်း မကင်းသူတို့ကိုလည်း ချီးမြှင့်ထောက်ပံ့
* အပြစ်ကင်းရှင်း တရားမယှဉ်းမည့်အလုပ်မျိုး တိုးလုပ်၊

ဒီလေးပါးစုဟာလည်း အယုတ်မကပ်၊ အမြတ်သို့သာ စပ်တတ်သောကြောင့် မြတ်သောမင်္ဂလာ၊

အရှုံးမဖက် အမြတ်ချည်းသက်သက်သာ ဖြစ်ခြင်းကြောင့် မြတ်သော မင်္ဂလာ။

နှုတ်လှသ်ပေးကမ်း ဒါနခန်း

မင်္ဂလာခြေလှမ်းများနဲ့ ဘဝခရီး နှင်လာလိုက်တာ လေးဆယ်ကျော် အရွယ်သို့ပင် ရောက်ခဲ့ပေပြီ။

ဒီအရွယ်မျိုးဟာ ဗလဒသက (အင်အား အတောင့်ဆုံးဆယ်စု) လို့ ဆိုပါတယ်။ ဒီအရွယ်မှာ **ကာမဘက် သွေးအေးလို့ ဓမ္မဘက် အလေးပေးချိန် တန်လာပါပြီ** လို့ ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။ လေ့ထုံးစံအားဖြင့်လည်း သားသမီးတွေကို ရှင်ပြုနားသ မင်္ဂလာပြုချိန် တန်လာပါပြီ။ အိမ်ပြင်မှာ မဏ္ဍပ်ထိုးပြီး ဒါနပြုရတော့မယ့် အချိန်။

ဒါနမှုပြုတယ်ဆိုတာ အခုကောင်းသလို နောင်ကောင်းဖို့လည်း ဟုတ်တယ်၊ ကိုယ် ကောင်းစားသလို သူများ ကောင်းစားစေချင်ဘာလည်း မှန်တယ်။ **ဒါနရဲ့ ရည်ရွယ်ချက်** ဟာ လောဘ ဒေါသ မောဟ စတဲ့ ကိလေသာမာန် တွန်းလှန်ရာရဲ့ လက်နက်လည်းဖြစ်ပါတယ်။ ဘဝက အစွဲသန်နေသေးရင် ဒီဘဝနဲ့ မရပ်သေးဘူး။ မကောင်းစွဲများ အစွဲနာမိလျှင် 'ဘဝဆိုး'ကလည်း နေရာယူလိမ့်ဦးမယ်။ သည်တော့ သေခါနီး အာရုံကောင်းလေးများ ရပြီး သံသရာလည်သော်မှ

အထက်တန်းဘဝနဲ့ လည်ပတ်ကြရအောင် နောင်ရိက္ခာစုကြရတာ ပဲ။

စုတဲ့နေရာမှာ အလှူခံဘက်က သီလစင်ကြယ်မယ်၊ မိမိဘက် ကလည်း စိတ်စင်ကြယ်မယ်၊ အလှူပစ္စည်းကလည်း တရားသဖြင့် ရထားတဲ့ ပစ္စည်းဖြစ်မယ်ဆိုရင် ရိက္ခာထုပ်ကြီးတာပဲ။ သည်သုံးခု ငယ်နေလျှင် အငယ်ပဲ။ **ပစ္စည်း ကောင်း မကောင်းနဲ့ မဆိုင်ဘူး၊ စေတနာ ကောင်း မကောင်းနဲ့သာ ဆိုင်တယ်။ ပစ္စည်း များ မများနဲ့ မဆိုင်ဘူး၊ စေတနာ များ မများနဲ့သာ ဆိုင်တယ်။** ဒါကြောင့် အလှူ ပစ္စည်းထက် စေတနာဦးစားပေးဖို့ အထူးကြိုးစားရမယ်လို့ လမ်း ညွှန်တော်မူပါတယ်။ (ငင်း၊ စာ-၇၂)

စီးပွားရှာကြံကြတည်းက အဲဒီစီးပွား လိုချင်လွန်းလို့ ရှာဖွေ တော့ ရလာလျှင် အဲဒီပစ္စည်းအပေါ်မှာ တပ်မက်မှုမျိုးစုံ၊ စီမံကိန်း အဖုံဖုံနဲ့ ရင်တုန်အောင် စွဲမက်တော့တာပဲ မဟုတ်လား။ တကယ် လို့များ ဒီအချိန် သေသွားခဲ့ရင် ဒီအိမ်မှာ ဒီမိသားစု ဒီပစ္စည်းတွေ အစွဲသန်ပြီး ပြိတ္တာသော်လည်း ဖြစ်နိုင်တယ်။ တိရစ္ဆာန်စိတ် ကပ် လျှင် တိရစ္ဆာန်သော်လည်း ဖြစ်နိုင်တယ်။ လိုချင်စွဲလမ်းမှုနဲ့ ရှာဖွေ ထားတဲ့ ပစ္စည်းဥစ္စာဆိုတာ **အဆိပ်ပါတဲ့ပစ္စည်း** နဲ့ တူပါသတဲ့။ ဘေး မဖြစ်အောင် အချိန်အဆနဲ့ သုံးတတ်ဖို့ လိုပါတယ်။

ဒီလို တပ်မက်စွဲလမ်းမှုတွေကို ကံယုံဝါဒနဲ့ လဲလှယ်ရမယ်။ ငါ့ပစ္စည်းဆိုတာ ငါ့လက်ထဲ ရှိတုန်းပြောတာပါလို့ သဘောထားပြီး ပစ္စည်းခင်တဲ့စိတ်ကို ဒါနနဲ့ ကြဉ်ပစ်ရမယ်လို့ ဆိုပါတယ်။ တကယ် တော့ ဒါနဆိုတဲ့ စွန့်လွှတ်ပေးကမ်းခြင်းမှာ...

* ကိုယ်မြတ်နိုးပစ္စည်း သူတစ်ပါး ပေးမယ်လို့ ကြံစည်ရမှာ အလွန်ခက်လှပါသတဲ့။
* ကြံစည်ပြီးနောက် ပေးပါ့မယ်လို့ ထုတ်ပြောရမှာ သန်လျက်မျိုပြောရတာထက် ပိုခက်ပါသတဲ့။
* ပြောပြီး လွှတ်လွှတ် စွန့်ကြဲဖို့ကလည်း အတော် ခဲယဉ်းပါသတဲ့။
* စွန့်လွှတ်ပြီးနောက် တွေ့ မိတိုင်း ပူပန်စိတ်၊ နှမြောစိတ် မဖြစ်မိဖို့က သာ၍သာ၍ ခဲယဉ်းလှသတဲ့။

ဒီလေးချက်နဲ့ တိုင်းတာလိုက်ရင် ဒါနမှုတစ်ခု အထမြောက်ဖို့ ဘယ်လောက်ခက်တယ်ဆိုတာ ပေါ်လွင်လှပါတယ်။ ဒီလိုခက်တဲ့ သဘောကိုပဲ ကျော်လွှားပြီးတော့ မင်္ဂလာခြေတစ်လှမ်း တိုးပွားစေရမှာ ဖြစ်ပါတယ်။ သားသမီးတို့ကို သာသနာ့အမွေခံအဖြစ် ရှင်ပြုနားသ ဒါနခန်းအားဖြင့် မိမိတို့လည်း သာသနာ့ဒါယကာဖြစ်ထိုက်ကြပါစေလို့ ဆရာတော်ဘုရားက အတိအလင်း မှာကြားတော်မူပါတယ်။ (ဌ၊း၊စာ-၇၄၅)

**သူတော်ကောင်းတရား ငိုက်နာကျင့်သုံး (၅)**

**တရားနဲ့ စီးပွား ထမ်းပိုးထမ်းအသား ညီစေရမယ်**

ကိုယ်က သားရှင်ပြု သာသနာ့ဒါယကာ ဘွဲ့ထူးကြီး ခံပြီး မကောင်းမှုတွေ လုပ်နေရင် ပတ်ဝန်းကျင်က ဘယ်လိုပြောမလဲ။ ဒီတော့ 'ဒုစရိုက်ဆယ်ပါး' ရှောင်ကြဉ်မှုအဓိကထားပြီး တရားနှင့်အညီ နေတတ်ဖို့ လေ့ကျင့်ရပါတော့မယ်။ **ဒုစရိုက်ဆယ်ပါးဆိုတာ...**

* မနောကံ ဒုစရိုက်သုံးပါး

(၁) **အဘိဇ္ဈာ** = မခံစားဘဲ မနေနိုင်တော့လောက်အောင် လိုချင်တပ်မက်စိတ် ပြင်းထန်ခြင်း၊

(၂) **ဗျာပါဒ** = လိုချင်တာ မရမချင်း မကျေမချမ်း ဖြစ်နေခြင်း၊

(၃) **မိစ္ဆာဒိဋ္ဌိ** = မရ, ရတဲ့နည်း အစမှပြုကျင့်ဖို့ ဆုံးဖြတ်လိုက်ခြင်း၊

* ဝစီကံ ဒုစရိုက်လေးပါး

(၁) **မုသာဝါဒါ** = လိမ်ညာပြောဆိုခြင်း၊

(၂) **ပိသုဏာဝါစာ** = ကုန်းစကား၊ သပ်လျှိုစကား ပြောဆိုခြင်း၊

(၃) **ဖရုသဝါစာ** = ရန့်ရင်းကြမ်းတမ်းသောစကား ပြောဆိုခြင်း၊

(၄) **သမ္ဖပ္ပလာပဝါစာ**= အရည်မရအဖတ်မတင် အရှင်သက်သက်အပြောင်အပျက် ပြောဆိုခြင်း၊

* ကာယကံဒုစရိုက် သုံးပါး

(၁) **ပါဏာတိပါတာ** = သူ့အသက် သတ်ခြင်း၊

(၂) **အဒိန္နာဒါနာ** = သူ့ဥစ္စာ ခိုးခြင်း၊ ခွင့်မပြုဘဲ ယူငင်ခြင်း၊

(၃) **ကာမေသုမိစ္ဆာစာရာ**= သူ့လင် သူ့မယား သားပျိုသမီးပျို စော်ကားပျော်ပါး ပြစ်မှားခြင်း၊

အထက်ပါ မနောကံ၊ ဝစီကံ၊ ကာယကံမြောက် ဒုစရိုက်ဆယ်ပါး အမိကထား ရှောင်ကြဉ်ပါမှ တရားနဲ့အညီ နေတယ်လို့ဆိုပါတယ်။ တရားနဲ့အညီ နေပြီး **စီးပွားရှာရာမှာ** လည်း ဘုရားတားမြစ်တော်မူတဲ့ **ကုန်သွယ်မှုငါးမျိုး** ရှောင်ရှားမှာဖြစ်ပါတယ်။

၁။ သေစေနိုင်တဲ့ လက်နက်ဆိုရင် (ငါးမျှားချိတ်ကအစ) အရောင်းအဝယ် မလုပ်ရ၊
၂။ အဆိပ် စသည် အရောင်းအဝယ် မလုပ်ရ၊
၃။ အသား ငါးများ အရောင်းအဝယ် မလုပ်ရ၊
၄။ လူ (ပြည့်တန်ဆာ၊ အိမ်ဖော် စသည်) အရောင်းအဝယ် မလုပ်ရ၊
၅။ အရက်သေစာ မူးယစ်ဆေးမျိုးစုံ အရောင်းအဝယ်မလုပ်ရ၊

လျှာပေါ်မှာ မြက်ပေါက်ပါစေ၊ ဒါတွေ မလုပ်ရ၊ ဒီနည်းနဲ့ စီးပွား မရှာရလို့ ဆရာတော်ဘုရားကြီးက တားမြစ်သတိပေးလိုက်ပါတယ်။ (၄င်း၊စာ-၇၅)

ဒီလို အရွယ်ကောင်းတုန်းမှာ တရားသဖြင့်သာ စီးပွားလည်းစု၊ သူတော်ကောင်းအမှုလည်း ပြုပါလေတဲ့။

ပခုံးနှစ်ဖက် ရှိရာမှာ တရားနဲ့ စီးပွားမျှယူ ကူထမ်း၊ မျက်လုံးနှစ်ဖက်၊ နားနှစ်ရွက်တို့ကိုလည်း တစ်ဖက်စီမျှ၊ ခြေနှစ်ဖက် လက်နှစ်ချောင်းတို့ကိုလည်း တစ်ဝက်စီ သုံးပြီး သာသနာ့အမွေခံ ရှင့်မိ၊ ရှင့်ဖ ဆိုတဲ့ ဂုဏ်ထူးဘွဲ့ထူးများနဲ့ ထိုက်တန်စွာ ပြုမူပြောဆိုနေထိုင်တတ်ကြပါစေလို့ မှာကြားတော်မူပါတယ်။

စီးပွားရှာရင်း တရားအလေ့ ပျော်မွေ့စေတာဟာလည်း မင်္ဂလာခြေတစ်လှမ်းဖြစ်တယ်ဆိုတာ မှတ်သားသိစေခဲ့ပါပြီ။

**ဆွေမျိုးမိတ်ရင်း မကောင်းသူတို့ကိုလည်း ချီးမြှင့်ထောက်ပံ့**

ဆွေမျိုးမိတ်ရင်း မကောင်းသူတို့ကို ဘာ့ကြောင့် ချီးမြှင့်ထောက်ပံ့ရပါသလဲဆိုတော့...

သူတို့ဟာ တစ်ဘဝက အတူရေစက်ဆုံခဲ့တဲ့ အရင်းအချာတွေ ဖြစ်လို့ပါပဲ။ စေတနာတူ ဝတ္တုတူအဖြစ်နဲ့ လှူခဲ့ကြသူများက မောင်ရင်းနှမ သားနဲ့အမိတွေ ဖြစ်လာကြတယ်။ အဲဒီကုသိုလ်ကို နှုတ်ကူ လက်မ နဲ့ အားတက်သရော အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြသူတွေက ဘိုးကြီး၊ ဘွားကြီး၊ ဘကြီး၊ ဘထွေး၊ ဦးလေး၊ ဦးကြီးတွေအဖြစ် ရောက်သူ ရောက်၊ မိတ်ဆွေသူငယ်ချင်းအဖြစ် တွဲသူတွဲ ဖြစ်လာကြတယ်။ အဲဒီကုသိုလ် မိမိတို့ရသလို ရကြပါစေတော့လို့ စေတနာနဲ့ အမျှဝေစဉ်က လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ခဲ့ကြသူတွေက ဟော...အခု သားတို့ သမီးတို့ ကြီးပွားရေးကိစ္စ ပြုလုပ်ကြတော့ အားပေးသူတွေ ဖြစ်လာကြတယ်။ ဒါဒါနတစ်ခု စေတနာအရှိန်နဲ့ တွန်းပို့လိုက်တဲ့ အကျိုးဆက်အကြောင်းခံတွေပဲ မဟုတ်လား။ (၄င်း၊ စာ-၇၇)

သည်တော့ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်နှမတွေဟာ သားတို့ယခုခံစားနေရတဲ့ ဒါနရိက္ခာထုပ်နဲ့ မကင်းသူတွေဖြစ်နေတယ်ဆိုတာ သဘောပေါက်ပြီး ရပစ္စည်းထဲမှ ထောက်ပံ့ရမယ်၊ တတ်နိုင်သလောက် ကူညီရမယ်ပေါ့။

ရလာပစ္စည်း သုံးစွဲတဲ့အခါ **လေးပုံ ပုံရမယ်** လို့ ဘုရားဟောရှိတယ်ကွဲ့။

တစ်ပုံက လတ်တလော စားဖို့ သုံးဖို့၊ နှစ်ပုံက အရင်းအနှီးထဲ ပြန်ထည့်၊ နောက်တစ်ပုံကတော့ အရေးကြုံလျှင် (ဥပမာ–ကျန်းမာရေး) လျှင် သုံးဖို့ စုဆောင်းထားရမယ်တဲ့။ လှူတဲ့အခါမှာတော့ မိမိစားသုံးမယ့်အထဲက ပေးကမ်းထောက်ပံ့ရမယ်တဲ့။ ဒါ့ကြောင့် အများသို့ ပေးကမ်းသာအောင် စားသုံးရာမှာလည်း ခြိုးခြံချွေတာရမယ်။

စားချင်တာလေး တစ်ဆယ်တန် အောင့်အည်းထားလိုက်ရင် တစ်ဆယ်တန် ရမွက်ကိုလည်း ဖျက်ဆီးပြီးဖြစ်ပါတယ်။ ငွေတစ်ဆယ်လည်း စုမိစေပါတယ်။ ဒီငွေတစ်ဆယ် သူများကို လှူရင် လောကီလောကုတ် အလုပ်နှစ်ခု တစ်ပြိုင်တည်း ပြီးစေပါတယ်။ ဝတ်စားသုံးစွဲရာမှာလည်း ဒီနည်းတူ မှတ်ပါလေ။

လိုချင်စိတ်တဏှာ ပူဆာသမျှ အလိုမလိုက်ဘဲ အောင့်အည်းသည်းခံ ခြိုးခြံချွေတာရာက ပိုလာတဲ့ ငွေကြေးပစ္စည်းတွေနဲ့ ဒါနပြုတယ်ဆိုတာ တဏှာသတ်ပြီး စွန့်လွှတ်နေတာဖြစ်လို့ 'မြတ်ကုသိုလ်' ဖြစ်စေတယ်။

ကိုယ့်စီးပွားရေး ဦးမော့လို့ အိမ်တွင်း ဖူလုံလျှင် အိမ့်ပြင်ကိုလည်း ထောက်ပံ့ခြင်းဖြင့် အတွင်းထရံ အပြင်ထရံ လုံအောင် ကာတတ်ဖို့ သတိရှိကြပါစေလို့ ဆရာတော်ဘုရားကြီးက နှိုးဆော်တော်မူပါတယ်။

ဒီလို ဆွေမျိုးမိတ်ရင်း မကင်းသူတို့ကို ချီးမြှင့်ထောက်ပံ့ခြင်းဟာလည်း မင်္ဂလာခြေတစ်လှမ်းဖြစ်ကြောင်း သဘောပေါက်စေခဲ့ပါပြီ။ (ငင်း၊စာ-၇၈ရှု)

**အပြစ်ကင်းရှင်း တရားမယွင်းမည့် အလုပ်မျိုး တိုးလုပ်**

ဒါနပြုခြင်း၊ တရားနဲ့အညီ နေခြင်း၊ ဆွေမျိုးမိတ်ရင်းတို့ကို ထောက်ပံ့ခြင်း စတဲ့ မင်္ဂလာခြေလှမ်းတွေနဲ့ ကြီးပွားရေးပန်းတိုင်သို့ အရောက်ချီနေချိန်မှာ မိမိရဲ့ အလေ့အကျင့်ကောင်းကလေးကြောင့် နာမည်ကောင်း ရလာချိန်မှာ **အပြစ်ကင်းတဲ့အလုပ်မျိုး** တွေ ဖိလုပ်သင့်ပါတယ်။ အပြစ်ကင်းတဲ့ အလုပ်မျိုး ဆိုတာ **ရာဇဝတ်မှုနဲ့ ကင်း**

**တဲ့(ဩ)မင်းပြစ်မင်းဒဏ်မသင့်တဲ့** အလုပ်မျိုးတွေကို ဆိုလိုပါတယ်။ မစင်တစ်စက်က နတ်သုဒ္ဓါတစ်ခွက်ကို ပျက်စီးစေနိုင်သလို အပြစ်မကင်းတဲ့အလုပ်တစ်ခုကြောင့် နာမည်ကောင်းပျက်တတ်ပါတယ်။ နာမည်ကောင်း ဘဝကောင်းကို ပိုးမွေးသလို မွေးမြူလာရပေမယ့် နာမည်ဆိုးထွက်ချင်ရင် သတိတစ်ချက် လွတ်လိုက်တာနဲ့ အပြစ်တစ်ခုခုနဲ့ ငြိစွန်းပြီး ဆိုးသတင်းကျော်ပါလေရော။

ဒီလို အပြစ်မကင်း ဆိုးသတင်း ပေါ်ထွက်လာတယ် ဆိုတာ အားကိုးတစ်ခုမှီပြီး လွန်ကျူးရာက ဖြစ်ပွားလာတတ်တာ၊ လူတစ်ယောက်ရဲ့ စရိုက်ဆိုတဲ့ ဥာဉ်ဟာ အလှကိုလည်းကောင်း၊ ဓနကိုလည်းကောင်း၊ ပညာကိုလည်းကောင်း မှီခိုပြီး အစွမ်းပြတတ်ကြတယ်။ အလှကြောင့်ဖြစ်သော လက်စွမ်းပြပုံမျိုးဟာ အရွယ်ရောက်တာနဲ့ဖြစ်တတ်တယ်။ ပညာစွမ်းပြပုံမျိုးဟာလည်း ပညာတတ်ဖြစ်ချိန်က စပြီး အပြစ်မကင်းတတ်၊ ဓနစွမ်း ငွေစွမ်းပြပုံမျိုးဟာလည်း စီးပွားဖြစ်လာချိန်မှာ အပြစ်အများဆုံးပဲ။

အလှဥာဉ်က အိမ်ထောင်ရေးပြစ်မှုတွေ ကျူးလွန်တတ်တယ်။ ဓနနဲ့ ပညာကတော့ဖြင့် အပြစ်စုံပင် လွန်ကျူးတတ်ကြတယ်လို့ ဆိုပါတယ်။ စရိုက်နဲ့ ဥာဉ်ကိုနိုင်တာ သတိတစ်လုံးပဲ ရှိတယ်လို့ ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။ ဒါကြောင့် ပြစ်မှုစုံ မကျူးလွန်မိအောင် သတိလက်ကိုင်ထားဖို့ လိုပါတယ်။

အပြစ်တစ်ခုကြောင့် နာမည်ဆိုးတစ်ခုများ ထွက်သွားပြီဆိုရင် ဘယ်သူကမှ ယုံယုံကြည်ကြည်ဆက်ဆံတော့မှာ မဟုတ်ဘူး။ ယုံကြည်လေးစားမှုနဲ့ တည်ဆောက်ထားတဲ့ အောင်မြင်ကြီးပွားမှုတွေဟာ အပြစ်မကင်းတဲ့အလုပ်တွေ လုပ်မိရာက စပြီး တဖြည်းဖြည်း

သို့မဟုတ် ဖြုန်းစားကြီး ပြိုကျပျက်စီးသွားတတ်ပါတယ်။ ရပ်ရေးရွာရေး သာရေးနာရေး စတဲ့အများအကျိုးဆောင် ပရဟိတလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်ခြင်းဖြင့် အပြစ်လည်းကင်း၊ တရားမယွင်းတဲ့ အလုပ်မျိုးတွေ တိုးလုပ်ပြီးသား ဖြစ်နေစေအပ်ပါတယ်လို့ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။ (ငင်း၊စာ-၈၀)

ဒါသည်ပင်လျှင် မင်္ဂလာရှိသောခြေတစ်လှမ်းအဖြစ် မှတ်ယူလျှောက်လှမ်းစေချင်ပါတယ်။

## မင်္ဂလာ၏ ဆဋ္ဌမ ခြေလှမ်းများ

* မကောင်းမှုမှန်သမျှ မတွေ့ရအောင် ဝေးဝေးရှောင်လော့၊
* ပက်ပင်းစေ့စေ့ ထိပ်တိုက်တွေ့သော် စိတ်လေ့အထူး
  ကိုယ်မကူးအောင် အထူးရှောင်လော့၊
* စိတ်နေ့စေဘတ် မူးယစ်မှုအရပ်ရပ်ကိုလည်း
  ပလပ်စောင့်စည်း အောင့်အည်းလိုက်ပါလော့၊
* မူးမေ့ပျော်ပါး မကောင်းလားကို တရားဖြင့်ဖက်
  မှားချင့်တွက်၍ ပယ်ဖျက်လိုက်ပါလော့။

ဤလေးပါးစု အပေါင်းသည်...
အယုတ်မထယ် အမြတ်ချည်းသာဖြစ်သောကြောင့် မင်္ဂလာ၊
အရှုံးမထွက် အမြတ်ချည်းသာ ထွက်ခြင်းကြောင့် မင်္ဂလာ။

**မကောင်းမှုမှန်သမျှ ဝေးဝေးက ရှောင်**

ငါးဆယ်ဝန်းကျင်အရွယ်ဆိုတာ...

ဉာဏဒသက (အသိဉာဏ် အဖွံ့ဖြိုး အတိုးတက်ဆုံး) အရွယ်လို့ ဆိုရတယ်။ လောကီစီးပွားရေးတွေ၊ လူမှုရေးတွေ၊ ဘာသာရေးယဉ်ကျေးမှုတွေမှာပါ အတွေ့အကြုံ ရင်ဆိုင်ရဖန်များလာတော့ ကျွမ်းကျင် နှံ့စပ်နေကြပြီကော။ စာအုပ်ထဲက ပညာထက် နှုတ်ထဲက ပညာက ဘဝနဲ့ ပိုနီးစပ်တယ်။ ကိုယ်တွေ့သမားအပြောက စာတွေ့သမားအပြောထက် လက်တွေ့ကျတာကိုး။ နှုတ်ထဲက ပညာထက် အလုပ်ထဲက ပညာက ဘဝနဲ့ ပိုပြီး နီးစပ်နေပြန်တယ်။ ဘယ်လိုပဲဖြစ်စေ ဒီအချိန်မှာ စာအုပ်ထဲက ရတဲ့ ပညာတွေ၊ ပညာရှိများထံက ဆည်းပူးခဲ့ရတဲ့ ပညာတွေ၊ အလုပ်က သင်ပေးလိုက်တဲ့ ပညာတွေ အားလုံး စုံလင်နေကြပါပြီ။ သည် စုံလင်တဲ့ အတွေ့အကြုံကြား ကိုယ်ပိုင်ဉာဏ် ကျက်စားလိုက်ရင် ဘာမဆို ကွက်တိအဖြေထွက်မှာ သေချာလှလေရဲ့။ (၎င်း၊စာ-၈၅)

* မကောင်းတာက ဘယ်လို မကောင်းတာ

* ကောင်းတာက ဘယ်လိုကောင်းတာ

တပ်အပ်သေချာ ခွဲခြားနိုင်လောက်ပါပြီ။

**မကောင်းမှုဆိုတာ**

သူရောကိုယ်ပါ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ကြရခြင်း၊ အကျိုးနည်းစေခြင်း နှစ်ချက်နဲ့ ပြည့်စုံတဲ့ သူ့အသက်သတ်၊ သူ့ဥစ္စာယူ၊ သူ့မယား ချူစတဲ့ အလိမ်အကောက်မျိုးစုံတွေပါပဲ။ ဒါတွေဟာ ကိုယ့်မှာလည်း ကျူးလွန်နေဆဲမှာပင် စိတ်မအေးရဘူး။ သူ့အတွက်ကား ဆိုဖွယ်ရာ မရှိပြီ။ အသက်သတ်မှုရဲ့ အငယ်ဆုံး အပြစ်ဒဏ်ဟာ ကိုယ့်အသက်တိုဖို့ပဲ။ သူ့ဥစ္စာ မတရားရယူမှုရဲ့ အသေးဆုံးအပြစ်ဒဏ်ဟာ ကိုယ့်ဥစ္စာ အခိုးခံရမှုစသည် လျော့နည်းစေမှုပဲ။ သူ့မယား ကျူးလွန်မှုရဲ့ အသက်ညှာဆုံး အပြစ်ဒဏ်ဟာ ကိုယ်အစွပ်စွဲ ခံရမှုပဲ။ လိမ်ညာမှုရဲ့ အလျော့ပေါ့ဆုံး အပြစ်ဒဏ်ဟာ ကိုယ့်ကို အလိမ်ခံရမှုပဲ။ မူးယစ်ရမ်းကားမှုရဲ့ အပြစ်ဒဏ်ဟာ ဦးနှောက်မမှန်တဲ့ အရူးဘဝပဲ သားတို့...လို့ ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။ (ဍင်း၊ စာ–၈၆)

တကယ်တော့ ဒီမကောင်းမှုတွေဆိုတာ နည်းနည်းမှ ကြောက်စရာမလို၊ မကောင်းမှန်း မသိတာ (ဝါ) မကောင်းကို အကောင်းထင်နေတာသာလျှင် ကြောက်စရာ၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်ဘုံတွေဆီ ဒီမကောင်းမှုတွေကြောင့် ရောက်ရမှန်းသိလျှင် ဒီမကောင်းမှုတွေ လုပ်ချင်ပါဦးမလား။ ဒါကြောင့် မကောင်းတာကို မကောင်းမှန်း သိဖို့သာ လိုရင်းဖြစ်ပါတယ်။

**ကောင်းမှုဆိုတာ**

ဒီငါးဆယ်ဝန်းကျင်မှာ ဖိဖိစီးစီး မလုပ်ရင် ဘယ်အရွယ်မှာ သွားလုပ်မှာလဲ။ သားသမီးတွေလည်း အရွယ်ရောက်သင့်သလောက် ရောက်ပြီမို့ ကုသိုလ်ကောင်းမှုတွေ များများလုပ်ဖို့ အခွင့်အရေး ပေး

လာပါပြီ။ မိမိမှာ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံလာပြီဆိုရင် မိသားစုရဲ့ ကြည်ညိုမှုကိုလည်း ရစေနိုင်တယ်။ သေလွန်သူ မိဘဆွေမျိုးတို့ကိုလည်း အမျှပေးဝေခြင်းဖြင့် အောက်တန်းစားဘဝမှ ကျွတ်လွတ်နိုင်တယ်။ မိမိဘဝ ကောင်းစားရေးကိုလည်း တာဝန်ယူနိုင်တယ်။ အကျင့်မှန်ကို အာရုံယူ မှန်ပြီး သေတတ်လျှင် လူ့ဘဝ နတ်ဘဝ အထက်တန်းစားဘဝ ရဖို့ သေချာပြီ။

ဒီအချိန်မှာ တခြားအာရုံမှ ဘုရားအာရုံ၊ မယားအာရုံမှ တရားအာရုံ၊ စီးပွားအာရုံမှ သံဃာ့အာရုံသို့ မိမိစိတ်ကို ပြောင်းပို့နိုင်ရမယ်။ သီလဆိုတဲ့ ကိုယ်ကျင့်ကောင်း အလေ့အကျင့်ဆိုတာ တကူးတက ကျင့်မှ ရတယ်။ စားပင် သီးပင်များ စိုက်ပျိုးရသလိုပဲ၊ မကောင်းမှု ဒုစရိုက်တွေသာ ပေါင်းမြက်တွေလို သူ့အလိုလို ပေါက်ဖွားတောာထနေတတ်တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သံသရာလည်ရာမှာ တိရစ္ဆာန်ဘဝက အများဆုံးမို့ တိရစ္ဆာန်ဘုံက ပါလာတဲ့ အမွေခံအကျင့်ဆိုးတွေ မကုန်တတ်သေးလို့ပဲ။ ကောင်းတဲ့ အကျင့်မှန်မျိုးကျတော့ လူ့ဘဝ ရောက်မှသာ ရနိုင်တဲ့ လက်ထက်ပွားမျိုး ဖြစ်တယ်လို့ ဆရာတော် ဘုရားကြီးက ဂန္ဓ သေချာ မှာကြားတော်မူပါတယ်။ (ငုင်း၊ စာ-၈၉)

လူ့ဘဝရောက်သော်မှ ဆယ်နှစ်သားသမီးတွေတုန်းကလည်း ကလေးအရွယ် လူမမယ်မို့ဆိုကာ မလုပ်ဖြစ်သေးဘူး။ နှစ်ဆယ်မှာလည်း ရှုးတုန်းမိုက်တုန်းမို့ ဆိုပြီး မလုပ်ဖြစ်သေးဘူး။ သုံးဆယ်ကျပြန်တော့လည်း ပျော်ကောင်း ပါးကောင်း စားကောင်းတုန်းမို့ မလုပ်ဖြစ်ကြသေးဘူး။ လေးဆယ်မှာလည်း ရှိသမျှ အင်အားများနဲ့ မယားစာ သားစာ ဝမ်းတစ်ထွာပြည့်အောင် ဖြည့်ပေးရတုန်းမို့

မလုပ်ဖြစ်ခဲ့ကြသေးဘူး။ အခုငါးဆယ်ဝန်းကျင်မှာတော့ လူ့ဘဝ လူစိတ်ရဖို့ တကယ်လုပ်ဖြစ်အောင် လုပ်ကြရပါတော့မယ်။

ကိုယ်ကျင့်သီလ မှန်ကန်မှ သွားလမ်းဖြောင့်မှာ၊ ဒါနက ရောက်ရာ ဘဝ စားသုံးဖို့၊ **သီလက ဘဝကောင်း ကူးပြောင်းနိုင်ဖို့၊** ဒီတော့ နောက်စွဲကို လွှတ်၊ နောက်ဆွဲကို ဖြေ၊ နောက်ခြေကို သိမ်းတတ်မှ ရှေ့ခြေလှမ်း တန်းစေတတ်ပါတယ်။ နောက်ကြောင်းစွဲ မဖြတ်တောက်ဘဲ ကောင်းရာသွားဖို့ ကြိုးစားလျှင်တော့ နွားကြီး တိုင်ချည်ပြီး မောင်းနေသလို ဖြစ်မှာပေါ့။ သည်တော့ နောက်ကြောင်းစွဲ မှီပြီး ကျူးလွန်ရတဲ့ မကောင်းမှု ပယ်ဖျောက်နိုင်ဖို့ မကောင်းစိတ်မှ ကောင်းစိတ်ဖြစ်အောင် လေ့ကျင့်ရမယ်။

သည်လိုလေ့ကျင့်ရာမှာ ကိုယ့်စိတ်ကိုယ် မပိုင်သေးမီ 'အဝေးရှောင်' နည်းနဲ့ လေ့ကျင့်ရပါမယ်။ အဝေးရှောင်ဆိုတာ သားမယားနဲ့ စီးပွားရေးလုပ်ငန်းခွင်က ဝေးရာ ဘုရားကျောင်းကန်တို့ကို ဆိုလိုပါတယ်။ ကိုယ့်အိမ်မှာကိုယ်ဆိုရင် သားမယားစိတ် စီးပွားစိတ်တွေနဲ့ နေလေတော့ ဘယ်မှာ သီလစင်ကြယ်နိုင်ပါတော့မလဲ။ ဒါကြောင့် ကျောင်းသွားပြီး ကိုယ့်စိတ်ကိုယ် ထိန်းကျောင်းတဲ့ အလေ့အကျင့် လုပ်ကြရပါမယ်။ ရဟန်းသံဃာတော်များဆီက သိက္ခာပုဒ်များ တောင်းယူဆောက်တည်၊ သိက္ခာလုံ သရဏဂုံတင်ပြီး ကိုယ့်စိတ်ကလေး သူတစ်ပါးအာရုံ စားကျက်ထဲသို့ သွားရောက် ခိုးမစားအောင် ယိန်းကျောင်းလေ့ကျင့်ကြရမှာပါ။

မိမိစိတ်နဲ့ ကိလေသာတို့ကြား သတိလေး ခံထားပြီး သရဏဂုံ ပွားထုံနေလျှင် **စိတ်ယုတ်မာဟာ တစ်မုဟုတ်ချင်း စိတ်ကောင်း အ**

**သွင်သို့ ပြောင်းသွားစေတယ်**။ စိတ်မှန်သမျှ အကောင်းကြိုက်ချည်းပဲ။ ကိလေသာထက် ကောင်းတဲ့ အာရုံတွေ့လျှင် ချက်ချင်း လက်လွှတ်ပြီး တန်းနေအောင် လိုက်တော့တာပဲ။ စိတ်မှန်သမျှ အသက်သာ ကြိုက်ချည်းပဲ၊ ပင်ပန်းမှ ခံစားခွင့်ရတဲ့ ကိလေသာထက် မပင်မပန်း ခံစားရတဲ့ အာရုံကောင်း (ဓမ္မာရုံ) မိသွားလျှင် တစ်ချီတည်း လက်မလွှတ်တော့ဘူး။ အကောင်းကြိုက် အကောင်းဆုံး မိသွားမှ ကိုး...စသည်ဖြင့် ဆရာတော်ဘုရားကြီးက ပြည့်ပြည့်စုံစုံ ရှင်းပြတော်မူပါတယ်။ (ငင်း၊ စာ-၉၁)

### အနီးကပ် အထူးရှောင်

ကျောင်းမှာ ဥပုသ်စောင့်ပြီး စိတ်ထိန်းကျောင်း လေ့ကျင့်တာ အဝေးရှောင်၊ သာမန်ရှောင်။

ကျောင်းက အိမ်ပြန်ရောက်တာနဲ့ သားမယား၊ စီးပွားအာရုံတွေနဲ့ ပြန်တွေ့ရဦးမှာပဲ။ ဒီအချိန်မှာ အာရုံတွေနောက်ပြန်လိုက်ဦးမလား၊ ကိုယ့်စိတ်ကိုယ်နိုင်အောင် ထိန်းမလား။ ကိုယ့်စိတ် ကိုယ်နိုင်ပါမှ မယားနဲ့ ပေါင်းလည်း မယားစွဲ မစွဲတော့၊ ကြက်သားစားလည်း ကြက်စွဲ မစွဲတော့၊ ဒါကိုပဲ **အနီးကပ် အထူးရှောင်ကြဉ်မှု** လို့ ဆိုရပါတယ်။

အဝေးရှောင်က...**ကိုယ်လွှတ်ရန်းနည်း**

**အနီးရှောင်က...စိတ်လွှတ်ရန်းနည်း**

ကျောင်းမှာ ဥပုသ်သွားစောင့်တာက သင်တန်းသွားတက်တာနဲ့ တူပါတယ်။ အာရုံတွေကြား ကိုယ့်စိတ်ကိုယ် ထိန်းကျောင်း စောင့်စည်းရတယ်ဆိုတာ ရှေ့တန်းထွက်တိုက်တာမျိုး ဖြစ်ပါတယ်။ အာရုံ

ငါးပါး ဖမ်းစားမှုနဲ့ ပတ်သက်လာရင် အတွေ့ပဲလာလာ၊ အငွေ့ပဲ လာလာ...လာချင်ရာ လာ၊ မိမိသီလ ဖြူစင်ကြောင်း ပြသရပါမယ်။

သီလနဲ့ အသက် တစ်ခုခုစွန့်လွှတ်ရမယ့်အခါမျိုးမှာ အသက်မငဲ့၊ သီလကိုသာ အရယူပြပါ။

ဒါမှသာလျှင် အထူးရှောင်၊ အောင်မြင်ကြီးပွားရေးရဲ့ ခြေလှမ်းကောင်း ဖြစ်တယ်လို့ ဆရာတော်ဘုရားကြီးက လေးလေးနက်နက်မှာကြားတော်မူပါတယ်။ (၄င်း၊ စာ-၉၃ ရှု)

## မေ့မေ့မူးမူး သတိဖြင့် အထူးရှောင်ကြည်

ကျွန်တော်တို့ ကောင်းချင်ပါလျက် အဆိုးတွေနဲ့ ကြုံဆုံနေရတာ ဘာကြောင့်ပါလဲ။

အရှေ့သို့ သွားနေပါလျက် အနောက်သို့ ရောက်နေတာ ဘာကြောင့်ပါလဲ။

လုပ်ရင်း မှား၊ သွားရင်း လွဲနေတာ ဘာကြောင့်ပါလဲ။

တရားခံ ဘာလဲ၊ ဘယ်သူလဲလို့ အမေးပုစ္ဆာထုတ်ပြီး ဆရာတော်ဘုရားကြီးက အဖြေထုတ်ပေးလိုက်ပုံကတော့ ဒီလိုပါ။

အလုပ်လုပ်နေကြတယ်ဆိုပေမယ့် အသိရှိရှိနဲ့ လုပ်ခဲ့ကြတာမဟုတ်၊ မေ့မေ့မောမော မျောမျောကြီးနဲ့ လုပ်ခဲ့သွားခဲ့ကြတာ ဖြစ်လို့ အကောင်းရှာ အဆိုးတွေ့နေခြင်း ဖြစ်ပါတယ်။ အပူလွန်လို့ သတိမရတဲ့ လူမမာတွေလို လူတွေမှာ **ကိလေသာအပူ အထပ်ထပ်ဆူနေလို့ မေ့မေ့ကြီး နေလေ့ရှိတယ်**။ မေ့တယ်ဆိုတာ ပစ္စည်းတစ်ခုခု မေ့ကျန်ခဲ့တာမျိုးကို မဆိုလို၊ အကောင်းအဆိုး အကျိုးအပြစ် ခွဲခြားပြီး မသိတာကို မေ့တယ်လို့ ရည်ညွှန်းပါတယ်။ ဒီလို မေ့မေ့ကြီး နေတဲ့

ခလေ့ကြောင့် မသိမှုထဲ ဝဲလည်နေရတယ်။ မသိနောက် မသိချည်း လိုက်နေရတယ်။ မသိနောက် အသိလိုက်နိုင်မှ **လူတော်လူမော်** ဖြစ်ကြောင်း ဆရာတော်ဘုရားကြီးက ရှင်းပြပါတယ်။

ဒီလို နဂိုက မေ့ရတဲ့အထဲ အမူးပါ ဖက်လာရင်တော့ သွက်သွက် ခါသွားပြီ။

**အရက်သေစာနဲ့ မူးယစ်စရာမှန်သမျှ မေ့လျော့ခြင်းရဲ့ အဓိက အကြောင်းခံပဲ။**

**မိတ်ဖြစ်ဆွေဖြစ်လောက်၊ စီးပွားရေးအရ ကင်းမဖြစ်လို့ဆိုတဲ့ ဆင်ခြေသုံးများ လုံးလုံးပယ်သင့်ပြီ။** အရက်နဲ့ ပေါင်းသင်းတာဟာ **မေ့အောင် မေ့ဆေး** ပေးပြီး လိုရာနှိုက်ကြတာ။ မေ့စိတ်ဟာ သူများ ခိုင်းစားဖို့ သက်သက်လို့ မှတ်ထားကြ။ (ဎင်း၊ စာ-၉၄)

* **မေ့သွားတာ သေတော့မှာမို့ ဟန်ပြင်တာ၊**
* **မသိတာက အသက်ထွက်သွားလို့ သေတာ၊**

အမူးလွန်ရာက ပင်ကိုသတိ လွတ်ပြီး **အရှက်ကုန် အကြောက် လွတ်** ဖြစ်လာတဲ့အခါ **လူစိတ်ကင်းမဲ့သွားပြီ၊ လူ့အသက် ကုန်ဆုံး နေပြီ။** သည်အချိန်ဟာ တိရစ္ဆာန်ရိုင်းတစ်ကောင်ရဲ့ အမူအကျင့် များနဲ့ ဘာမှ မထူးတော့ဘူး။

* မကောင်းတာကိုလည်း သူမသိ၊ ကောင်းတာကိုလည်း သူမသိ၊ အမေ့ထဲ အမူးပြည့်၊
* မပြောသင့်စကား၊ မလုပ်သင့် အလုပ်၊ မကြံသင့် အကြံ သူမသိ၊ အမေ့ထဲ အမူးပြည့်၊
* အမူးပြည့် အမေ့ပြည့် ဘာဆိုဘာမှ သူမသိ။ သူသိသည်မှာ

**စရိုက်၊ ဉာဏ်က ပြောသမျှသာ။** ရာဂစရိုက်ကြီးသူက 'မ' လိုက်ဖို့

သာ၊ ဒေါသစရိုက်ကြီးသူက ရန်စ,ဖို့သာ၊ မောဟစရိုက်ကြီးသူက အယုတ္တအနတ္တ စကားတွေကို အရှက်ကင်း အကြောက်ကင်း ပြောဆိုနေလိမ့်မယ်။

ငယ်ရွယ်စဉ် ရှုးမှူးခဲ့တာတွေ ဒီလို ရင့်ကျက်ပိုင်း အရွယ်ထိ သယ်ဆောင်မလာစေသင့်တော့ဘူး။ ဒါ့ကြောင့်...

* မကောင်းမှုမှ အထူးရှောင်လိုသော် မကောင်းရာမှူးယစ်ကို အရင် နိုင်အောင်ကျင့်ပါ။
* မကောင်းမှုကို အနိုင်ယူလိုသော် 'အရှက်၊ အကြောက် နှစ်ပါး'ကို ပျော်အောင်မွေးမြူထားပါ။

မကောင်းမှုကို လွန်ကျူးကြရာမှာ ငယ်စဉ်က မသိလို့၊ ကြီးတော့ မူးယစ်သောက်စားမိကြလို့။

ငယ်စဉ်ရဲ့ မသိမိုက်မျိုးကိုတော့ လူကြီးသူမနဲ့ ပညာရှိသူတော်ကောင်းတို့ရဲ့ သွန်သင်လမ်းညွှန်မှုနဲ့ လူကောင်းဖြစ်နိုင်သေးတယ်။ ကြီးမှ သိသိကြီးနဲ့ မိုက်တာကတော့ဖြင့် ဘယ်လိုမှ ကြားလူဝင်ပေးလို့ မရတတ်တော့ပါဘူး။

* မသိမိုက်ထက် သိမိုက်က ပိုဆိုးတယ်၊
* ကလေးမိုက်ထက် လူကြီးမိုက်က
  ပိုပြီး ကြောက်စရာကောင်းတယ်။

အချိန်မဲ့ အမှောင်ဟာ ရှောင်သူ မလွတ်တတ်ပါဘူး။ အမှောင်ကြီးလေ အရှောင်ခက်လေ၊ အရိုးရင့်လေ ခေါင်းမာလေပဲမို့ သူ့ဘဝလမ်းလည်း အမှောင်ဖုံးပြီး ဆုံးသွားတတ်တယ်လို့ ဆရာတော်ဘုရားကြီးက ကရုဏာကြီးစွာ မှာကြားတော်မူပါတယ်။ ဒါ့ကြောင့် မသိခြင်းရဲ့ တရားခံ မေ့ခြင်း၊ မေ့ခြင်းရဲ့ တရားခံ မူးခြင်းကို သတိဖြင့်

အထူးရှောင်နိုင်မှသာ မင်္ဂလာခြေလှမ်းစစ်စစ်ဖြစ်တယ်လို့ နားလည်နိုင်ကြောင်းပါ။ (ငှင်း၊စာ-၉၆ ရှု)

**တရားအမှတ် မျက်ခြည်မပြတ်ကြစေနှင့်**

အသက်လေးဆယ်…ကံကောင်းတုန်းက ဒါနမှုတွေ အားရအောင် ပြုခဲ့ပြီးပြီ။ အခု အသက်ငါးဆယ်မှာတော့ဖြင့် ဉာဏ်ကောင်းတုန်းမှာ အနည်းဆုံး **ကိုယ်စိတ်ငြိမ်သက်အောင်** ကြိုးစားသင့်ကြပါပြီ။ **ဒီအချိန်မှာ သတိပြုစရာတွေကတော့**…

* ကိုယ့်မာနကို ချိုးနှိမ်ဖို့ ကြိုးစားပါမှ
သူ့မာနက လွှမ်းမိုးလာတတ်တယ်၊
* ကိုယ့်ရာဂကို ပစ်ပယ်ဖို့ ကြိုးစားပါမှ
သူ့ရာဂက နှိုးဆွလာတတ်တယ်၊
* ကိုယ့်ဒေါသကို ခွာထုတ်နေပါမှ
သူ့ဒေါသက ဖိစီးလာတတ်တယ်။

လယ်ကန်သင်းကတွတ်ပေါက်မှာ ခဲလုံး အတားအဆီးများ ပိတ်ဆို့ချထားစဉ်တုန်းက လာသမျှ ရေ ရှေ့မတိုးသော်လည်းပဲ ပိတ်ဆို့ခဲ ခွာရှဲပေးလိုက်ရင် ရေတွေ ဒလဟော စီးဝင်လာသလိုပါပဲ။ တစ်ဖက်သားတို့ရဲ့ ကြွားဝါဝင့်ကြွားမှု၊ မြူဆွယ်လမ်းပေးမှု၊ စိန်ခေါ်မှုစတဲ့ အပြင်ရန်တွေကလည်း ဒုန့်ဒေး၊ ကိုယ်တွင်းရှိလက်ထက်လက်ငုတ်များကလည်း ဖောင်းထဲက မြင်းလိုပဲ။ ဟိုတုန်းက အိမ်ထောင်ဝန်၊ စီးပွားဝန်တွေ ထမ်းနေရလို့ ကိုယ်စိတ်နှလုံး ဂျုန်းဂျုန်းကျ (ချုန်းချုန်းကျ) မို့ မထသာပေမယ့် ယခုအားမယ် နားမယ်မှ မကြဲသေးဘူး၊ ဒီကိလေသာက အရင်ထကြွတော့တာပဲ။ **စိတ်ရဲ့သဘာဝ**

ကို ဆရာတော်ဘုရားကြီးက အဲဒီလောက်ထိ နှိုက်ချွတ်ပြထားပါတယ်။ (စာ-၉၇ရှု)

ဒါ့ကြောင့် စိတ်ကို ပေါက်လွှတ်ပဲစား ပစ်ထားရင် သွားနေကျ စားကျက်တန်းသွားပြီး သူတစ်ပါးအာရုံတွေကို အတွေ့ဖြင့် ခိုးကြောင်ခိုးဝှက် သွားစားတော့မယ်။ **အာရုံတစ်ချက်မှားလျှင် ကိလေသာ စားတစ်ချက် အစုတ်ခံရတော့မှာ သေချာတယ်။ ကိလေသာ စား တစ်ချက် ထိမိလျှင် စိတ်ဒဏ်ရာရမှာကလည်း မလွဲဘူး။ ရာဂစိတ် ကာမစိတ်ကြောင့် ဖြစ်တဲ့ဒဏ်ရာ အဲဒီရာဂဆေး၊ ကာမဆေး ကျွေးမှ ပျောက်ကင်းသက်သာတတ်တယ်။ မာန၊ ဒေါသ၊ မောဟ စတဲ့ ဒဏ်ရာတွေမှာလည်း သူ့ဆေးနဲ့သူမှ ပျောက်ကင်းတတ်တာမျိုးချည်းပဲ။** အနာထကြွတိုင်း လူမမာ ညည်းတွားရသလို ကိလေသာ ထကြွတိုင်း စိတ်ကစားနေလျှင် လူကြီးကိုယ်နဲ့ ကလေးစိတ်ဖြစ်နေတော့ **'လူကြီးမင်း' ဖြစ်မလာနိုင်တော့ဘူး။** (ၝင်း၊ စာ-၉၈)

ဒါ့ကြောင့် အရွယ်နဲ့လိုက်ဖက်တဲ့ စိတ်သဘောထားကြီးမြင့်မှုမျိုး ရောက်အောင် စိတ်ကစားမှုကို ထိန်းကျောင်းပေးနိုင်မယ့် **ကျင့်စဉ်တစ်ခု** ကို လက်စွဲထားဖို့ လိုအပ်လာပါပြီ။ ဘယ်ကျင့်စဉ် ကျင့်ကျင့် **သတိမလွတ်ဖို့သာ အဓိက။** စိတ်ဆိုတာ ငယ်ပေါင်း ကိလေသာနဲ့ သံယောဇဉ်ပြတ်ဖို့ အခက်သား။ ကိလေသာဆိုတာ ကလည်း အမြှူအခွာက ပါးနပ်သား။ မယားလိုချင်တုန်းက မယားနဲ့ပြပြီး လိုချင်တာ ခံစားခဲ့ကြသလို တရားလိုချင်ပြန်တော့လည်း ကိလေသာက လိုချင်တာလေးပြပြီး သတိလွတ်အောင် လုပ်ဆောင်တတ်ရဲ့။

သတိတစ်ချက် လွတ်ရင် စိတ်နဲ့ အကြိုက် ပေါင်းမိသွားပြီး

ရှုကွက်ထဲ အာရုံကောင်းလေးများ မိနေရင် **ကြိုက်စိတ်** ပေါ်လာ တတ်တယ်။ သတိတစ်ချက် လျော့လို့ စိတ်နဲ့ မကြိုက် ပေါင်းမိသွား ပြန်ရင်လည်း **မကြိုက်စိတ်** ထလာပြီး ရှုကွက်ထဲက အာရုံဆိုး ပေါ် လာတာနဲ့ မကျေချမ်းချင်တော့ဘူး။ သတိတစ်ချက်မေးလို့ အာရုံ ရေးရေးပေါ်နေပြန်ရင်လည်း စိတ်နဲ့ မသိ ပြန်လည်ပေါင်းမိကြပြီး **မသိစိတ်** ဖြစ်သွားပြန်ကရော။

ဒါမှမဟုတ်ရင်လည်း စိတ်နဲ့ အကြိုက် ပေါင်းပြီး စိတ်ကြိုက် အာရုံဟောင်းတွေဆီ ပြန်သွား၊ ကောင်းနိုးရာရာ အဟောင်းအဆွေး များကို ဆွေးပြီး စားမြုံ့ပြန်နေတတ်တယ်။ မကြိုက်စိတ်ကလည်း မကျေနပ်တာ ပြန်အာရုံပြုပြီး ရင်ထုလား ထုနေရဲ့။ သတိပါသော်မှ ပြတ်တောင်းပြတ်တောင်း ဖြစ်နေရင် ကိလေသာ ကြားဝင်ပြီး စိတ် ကစားမှုတွေ တစ်သီတစ်တန်းကြီး ပေါ်နေတတ်လေရဲ့။ ဒါ့ကြောင့် ဘယ်ကျင့်စဉ်နဲ့ ကျင့်ကျင့် သတိမလွတ်ဖို့ဟာ စိတ်ကစားမှုကို ထိန်း ကျောင်းခြင်းရဲ့ သော့ချက်လို့ မှတ်ပါလေ...လို့ ကျေးဇူးရှင် ဆရာ တော်ဘုရားက အထူးသတိပေးထားပါတယ်။ (ၧင်း၊စာ-၉၉)

သည်လိုသာ သတိရဲ့မပြတ် ရှုမှတ်မှုနဲ့ စေ့စပ်မှု၊ စူးစိုက်မှု နှစ် ဖက် ညှပ်ပြီး စိတ်ရိုင်းကို ကျုံးသွင်းလိုက်ရင် စိတ်ရိုင်းဟာ ယဉ် လာမယ်။ ပြေးနေတဲ့ စိတ် ငြိမ်လာမယ်။ စိတ်မှာ ကြိုက် မကြိုက် မသိဆိုတာတွေ မကပ်သာတော့ဘူး၊ မကောင်းမှုတွေအားလုံး ထွက် ပြေးသွားကြတဲ့အချိန် ကိုယ်စိတ် ငြိမ်သက်မှုထဲမှာ သိရာကို အဖြေ ရှာကြည့်၊ အရှိကို အမှန်အတိုင်း သိလာမယ်လို့ ဆရာတော်ဘုရား ကြီးက အာမခံချက် ပေးတော်မူပါတယ်။ (ၧင်း၊စာ-၁၀၀)

ဒါကြောင့် တရားအမှတ် မျက်ခြည်မပြတ်ခြင်းဟာ မင်္ဂလာရဲ့ ထက်သန်အားကောင်းတဲ့ ခြေတစ်လှမ်းဖြစ်ကြောင်း ကောင်းစွာ ဆင်ခြင်ခွင့် ရကြပါလေပြီ။

## မင်္ဂလာ၏ သတ္တမ ခြေလှမ်းများ

- ရိုသေထိုက်သူ တွေ့က ရိုသေတတ်စေ
- မိမိမာန ဝေါချသို့ နှိမ့်ချထားစေ
- ရသမျှပဲ စိတ်မခွဲပြင့် ရောင့်ရဲတတ်စေ
- သူ့ကျေးဇူးကို အထူးသိတတ်ကြစေ
- မြတ်စေစား ထိုတရားကို ကြားလည်း ကြားစေ
  နာတတ်ပစေ

ဤငါးပါးစုသည်...

အဆုတ်မရှိ အတက်ဖြင့်သာ ပြည့်စုံသောကြောင့် မင်္ဂလာ၊

အရှုံးမဖက် အမြတ်သက်သက်ချည်းသာ ဖြစ်ခြင်းကြောင့် မြတ်သော မင်္ဂလာ။

**အသက်ဂုဏ်ကြီးသူတို့ကို ရိုသေပါ**

* မိဘတို့မေတ္တာဆက်ကြောင့် သားသမီးတို့ အသက်တစ်ရက် ပို၍ရှည်စေနိုင်သည်၊
* သားသမီးတို့ အပြုံးကြောင့်လည်း မိဘတို့နှလုံး တစ်ရက်နှုန်း ပို၍ အေးစေနိုင်သည်။

ဒီလိုပါပဲကွယ်၊ မိမိထက် အသက် သိက္ခာအားဖြင့် ကြီးမြင့်သူတို့ကို ရိုသေစိတ်၊ အလေးပေးစိတ်များဖြင့် ယဉ်ကျေးပျူငှာ ဆက်ဆံတတ်ပါလျှင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်အားဖြင့် ကြီးမြတ်နေသူ ဖြစ်ပါက အဲဒီဂုဏ်တွေ ရောင်ပြန်ဟပ်ပြီး မိမိကိုယ်တိုင်လည်း ဂုဏ်ကြီးသူ ဖြစ်နိုင်ပါတယ်။ ဒီလိုပဲ မိမိထက် အသက်တစ်ရက်ကြီးသူကို ရိုသေခြင်းဖြင့်လည်း မိမိမှာ အသက်တစ်ရက် ပိုရှည်စေနိုင်ပါတယ်။ အရိုသေခံရသူမှာလည်း ဝမ်းမြောက်စိတ် ဖြစ်ပေါ်ပြီး ပူစိတ်ကြောင့် အသက်တိုမယ့်ဘေးက ကင်းဝေးစေနိုင်ပြန်ပါတယ်။

ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံး ရွှင်ပြုံးချမ်းသာစွာနဲ့ နေတတ်သူတို့မှာ **သက်တမ်းထက် လွန်ပြီး အသက်ရှည်စေနိုင်တယ်**။ ပူပန်စိတ်နှိပ်စက်ခံရသူများကတော့ **သက်တမ်းအောက်လျော့ပြီး အသက်**

**ကုန်** ရ တတ်တယ်။ ကံကောင်းထောက်မသူနဲ့ ကံမကောင်း အကြောင်းမလှသူ ဒီလိုကွာပါတယ်။ ပြုံးတစ်လှည့် နှုံးတစ်လှည့် သမားတွေကတော့ **သက်တမ်းစေ့** မျှသာ၊ ဆရာတော်ဘုရားကြီးက **သေပုံ သုံးမျိုး** ကိုပါ အဲဒီလို ဖော်ပြခဲ့ပါတယ်။ (၄င်း၊ စာ-၁၀၄)

ဂုဏ်ကြီးသူမှာ ကံသက်ထက် ဉာဏ်သက်က ပိုကဲနေပြီး အသက်ကြီးသူမှာတော့ ဉာဏ်သက်ထက် ကံသက်က ပိုကြီးနေ တတ်တယ် ဆိုပါတယ်။ ဒီလို ဉာဏ်ကြီး ကံကြီးသူတို့ကို ရိုသေ ဆည်းကပ်ခြင်းဖြင့် 'အသက်ရှည်၊ အဆင်းလှ၊ ဗလထွား၊ ချမ်းသာ များ' ဆိုတဲ့ အကျိုးလေးမျိုး ရကြောင်း ဘုရားဟောလည်း အရှိသား ပါလေ။ ရိုသေရုံလေးဖြင့် ရအပ်တဲ့ ကောင်းမြတ်တဲ့ မင်္ဂလာတွေ။

လောကမှာ အရိုအသေ မရှိဘဲ မနေစကောင်းပြီ။

သူ့ကို ရိုသေခြင်းဟာ ကိုယ်အရိုသေခံရဖို့ အကြောင်းကံလည်း ဖြစ်နေပြန်ရဲ့။ ရိုသေရမှာ မရှက်ပါနဲ့။

* မရှက်သင့်ရာကို ရှက်ခြင်းသည် လူအုပ်ကြား
ကိုယ့်ရွှေထုပ် ထုတ်မသုံးရဲသလို ရှိတတ်သည်။

* ရှက်သင့်ရာကို မရှက်ခြင်းကား လူရှေ့သူရှေ့
ခွေးဖို ခွေးမ တွေ့ကြသလို ဖြစ်တတ်သည်။

ဒါကြောင့် ဆရာတော်ဘုရားက 'အရှက်မလွဲကြစေနဲ့' လို့ ဆုံးမပါတယ်။

လူမိုက်တစ်ရာ ချီးမွမ်းတာထက် ပညာရှိတစ်ဦး ကဲ့ရဲ့ခံရမှာ ကိုသာ ရှက်ကြစမ်းပါ။ သားသမီးမကောင်း မိဘခေါင်း ဆိုတာလို ရိုသေထိုက်သူရှေ့ မဖွယ်မရာပြုမိရင် မိဘတွေပါ သိက္ခာနာမည်ပျက် တတ်လေရဲ့။ ဒီလို... ကိုယ့်လည်းထိ မိဘလည်း ငြိမယ့် မယဉ်ကျေး

မှုမျိုးကို ဂုဏ်သိက္ခာ အသက်ကြီးမားသူတွေရဲ့ရှေ့မှာ အရှက်နဲ့ ဖုံးပြီး ထိန်းသိမ်းခြင်းဖြင့် မိဘဂုဏ်ကိုလည်း မြှင့်တင်၊ မိမိဂုဏ်ကိုလည်း အလှဆင်ပြီး ရိုသေထိုက်သူတို့ရဲ့ ဂုဏ်ကိုပါ အရောင်တင်ပေးတတ်ကြပါစေကွယ်လို့ ဆရာတော်ဘုရားကြီးက ပြည့်ပြည့်ဝဝ မှာကြားလမ်းပြတော်မူပါတယ်။ (၄င်း၊ စာ-၁၀၇)

## မိမိမာန ခဝါချသို့ နှိမ့်ချထားစေ

မိမိထက် အသက်နဲ့ ဂုဏ်ကြီးသူတို့ကို ရိုသေခြင်းဟာ မင်္ဂလာတစ်ပါးလို့ ဆိုခဲ့ပြီးပြီ။

အရိုသေအောက်မှာ **မာန်ဝင်ထောက်နေလျှင်လည်း အောက်ဆတ်ဆတ် ရိုသေမှုမျိုး** ဖြစ်နေတတ်ပါသတဲ့။ ကိုယ်ဖြင့် အရိုအသေပေးလျှင် စိတ်ကလည်း မာန်ကျနေပါစေ၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလို နူးညံ့ပျော့ပျောင်းပြီး ဆွဲသလိုပါ ခါသလိုငြိမ်နေတတ်မှ၊ ဆိုသည်မ လက်သုတ်ဖတ်မျိုးလို နွမ်းကြေနေစေပြီး သုတ်သမျှ ဆိအရည်လည်နေပါမှ အမြတ်ဂုဏ် ကိုယ့်မှာ ပုံလာတတ်တယ်။

* မာန်ဝင်နေလျှင် အမှန်မမြင်၊ မာန်စင်မှ အမှန်မြင်
* မာန်ခံနေလျှင် အမှန်မရ၊ မာန်လန်မှ အမှန်ရ

မာနဆိုတာ သဘော်ကြီးက ကျောက်ဆူးလိုပဲ၊ ခရီးလမ်းကို ဆွဲငင်ထားတတ်တယ်။ လယ်ကတွတ်ပေါက်က ခဲလိုလည်း ဝင်မယ့်ရေကို တားဆီးထားစေတတ်တယ်။ ပုလင်းဇက်သိမ်လေးလိုလည်း လေခံနေခြင်းဖြင့် ဝင်လာတဲ့ရေကို တင်းခံနေစေတတ်တယ်။ **မာန်** (ကိုယ့်ကိုယ်ကို ခင်မင်ရာမှ အထင်ကြီးစိတ် ဝင်နေသော သဘော) သည် ကိုယ့်ထံ ရောက်မယ့်လာဘ်ကို ဆီးပိတ်ထားတာချည်းပဲ။

* ပညာနှင့် ပတ်သက်လာလျှင် သူတတ်သလောက်
ငါလည်း တတ်ပါတယ်။
* စီးပွားနှင့် ပတ်သက်လာလျှင်လည်း
သူလုပ်သလောက်တော့ ငါလည်းပဲ လုပ်တတ်ပါတယ်။

သည်လို ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်၊ ဘဝင်မြင့်စိတ် ဝင်နေသူမှာ ရမယ့်ပညာ လက်လွတ်တတ်တယ်။ တက်မယ့်အညွန့်ကလေး ဆွဲလှန်ချိုးဖဲ့ပစ်သလို ဖြစ်တတ်တယ်။

မာန်မှာ **အမြတ်မာန်နှင့် အယုတ်မာန်** နှစ်မျိုးရှိသေးသကွဲ့။

အမြတ်မာန်ဆိုတာ ကိုယ့်ထက် သာတာကို အန်မတုဘဲနဲ့ ရိုသေ နှိမ့်ချပြီး သူ့လိုဖြစ်အောင် ငါကြိုးစားမယ်ဆိုတဲ့ မာန်ပဲ။ သည်မာန်က **ဓာတ်ကူးမာန်** ကွဲ့၊ သူ့ရှိ စိတ်ဓာတ်မျိုး ကိုယ့်ထံမှောက်ရောက်လေအောင်၊ သူ့စွမ်းဆောင်မှုမျိုး ကိုယ့်ထံမှောက် ရောက်လေအောင် သွင်းယူတဲ့ မာန်၊ သည်မာန်မျိုး ရှိသူများမှာတော့ တစ်နေ့တခြား တိုးပွားစေနိုင်တယ်။ ကြီးပွားနှုန်းကို အားပေးစေတယ်။ ဘယ်အရာမျိုးမဆို မာန်မတင်းဘဲနဲ့ ရှေ့မတိုးနိုင်ဘူး။ အလောင်းတော်များသော်မှ မှန်းရာခရီး ပြီးစီးအောင်မြင်အောင် ရဲမာန်တင်းပြီး ခရီးပြင်းနှင်ရသေးတာကလား။

အယုတ်မာန် ဆိုတာကတော့ ကိုယ့်ထက်သာတာကို မသိကျိုးကျွန်ပြုတာ၊ ထောင်လွှားတက်ကြွ အန်တုပြီး သူကကော ဘာမို့လို့လဲ၊ ငါကကော ဘာမို့လို့လဲဆိုတဲ့ အားပြိုင်မှုမာန်ပဲ။ သည်မာန်ကတော့ **ဖြတ်တောက်မာန်** လို့ ဆိုရမယ်။ သည်မာန်နောက်မှာ ယုတ်ပတ်တဲ့ မနာလိုမှုတွေ ပါတယ်။ သူ့သတင်း သေးသိမ်အောင်

အပုပ်ချမှုတွေ ပါမယ်။ သူ့ကောင်းစားမှု မရှုဆိတ်တဲ့ စိတ်လည်း ပါမယ်။ သည်စိတ်တွေ မွေးကတည်းက ကိုယ့်စိတ် အောက်တန်းကျ ယုတ်မာသွားပြီ။ ယုတ်စိတ်နဲ့ အထက်တန်းကျဖို့ဆိုတာ ငွေတစ်ပဲနဲ့ ငါးကြင်းခေါင်း ကိုင်တာထက် ဝေးသေးတယ်။ သည်တော့ အမြတ်များများလိုချင်ရင် အရင်းပိုကြီးရသလိုပဲ၊ စိတ်ရင်းမှန် သန့်သန့်ထားပြီး အယုတ်မာန်ကို ဖယ်ရှားပစ်ရမယ်။ သူ့မာန်ကို ကိုယ့်ရှိသေစိတ်နဲ့ ချပေးထားခဲ့ပြီး ကိုယ့်မာန်လည်း ကျစေမယ့် ဂါရဝ အမှုပြုကြရပေလိမ့်မယ်။ (ငှင်း၊စာ-၁၀၃)

စိတ်ဓာတ် ရုပ်ဓာတ် ဆုတ်ယုတ်လာတဲ့ သည်လိုအရွယ် ခြောက်ဆယ်ပိုင်းမှာမှ မာန်မချရင် ဘယ်တော့များမှ မာန်သွားချလေမလဲ။ စိတ်ကလည်း မကုန်၊ ရုပ်ဓာတ်ဟုန်ကလည်း မလိုက်နိုင်နဲ့ စိတ်ထက်သလောက် ရုပ်ဖျက်ပေးရလျှင် သုသာန်ဘက် မြန်မြန်ခြေလှမ်းပြင်တာနဲ့ ဘာမှမထူးဘူး။ ဆိုးယုတ်ပိုင်းမှာ စိတ်ကမြင်းသလောက် ရုပ်အညှဉ်းခံရတော့မယ်။ ခုနမာန် မချနိုင်ပြန်လျှင်လည်း ကိုယ်မလုပ်နိုင်သလောက် သားသမီးတွေ လုပ်တာ အားမရတတ်ဘူး။ အားမရတိုင်း ဝင်ပြောတော့ သားသမီးတွေ ပြန်ပက်တာ ခံရမယ်။

* မလုပ်နိုင်သည်ကို ကြည့်၍ မချိရသည်မှာ
အခွင့်ရတုန်းကထက် အမောပို၏၊

* မလုပ်နိုင်သည်ကို ကိုင်၍မနိုင်သည်မှာလည်း
လုပ်နိုင်တုန်းကထက် အားပိုယုတ်၏။

ဒါကြောင့် မလုပ်နိုင်တော့တဲ့အရွယ်မှာလည်း မာန်ချထားဖို့ လိုအပ်ပုံကလည်း ဆရာတော်ဘုရားကြီးက ပြည့်စုံအောင် မှာကြားလိုက်ပါတယ်။ မိမိမာန ခဝါချသို့ နှိမ့်ချထားခြင်း သာလျှင်

မင်္ဂလာခြေလှမ်းဖြစ်ကြောင်းကိုလည်း ကောင်းစွာသဘောပေါက်ခွင့် ရပါပြီ။

**အခြေမလှ ရသမျှလေးနှင့် ကျေနပ်လိုက်ပါ**

အာရုံခံစားရာတိုင်းမှာ စိတ်ပူဆာသလောက် ခွင့်မပြုဘဲ ရုပ်လက်ခံသလောက်သာ ပြုကျင့်ခြင်းဟာ ရောင့်ရဲမှုတစ်မျိုးပဲ။ အာရုံအသစ်အဆန်းများနောက် စိတ်မကစားစေဘဲ ရရာအာရုံလေးနဲ့ ဖြေသိမ့်နေတာဟာလည်း ရောင့်ရဲမှုတစ်မျိုးပဲ။ **စိတ်ဆိုတာ သူ့ရဲ့အစာဖြစ်တဲ့ တရားအရသာကိုမှ မစားရသေးလျှင် ဘယ်တော့မှအိုတယ်မရှိဘူး။** အသက်ခြောက်ဆယ်ပြည့်လည်း ၁၆ နှစ်က စိတ်မျိုးချည်းပဲ။ ရုပ်မှာတော့ သူ့အစာ စားရလို့ ကြီးထွားလာပြီ၊ အိုပြီပေါ့။ စိတ်မှာကတော့ တစ်ဖက်အာရုံ အလိုလိုက်ခံစားစေတာလည်း သူများအစာ သူ့အစာထင်ပြီး သူတစ်ပါး စားသယောင်ယောင်နဲ့ ကိုယ်အစားခံနေရတာချည်းပဲ မဟုတ်လား။ တရားအစာ စားရတဲ့ စိတ်မှာသာ သူ့အစာနဲ့သူ ပြန်စားရလို့ ကြီးထွားလာပြီး အိုလာတတ်တာမျိုး၊ စိတ်မအိုမီ စိတ်အလိုလိုက်လျှင် အားမရမှုဟာ စိတ်ကစားမှုနဲ့ ပြိုင်နေတတ်တယ်။

အာရုံခံစားရာတိုင်း ရုပ်လက်ခံသလောက်သာ ခွင့်ပြုခြင်းဖြင့် ရောင့်ရဲတင်းတိမ်ရမယ်ဆိုတာ စားကောင်းတိုင်း စိတ်အလိုလိုက်ပြီး မစားသင့်ပြီ။ ရုပ်လက်ခံတာထက် ပိုလွန်သွားလျှင် အစာမကျေရောဂါက အစ ရှိသမျှ ရောဂါ ထကြွလာတတ်တယ်။ သည့်အတူပဲ အမြင်၊ အကြား၊ အနံ့၊ အထိ၊ တွေးမိတွေးရာ အာရုံမှန်သမျှတို့မှာလည်း အာရုံမြူးသလောက် စိတ်ကူးပေါက်လျှင် စိတ်ကလည်း အား

မရ၊ ရုပ်ကလည်း မထနိုင်နဲ့ ရုပ်ဖောက်ပြန်တတ်တယ်။ စိတ်ဆော လျှင် ရုပ်မောတတ်ပြီး စိတ်အကဲမလှလျှင် ရုပ်ကျတတ်တဲ့အချိန်ပဲ။

မိမိမှာ တဏှာမကုန်သေးသမျှ အသစ်အဆန်း ဆိုတာလည်း ဘယ်တော့မှ ကုန်မှာမဟုတ်။ လူသာသေမယ်၊ အဆန်းက သေလိမ့်မယ် မဟုတ်ပြီ။ အာရုံမှန်သမျှ သူ့ထက်ငါ ဆန်းပြနေမှာချည်း။

အဆန်းမကုန် လမ်းမကုန်သမျှ ဘဝခရီး ဘယ်မှာပြီးစီးနိုင်ပါတော့မလဲ။

ဒါ့ကြောင့် အာရုံဆန်းတွေဆီ စိတ်မသရမ်းနိုင်အောင် ရောင့်ရဲမှု မင်္ဂလာ ဆောင်ခြင်းဖြင့် အရွယ်တင် ရင်အေး မြင်သူတိုင်း လေးစားအောင် နေတတ်ကြပါစေလို့ ဆရာတော်ဘုရားကြီးက မိန့်မှာပါတယ်။ (ငုင်း၊စာ-၁၁၃)

သို့ဖြစ်ရာ ရောင့်ရဲခြင်းဆိုတာ မင်္ဂလာ ခြေတစ်လှမ်းအဖြစ် မှတ်တမ်းတင်နိုင်ကြပါပြီ။

## သူ့ကျေးဇူးကို အထူးသိစေ

**ကျေးဇူးဆိုတာ**...တစ်ဖက်သားရဲ့အကြွေး မိမိမှာတင်ရှိလျက်က စူးဝင်နေတာကို ဆိုတာပါ။ ဒီနေရာမှာ အနန္တောအနန္တ ငါးပါးရဲ့ ဂုဏ်ကျေးဇူးဟာ အဓိကပါ။

* ဘုရားသည် အကျိုးမဲ့ကို တားမြစ်၍
  အကျိုးရှိကို ဖြစ်စေခဲ့တယ်။
* တရားသည်ကား အပူကြားမှ ထုတ်ယူပြီး
  သက်သာရာကို ပေးခဲ့တယ်။

* သံဃာသည်ကား တစ်ဇွန်းစာမျှသော ဆွမ်းအလှူဖြင့် တစ်ဘဝအကျိုး တိုးပွားစေခဲ့တယ်။

ရတနာ့ဂုဏ်ဟူသည် ယုံကြည်ရင် ယုံကြည်သလောက် အကျိုးရောက် ဖြိုးမောက်စေနိုင်တယ်။ သည်ဂုဏ်ကျေးဇူးတွေ အောက်မေ့ကြည်ညိုခြင်းဖြင့် မိမိဂုဏ်လည်း မြင့်မားလာရတယ်။

ရတနာသုံးပါးရဲ့ကျေးဇူးပြီးလျှင် မိမိတက်လမ်းကို အားပေးခဲ့တဲ့ ဆရာပညာရှိရဲ့ ဂုဏ်၊ မိဘရဲ့ ဂုဏ်ကျေးဇူးများဟာ အဓိကကျတယ်။ ပြီးတော့မှ မိတ်ကောင်းတို့ရဲ့ အားပေးကူညီခဲ့ခြင်း ဆိုကဲ့ကျေးဇူးတရားတွေ၊ နောက်ဆုံးသိရမယ့် ကျေးဇူးကတော့ အနီးရှိကျေးတဲ့နေသူ သားသမီးများနဲ့ သူတို့နဲ့ ကောင်းတူဆိုးဖက် ချွေးမတွေနဲ့ သမက်တွေရဲ့ဂုဏ်၊ အဲဒီလို ပြည့်ပြည့်စုံစုံကြီး ဖော်ပြပေးခဲ့ပါတယ်။ (၄င်း၊စာ-၁၁၄)

မိမိ လာရာလမ်းကို ပြန်လှည့်ကြည့်လိုက်ပါ။ လမ်း တစ်လျှောက်မှာ လမ်းပြခဲ့သူ၊ လမ်းပြောခဲ့သူ၊ ရေတိုက်ခဲ့သူ၊ ယုတ်စွအဆုံး နှုတ်ဆက်လို့ပဲဖြစ်ဖြစ် ကူညီခဲ့ အားပေးခဲ့ဖူးသူတွေမှန်သမျှ ကျေးဇူးတင်ရမှာချည်းပဲ။ သည်နေရာအထိ အောင်မြင်စွာ ခရီးပေါက်လာတာ သူတို့ကျေးဇူးကြောင့်၊ ဘာကိုမှ မကူညီဘူးပဲထား၊ မနှောင့်ယှက်သည်ကိုပင် တွေးမိလျှင် ကျေးဇူးတင်စရာပေပဲ။

မိဘဆရာတည်းဟူသော အထက်ကျေးဇူး အထူးဆပ်သင့်ပုံတွေ ပြောခဲ့ပြီးပါပြီ။ ဒီနေရာမှာ အောက်ကျေးဇူး သိတတ်ဖို့လိုလာပါပြီ။ အထက်က ထီး၊ အောက်က ဖိနပ်ကွဲ့၊ ထီးရိပ်ခိုပြီး ဖိနပ်မစီးရင်လည်း ဆူးငြောင့်ခလုတ်များရဲ့ဒဏ်က ရှိသေး၊ မိမိက ပြန်လည်မိခိုရတဲ့အလှည့် သားသမီးတို့ရဲ့ အောက်ကျေးဇူးကို ငုံ့ကြည့်တတ်

ကြပါစေလို့ ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူပါတယ်။ ဒီနေရာမှာ

* ထမ်းပိုးရှန်းသားထက် ထမ်းပိုးသိမ်း ချွေးမရဲ့ကျေးဇူး
* အတွင်းကိုင်သမီးထက် အပြင်ပိုင်သမက်ကျေးဇူး တို့ကို

ဆင်ခြင်တတ်ရမယ် ဆိုပါတယ်။

* ငါစွဲကြီးလျှင် ငါပဲ ဒုက္ခရောက်မှာ စိတ်ချ
* ပစ္စည်းစွဲ အားကြီးနေရင်လည်း ငါပဲဒုက္ခရောက်မှာ မလွဲဘူး၊
* ပုဂ္ဂိုလ်စွဲအားကြီးနေရင်လည်း ငါပဲ ဒုက္ခရောက်မှာ ကိန်းသေပဲ။

ဟိုဘဝ ဒါနပြုစဉ်ကတည်းက ငါစွဲကြီးခဲ့လျှင် ဒီဘဝ ဒီမိသားစုကြားမှာလည်း ငါမှငါသာဖြစ်တတ်တယ်။ သားနဲ့ ချွေးမကြား 'ငါ့သား... ငါ့သား' နဲ့ ဘက်လိုက်နေတာ ငါစွဲကြီးလို့၊ သမီးနဲ့ သမက်ကြားမှာလည်း ငါစွဲကြီးနဲ့ ရှုမြင်နေရင် အမှန်မြင်မှာမဟုတ်ပေဘူး။ **ချွေးမ** ဆိုတာ ကိုယ့်ကို ချွေးမစို့အောင် မ,မယ့် ချွေးမ၊ သမက်ဆိုတာ သားလောက် မက်ရလို့ သားမက် (သမက်) ဒီလိုလည်း ညီညီမျှမျှ ရှုမြင်တတ်ပါစေလို့ ဆရာတော်ဘုရားကြီးက သွန်သင်ပါတယ်။ (၄င်း၊ စာ-၁၁၇ ရှု)

ကိစ္စတစ်ခုမှာ ကြိုက်မှု၊ မကြိုက်မှု၊ မသိမှုကြောင့် ဆုံးဖြတ်တဲ့ အမှုအကျင့်မျိုး ကင်းဖို့ လိုပါတယ်။ အဝေးကြည်ညိုမှုထက် အနီးကပ် ကြည်ညိုခံရဖို့က ပိုခက်တတ်ပါတယ်။ သူတစ်ပါးကျေးဇူးလည်း သိ၊ ဆပ်လည်း ဆပ်တတ်မည်ဆိုပါလျှင် **ကျေးဇူးတင်ဘဝမှ ကျေးဇူးရှင်ဘဝသို့** ရောက်စေနိုင်တယ်။ ကျေးဇူးသိသူသို့သာ

ကျေးဇူးတရား လာရှိးထုံးစံရှိတယ်။ မသိသူမှာ ကျေးဇူးမခံစားရ တတ်။ သူ့ကျေးဇူး မမြင်တတ်လို့ ကျေးဇူးကန်းစကား ပြောမိသော်၊ လုပ်မိသော် မိမိသည် သူ့အောက် ယုတ်သော သူယုတ်မာဘဝ လှလှ ကြီး ရောက်တတ်တယ်။ သူ့ကျေးဇူးကို ရှာတတ်၊ ကြည့်တတ်ကြ ပြီး ကျေးဇူးဆပ်နိုင်ကြပါစေလို့ ဆရာတော် ဘုရားကြီးက တိုက် တွန်းတော်မူပါတယ်။ (ငုင်း၊ စာ-၁၁၇)

ဒါကြောင့် သူ့ကျေးဇူး အထူးသိခြင်းဟာ မင်္ဂလာ ခြေလှမ်း ကောင်း ဖြစ်ကြောင်း သဘောပေါက်ရပြန်ပါတယ်။

**သူတော်ကောင်းတရား နာကြားတတ်ပါစေ**

* အချိန်အားကို အလကားမထားနှင့်
  သူတော်ကောင်းကြားသွား တရားနာခံ၊
* အချိန်ကောင်းကို ဖြုန်းမပစ်နှင့်
  သူကောင်းမှ ကိုယ်ကောင်းဖြစ်အောင် နည်းယူ၊

သူတော်ကောင်းတို့သာလျှင် သောကကင်းဝေး ငြိမ်းအေးနည်း ကို သိတဲ့အတွက် သူတော်ကောင်းတို့ထံ ချဉ်းကပ်ဖို့ လိုလာပါပြီ။ သူတော်ကောင်း ဆည်းကပ်မိပြီး ကိုယ်သူတော်ကောင်းစိတ် မမွေး နိုင်သေးလျှင် ဆည်းကပ်ရာမရောက်တတ်၊ နှောင့်ယှက်ရာသာ ဖြစ် တတ်တယ်။ သူ့နည်းနာခံ သူ့ဟန်မှတ်သား သူ့မှန်အလားသို့ ကိုယ်လည်း မှန်စေမှ သူမှန်ကိုယ်မှန် ဖြစ်တာမျိုး၊ ဒါ့ကြောင့် သူတော် ကောင်းတွေဆီက အပြောကို နားထောင်၊ သဘောကို နာခဲ့လို့ မှာ ကြားတော်မူပါတယ်။

အပြောကို ပကတိနားနဲ့ ကြားစေပြီး သဘောကို ဉာဏ်နားနဲ့

နာတတ်ရမယ်တဲ့။ နာတယ်ဆိုတာ တစ်ဖက်သားများနဲ့ စကားများရန်ဖြစ်စဉ်တုန်းက ကိုယ်မခံချင်ပေါက် ပြောထားလို့ စွဲကျန်နေတာမျိုး၊ **အနာကြီးမှ အသိပိုတယ်။**

အပြောမှ သဘောသို့ ရိပ်မိအောင် နာကြားစေရာမှာ စိတ်အေးကြည်သာနေတဲ့ အချိန်ကောင်း ရွေးတတ်ဖို့လိုတယ်။ ကိုယ် လုပ်တာ အကျိုးရှိမရှိ၊ သင့်မသင့် ခွဲခြားတတ်ဖို့ဟာ စိတ်အေးမှ ခွဲခြားလို့ရတာ။ တရားနာတာ ကောင်းတဲ့အလုပ်ဆိုပေမယ့် စိတ်ခင်းမသာချိန် ဝိသဘာဂအာရုံ (တရားနှင့် သဘောမတူသော အရက်ဆိုင်ဘေး၊ လူရှုပ်ထွေးတတ်သည့် နေရာများ) နာယူလျှင် အကျိုးမရှိနိုင်၊ မသင့်မြတ်။

စိတ်အေးကြည်သာမှု မရှိသော် သူ့စကား နားမဝင်နိုင်၊ တရားအမြင် မသက်ရောက်စေတတ်။ ဒါ့ကြောင့် စိတ်အေးကြည်သာအချိန်အခါကောင်းနဲ့ ကိုက်ညီနေပါမှ တစ်ခွန်းပြောသဘောတစ်ခါသိ နှုန်းများဖြင့် ဆရာတို့ သွန်ထည့်ပေးသလောက် ပြည့်စေနိုင်တယ်လို့ ဆရာတော်ဘုရားကြီးက သင်ပြပါတယ်။ (၎င်း၊စာ-၁၂၁)

အချိန်ကောင်း ရွေးပြီး 'ဆရာကောင်း' ရွေးတတ်ပါဦးမှ၊ **'ဆရာများသော် တစ်ကမ္ဘာ၊ တပည့်များသော် တစ်ဘဝ'** တဲ့။ ဆရာ အရွေးမှားလျှင် လူဖြစ်ရကျိုးနပ်မှာ မဟုတ်တော့။ (ဒေဝဒတ်ကို ဆရာတင်မိတဲ့ အဇာတသတ်ကို ကြည့်)၊ **ဆရာကောင်းဆိုတာ** တပည့်နဲ့ ပတ်သက်လာရင် ဘုရားစိတ်ထားမျိုး ထားနိုင်မှ၊ သူ့လက်ရှိ နည်းပညာကို ပေးမယ်၊ မတော်တာတွေ့လည်း ဆုံးမမယ်၊ ဘေးကင်းရန်ကင်းအောင်လည်း သူ့သီလသိက္ခာများနဲ့ အကာအကွယ် ပေးမယ်၊ ဆရာစားမချန် ပညာပေးမယ်၊ မိမိထက်တော်တဲ့ ဆရာကို

လည်း ထပ်မံညွှန်ပြမယ်ဆိုရင် သည်ဆရာမျိုးဟာ အနန္တဂိုဏ်းဝင်ပဲ။ နည်းကောင်းရှိ ဉာဉ်ကောင်းပြည့်တဲ့ ဆရာလို့ ဆိုရပါမယ်။

* သားဆူသမီးဆူတွေရဲ့အကြား နေပါများ နားပူတတ်လေသည်၊
* ကိလေမီးကြား အနေများ အသားပါပူနားပါအူ စိတ်ပူကိုယ်ပူ ဖြစ်တတ်သည်။

စိတ်ပူကိုယ်ပူ ကိလေသာ အရေထူများကို တရားနာခံခြင်းဖြင့် အမှားအမှန် စွဲချက်တင်သင့်ပြီ။ တရားဝေး၍မအေးရတဲ့စိတ် တရားရည် ပြည့်ဝ၍ အေးမြလာတဲ့အခါ ဘဝလမ်း တန်းမတ်စွာ ရောက်ရှိရေးဆီ ဦးတည်စေလိမ့်မယ်။ ဒီနည်းအားဖြင့် သူတော်ကောင်းစကား နာကြားမှတ်သား တရားရှင်အဖြစ် ကိုယ်တိုင်ကျင့်ဆောင်နိုင်ခဲ့ပါလျှင် မင်္ဂလာခြေတစ်လှမ်း မှန်းတိုင်းပေါက်ပြီလို့ ဆိုနိုင်ပါတယ်။

# မင်္ဂလာ၏ အဌမ ခြေလှမ်းများ

* တွေ့သမျှ ကောင်းဒဏ်ဆိုးဒဏ်များကိုလည်း သည်းခံ၊
* သူကောင်းသဘော တစ်ခွန်းပြောဖြင့် အဓိပ္ပာယ်သိ လုပ်ကွက်မိပါစေ၊
* ရဟန်းအသွင် မြင်ရုံမျှဖြင့် ကိလေသာအစပ် မျက်ကြောဖြတ်တတ်ပါစေ၊
* သိပြီးပညာ အခါကိုသန့်၍ ဖြန့်တတ်ပါစေ။

ဤလေးပါးတွဲသည် ဆုတ်ယုတ်မှုမဖက် တိုးတက်ရန် အကြောင်းချည်းသက်သက်ဖြစ်၍ မင်္ဂလာ၊

အရှုံးမထွက် အမြတ်ဘက်သို့သာ ဆက်စေသောကြောင့်မြတ်သော မင်္ဂလာ။

## အဆိုးဖက်ထက် အကောင်းဖက် သည်းခံနိုင်မှ လူတော်

သည်ဘဝ သည်ဒုက္ခတွေ ခံနေကြရတာ အကြိုက်နောက် လိုက်မိခဲ့ကြလို့သာပါ။ ကျွန်တော်တို့ 'ကောင်းတယ်' ထင်နေတာမှန်သမျှ တကယ်ကောင်း မဟုတ်ကြသေးပါ။ ကြိုက်လို့ကောင်းတဲ့ **'ကြိုက်ကောင်း'** တွေချည်းသာ...။ ဆရာတော်ဘုရားကြီးက ထင်သာမြင်သာအောင် ခိုင်းနှိုင်းပြလိုက်ပုံကတော့...

ခွေးရဲ့ မစင်ကြိုက်ပုံမျိုး၊ ယင်ရဲ့ အပုပ်ကြိုက်ပုံမျိုး၊ လင်းတ ခွေးသေကောင်ပုပ် ကြိုက်ပုံမျိုးနဲ့ ဘာမှမထူးပြီတဲ့။ အဲဒီသတ္တဝါတွေလည်း သူတို့ကြိုက်ရာ အကောင်းထင်နေတာပဲ မဟုတ်လား။ လူတွေလည်း ကိုယ်ကြိုက်ရာ အကောင်းလုပ်ပြီး သုံးကြစွဲကြတာ၊ သုံးပုံချင်း အတူတူ၊ စွဲပုံချင်းလည်း အတူတူ။ **'ငါးပိပုပ် တယ်ကောင်း'** ဆိုကတည်းက ရှေ့စကား နောက်စကား မညီတော့၊ ပုပ်တယ်လည်း ဆိုသေးရဲ့၊ ကောင်းတယ်လည်း ပြောသေးရဲ့။ ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက သည်ဘဝရဲ့ ဒုက္ခတွေကို ကျော်လွှားလိုလျှင် အကြိုက်ကလေး ပယ်လိုက်ပါ၊ (ဝါ) အကောင်းဒဏ်ကို သည်းခံလိုက်စမ်းပါ။ အကြိုက်က လာစ,လို့ ကိုယ့်လောဘက ပူဆာရင် ပူဆာ

တဲ့ ဒဏ် ပြေပျောက်သွားအောင် အရင်သည်းခံလိုက်ပါ။ ကိုယ့်ရှိ လောဘရဲ့ အညှဉ်းဒဏ် သည်းခံနိုင်လျှင် တစ်ဖက်အကြိုက်ရဲ့အနှိုက် ကိုလည်း သည်းခံပြီးဖြစ်လို့ ကြိုက်တာ မရှိတော့ဘူး။ ကြိုက်တာ မရှိရင် 'မကြိုက်တာ' လည်း မပေါ်တော့ဘူး။

ကိုယ်လက်သပ်မွေးထားတဲ့ ကြိုက်စိတ် မကြိုက်စိတ်ကို သည်း မခံနိုင်သမျှ နေလို့လည်း ဟန်မကျ၊ သေလို့လည်း ဟန်မရဖြစ်တတ် တယ်။ နေတုန်း သူခိုင်းတာ လုပ်မိလျှင် သေတော့ သူဆွဲရာ ပါ တော့မှာပေါ့။ ကြိုက်စိတ်က ပြိတ္တာစွဲ၊ မကြိုက်စိတ်က ငရဲလွှတ်၊ မသိစိတ်က တိရစ္ဆာန်ဘုံကိုပို့၊ ကဲ...ဘယ်မှာ ဟန်ရပါတော့မလဲ။ ဒါ့ကြောင့် ကြိုက်စိတ် (လောဘ)၊ မကြိုက်စိတ် (ဒေါသ)၊ မသိစိတ် (မောဟ) တွေ ပေါ်လာတိုင်း သတိနဲ့ ရှုပစ်လိုက်စမ်းပါ။ အထူး သဖြင့် ကြိုက်စိတ်ပေါ်လာတိုင်း သတိတင်းတင်းထားပြီး ရှုမှတ် ဖြတ်တောက်ကြည့်စမ်းပါ။

အကြိုက်ကို ပယ်ချင်လျှင် အကြိုက်ရှင်ကို သည်းခံလိုက်ပါ။

အကြိုက်ဆိုတာ သူချည်းသက်သက် ကြိုက်တာမျိုး မဟုတ်၊ အာရုံနဲ့ ထိတွေ့ခွင့်ရမှ ပေါ်လာတတ်တာမျိုး၊ အာရုံကလည်း သူ ချည်းသက်သက် ထွက်ပြလို့မရ၊ အာရုံရှင်ဖြစ်တဲ့ လူယောက်ျား၊ မိန်းမ စတဲ့ ကိုယ်ခန္ဓာကောင်ကို အမှီရမှ ထွက်ပေါ်လာတာမျိုး၊ အဲ ဒီ ကိုယ်ကိုယ်ချင်း တွေ့ကြတဲ့အခါ သူ့ရှိလောဘကလေးရဲ့ ရန်စ မှုကို သည်းခံနိုင်လျှင် ကိုယ့်လောဘကိုယ် သည်းခံပြီးသားပဲ။ သူ့ရှိ မာန၊ ဒေါသ စတဲ့ ကိလေသာတို့ရဲ့ ရန်စမှုကို သည်းခံနိုင်လျှင် ကိုယ့် ရှိ ကိလေသာ ငြိမ်းပြီးသားပဲ။ အဲဒီ သူ့ရှိကိုယ့်ရှိ ကိလေသာ မှန် သမျှထဲကပဲ သူ့စရိုက် ကိုယ့်စရိုက် လိုက်ပြီး ဖြစ်ပွားနေကြတာ၊ ဒါ

ကြောင့် စရိုက်မတူသူချင်း တွေ့လျှင် မိသားစုအတွင်းမှာ ဖြစ်စေ၊ ပြင်ပမှာဖြစ်စေ လိုက်လျောညီနိုင်းသောအားဖြင့် တစ်ဖက်ဖက်လိုက် ပေါင်းပေးပါ။ ဒါမှ သည်းခံလို့ရမှာ၊ သို့မဟုတ်က စရိုက်ချင်း တိုက် နေကြသဖြင့် အချိန်ပြည့်တကျက်ကျက်၊ ရန်မီးတလက်လက် ကျက် သရေမင်္ဂလာပျက်သွားပြီ။ လူ လူချင်း မပြောနဲ့၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကံထိန်းနတ်တွေသော်မှ နားမခံသာ ရှောင်ဖယ်သွား ရင် ကိုယ်ပဲ စီးပွားပျက်မယ်။ ဒါ့ကြောင့် စရိုက်မတူသူချင်း တွေ့ ရင် တစ်ဖက်ဖက် လိုက်ပေါင်းပါလို့ ဆိုပါတယ်။ (ၸင်း၊ စာ-၁၃၃)

အထူးသဖြင့် **အသက် ခုနစ်ဆယ်ဝန်းကျင်အရွယ်** တွေ အဖို့ ခန္တီတရား ပိုပြီးလက်ကိုင်ထားဖို့ လိုအပ်လာပါပြီ။ သစ်အိုတော့ အမြစ်ဆွေး၊ လူအိုတော့ အချစ်ဝေးတတ်သတဲ့။ သားသမီးက အစ မြေးက အစ အိုမင်းမစွမ်း ဝန်ထုပ်ကြီး ဝိုင်းကူထမ်းမ ပေးကြ ဘူးမှာ ကို ဝန်လေးနေတတ်ကြတယ်။ ဒီအရွယ်မှာ ရုပ်ကလည်း ထား သလို မနေ၊ စိတ်ကလည်း စေသလို မသွားတော့၊ အဘိုးကြီးတော့ စိတ်တို၊ အဘွားအိုတော့ စကားများဖြစ်လာတတ်တယ်။ သည်အခါ မျိုးမှာ လှိုင်းမိလှေ ပဲ့ထိန်းကောင်းရသည့်ပမာ အရာရာသည်းခံမှု ဖြင့် ရင်ဆိုင်ရမယ်။ သည်းမခံနိုင်လျှင် အယိုင်နောက် အလဲဖောက် ဖို့သာ ရှိတယ်။ မဟန်နိုင်သူက ရန်ပြိုင်လျှင် ပုရွက်ဆိတ် ဆင် ဦး ခေါင်း တက်ခဲသလို ရှိတော့မယ်တဲ့။

သည်အရွယ်မှာ အရင်ဆုံးသည်းခံရမှာက ကိုယ့်ရုပ်ရဲ့ ဖောက် ပြန်မှုနဲ့ စိတ်လှုပ်ရှားမှုတွေပဲ။ လိုသလို မရတော့တဲ့ ရုပ်ကို ကြည့် ပြီး သည်းမခံနိုင်လျှင် စိတ်မောလူမော ဖြစ်တတ်ပါတယ်။ ဒီအချိန် မှာ **တစ်ယောက်တည်း တည့်အောင်ပေါင်းလို့ မရတတ်တော့ဘူး။**

စိတ်က ထချင်၊ ရုပ်က ထမရ၊ စိတ်က ထိုင်မယ်ဆိုတော့ ရုပ်က ထိုင်မလွယ်နဲ့ မလွယ်ခင်းထဲ မဖွယ်ခင်းတွေနဲ့ အငြင်းပွားနေတတ်တယ်။ မအိုသေးတဲ့စိတ်နဲ့ ပြိုကျနေတဲ့ရုပ်တို့ အလုပ်တစ်ခု စပ်တူလုပ်တိုင်း သက်ငယ်မိန်းကလေးနဲ့ မှားမိတဲ့ သက်ကျားအို သုခထက် ဒုက္ခက ပိုများနေတတ်တယ်လို့ ဆရာတော် ဘုရားကြီးက ထောက်ပြပါတယ်။ (ၚင်း၊ စာ-၁၂၈ ရှု)

အတူနေ မိသားစုများနဲ့ ဆက်ဆံရာမှာလည်း ကြီးသူ ဣန္ဒြေမရင့်ကျက်လျှင် ငယ်သူတွေ မနှစ်သက်မှာ သေချာတယ်။ သည်အချိန်မျိုးမှာ အရာရာသည်းခံခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူတတ်မှ မင်္ဂလာ ဖြစ်မှာ။ အရာရာသည်းခံနိုင်ဖို့ကတော့ အကောင်းဒဏ် ခံနိုင်ဖို့သာ အရင်းခံပါပဲ။ အကောင်းထင် ပြုံးပြမိတော့ အဆိုးမြင် မဲ့ပြမှာ သေချာနေပြီ။ အဝင်သနပ်ခါးလိမ်းတာ ပြုံးပြမိရင် အထွက် အိုးမဲ (မည်း) သုတ်တော့ မဲ့ပြမိလိမ့်ဦးမယ်။ ဒီတော့ အကောင်းဒဏ် ခံနိုင်ပါမှ အဆိုးဒဏ် ခံနိုင်စွမ်းရည် ရှိပါလိမ့်မယ်။

အကောင်းဒဏ် ခံနိုင်ဖို့ကတော့ ကြိုက်စိတ်ကို ပယ်၊ ကြိုက်စိတ် ပယ်နိုင်ဖို့ကတော့ အကောင်းထင်နေတဲ့ အာရုံတွေ လာတိုက်တိုင်း သတိနဲ့ ရှုမှတ်ပါလေလို့ ဆရာတော်ဘုရားကြီးက နည်းကောင်းပေး ညွှန်ပြထားပါတယ်။ (ၚင်း၊ စာ-၁၂၉)

ဒါ့ကြောင့် အဆိုးဒဏ်ထက် အကောင်းဒဏ်ကို သည်းခံနိုင်မှသာ လူတော်စာရင်းဝင် မင်္ဂလာခြေလှမ်းနဲ့ ပန်းတိုင်ရောက်မယ်လို့ ခံယူမိပါတယ်။

## သူ့ဆိုစကား မြေဝယ်မကျ နားထောင်

သူ့ဆိုစကား ဆိုရာမှာ...

* ဆရာကောင်းတို့ရဲ့ ပြောစကား
* အတူနေတို့ရဲ့ ပြောစကား
* ပတ်ဝန်းကျင်ရဲ့ ပြောစကား

သည်စကားသုံးမျိုး နားထောင်နှလုံးသွင်းရမယ် ဆိုပါတယ်။ ဒါမှ ခန္တီအားကောင်းလာပါမယ်။

ဆရာဆိုတာ မဟုတ်တာ မပြော၊ တပည့် အကျိုးနည်းမယ့် စကား လုံးဝမဆို၊ စစ်အောင်လိုတဲ့ စစ်သားတပ်မှူးစကား နာခံရသလို အောင်မြင်ကြီးပွားလိုတဲ့ ဘဝတက်လမ်းရှင် ဆရာသွန်သင်သမျှ လိုက်နာရပေလိမ့်မယ်။

အတူနေတို့စကားဆိုတာ စကားနောက်မှာ တရားပါနေတတ်တယ်။ သူတို့ပြောစကားဟာ သူတို့လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများနဲ့ လုံးဝမကင်း၊ သူတို့စကား အကုန် နားထဲသွင်းထားခြင်းဖြင့် ခေတ်၊ စနစ်၊ အဖြစ်တွေကို ခြုံငုံသုံးသပ်နိုင်စေတယ်။

ပတ်ဝန်းကျင်စကားမှာ အကောင်းနဲ့အဆိုးကြား မျှမျှတတ နားထောင်တတ်ရပါမယ်။ မကြားတတ်လို့ မပြောတတ်ခဲ့ရင် မိမိသာလျှင် သိက္ခာကျစရာ အကြောင်းမြင်ပါတယ်။

ဒါ့ကြောင့် ဆရာ့စကား၊ အတူနေစကား၊ ပတ်ဝန်းကျင်စကား အလေးထားခြင်းဟာ 'ကြီးသူကို ရိုသေ၊ ငယ်သူကို အရေးထား၊ ရွယ်တူကို လေးစား' ဆိုတဲ့ ဘုရားဟောနဲ့ အညီပါပဲလို့ ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူပါတယ်။ (ငှင်း၊ စာ-၁၃၆)

ဒီကျင့်စဉ် သူ့ဆိုစကား မြေဝယ်မကျ နားထောင်ခြင်းဟာ

လည်း မင်္ဂလာခြေတစ်လှမ်းပေမို့ စိတ်ဝမ်းကြည်သာ လိုက်နာကျင့်သုံးကြပါစို့။

**မြင့်လို့သျှင် အမြတ်ကို ရှုကြည့်ပါ**

* **ရဟန်းဆိုတာ** ရန်ကိုအောင်လို့ ပူဇော်အထူးကို ခံယူထိုက်သူတို့ရဲ့ အမည်၊
* **သံဃာဆိုတာ** ဘုရားရှင်နှင့် အကျင့်တူ အမြင်တူသူတို့ရဲ့ အခေါ်အဝေါ်၊
* **သင်္ကန်းဆိုတာ** ကတော့ ပူဇော်အထူး ခံထိုက်သူဆိုတာ အများတို့ သိအောင် လွှင့်ထူထားတဲ့ အလံတံခွန်၊ သို့မဟုတ် စစ်ပွဲအောင်သဖြင့် လွှင့်ထူထားတဲ့အောင်လံတော်၊

အဲဒီ အောင်လံနဲ့ တွဲဖက်ထားတဲ့ ရုပ်ရည်ရူပကာယတော်ကြည့်ပြန်တော့လည်း ရန်မီးငြိမ်းလို့ အေးဆေးသော မျက်နှာထား၊ ရန်သူလွတ်လို့ ဟည်ကြည်သော ဣန္ဒြေ၊ ရန်အောင်ထားလို့ ကလက်မှုကင်းတဲ့ တက်ကြွလန်းဆန်းမှုအသွင်၊ သည်လိုဝင့်ဝါ၍ အေးသောကိုယ်တို့ကို ကြည့်မိရှုမိသူမှာ လရောင်အောက် လျှောက်သောသူလို အေးလာစေတယ်။ စမ်းရေသောက်ခွင့်ရသော ခရီးသွားလိုလည်း အမောပြေစေတယ်။ ကိုယ့်ထံရှိ အပူမှန်သမျှ ငြိမ်းပြီး ကိုယ့်ထံ ကိန်းနေတဲ့ ကိလေသာအပူတွေလည်း ငြိမ်ကျသွားစေနိုင်တယ်။

ကိလေသာငြိမ်းနေတဲ့ **သာမဏ** အမည်ရလေတဲ့ ထိုရဟန်းမျိုးတို့နဲ့ တွေ့လျှင် **ဖူးလည်း ဖူး၊ မျှော်လည်း မျှော်** ကြရဦးမယ်ကွဲ့။ ဖူးပြီး မမျှော်လျှင်လည်း ရေ့တက်လမ်း မရှိတတ်ဘူး။ မျှော်ပြီး မဖူးလျှင်လည်း လက်ရှိအေးငြိမ်းမှုအပြည့် မရနိုင်ဘူး။

* **ဖူးတယ်ဆိုတာ** သူ့ဂုဏ်လိုက်ကြည့် စိတ်စိုက်ထည့်ထား တာ၊
* **မျှော်တယ်ဆိုတာ** 'ဩော်...သူ့လို ငါ ဘယ်တော့များ ဖြစ် မလဲလို့'တောင့်တတာ၊

မိမိတို့ရဲ့သားချော သမီးလှရတနာလေးတွေအပေါ် မခိုင်းရက်၊ မစေရက်၊ မဆိုရက်၊ မပြောရက်နဲ့ ဖူးဖူးမှုတ်ထားကြတယ် မဟုတ်ပါ လား။ ဖူးဖူးမှုတ်တယ်ဆိုတာ ရတနာအပေါ် မြူမတင်အောင်၊ တင် တဲ့ မြူ ကွာကျသွားအောင် လုပ်ပေးရတာပါပဲ။ အရိပ်ကြည့်တာက တော့ မြူမတင်တဲ့ အလှရဲ့ အေးရိပ်ကလေး ကြည့်ပြီး အေးနေချင် တာ။

ဒီလိုပါပဲ။ ကိလေသာ အငွေ့အသက်ကင်းသဖြင့် အေးငြိမ်း ဖြူစင်နေတဲ့ ရဟန်းအသွင်ကိုများ ဖူးခွင့်ရလျှင် တောက်နေတဲ့ မီး တောင် ငြိမ်းစေနိုင်တယ်။ ရဟန်းရဲ့ အေးသော ငြိမ်းသော အသွင်ကို လည်းကောင်း၊ ထိုအသွင်နဲ့ လိုက်ဖက်တဲ့ ဝင်းသော ဝါသော အရောင် အသွေးကိုလည်းကောင်း ကြည့်ရှုခွင့်ရချိန်မှာ ပူပန်လိုစိတ်တွေ အေး မြလာတယ်။ နောက်ကျုစိတ်တွေ ကြည်လင်လာတယ်။ ဒါက ကျ ရောက်လာမယ့် မြူ မှုတ်ထုတ်ပစ်လိုက်တာပဲ။ ဝါဝင်းတဲ့ အရောင် ဟာ သဒ္ဓါသွေးရှိသူကိုသာ လှူ့ဆော်ပေးတတ်တယ်။ သဒ္ဓါစိတ် ဖြစ် ပေါ်နိုးကြားလာပြီဆိုရင်လည်း သဒ္ဓါနောက် ပညာပါ ရလိမ့်ဦးမယ်။ ပညာပါတဲ့ သဒ္ဓါမှ ပုဂ္ဂိုလ်နဲ့ သံဃာ ကွဲပြားစွာသိ၊ အကျင့်ဂုဏ်နဲ့ ပုဂ္ဂိုလ်ဂုဏ် အစုံညီပြီး ပုဂ္ဂိုလ်စွဲလွတ်မယ့် ဖူးမြင်မှုမျိုး ဖြစ်မှာ၊ သို့ မဟုတ်က လူခင်သလို ခင်၊ လူမင်သလို မင်ပြီး သံဃာအပေါ် လူ ပေါင်း ပေါင်းမိမှားလျှင် တစ်ဖက်ရတနာ သံဃာမှာလည်း မြူတင်

စေနိုင်တယ်။ အသားမသေသေးတဲ့အနာ ပြန်ကြွလာစေနိုင်သေးတယ်။ ရဟန်းကောင်းတို့ တိမ်းစောင်းမှု မှန်သမျှ ကိုးကွယ်မှု မှုမမှန်ကြလို့။ သံဃာဆည်းကပ်မှုမှာ ပညာမပါ တဏှာဦးစီး အမျှော်ကြီးကြ၊ လွဲမှားကြလေသဖြင့် တကယ်အားကိုးရမယ့် သူ့အကျင့်ဂုဏ် လက်လွတ်ပြီး ပုဂ္ဂိုလ်ပေါ်မှာသာ အားကိုးလွန်နေတတ်ကြတယ်။ **အားကောင်းမကိုးလျှင် အားကိုးမကောင်းဖြစ်ကြရပြီ**...လို့ ဆရာတော်ဘုရားကြီးက အလွန်ထိမိစွာ လမ်းညွှန်တော်မူပါတယ်။ (၄င်း၊စာ-၁၄၀ ရှု)

ကိလေသာကင်း စိတ်ကြည်လင်းနေတဲ့ 'သာမဏာ' အမည်ရသံဃာတော်တို့ရဲ့ အရိပ်ကြည့်ပြီး မိမိပါ အေးငြိမ်းအောင် ဖူးတတ်ရမယ်။ တစ်ဖန် ထိုအသွင် ထိုဟန်မျိုး မိမိသဏ္ဍာန်သို့ ကျရောက်လာမယ့် အချိန်ကောင်းမျိုးကိုလည်း မျှော်လင့်တတ်ရပါမယ်။ ဖူးခြင်းဖြင့် လက်ရှိအေးစေပြီး မျှော်ခြင်းဖြင့် နောင်အစဉ်အေးအောင် တက်လမ်းရှာဖွေကြရပါမယ်။ မင်္ဂလာရှိတဲ့ ရဟန်းကောင်း ရဟန်းမြတ်ကို မြင်လျှင် ဖူးတတ် မျှော်တတ်ကြပြီး ကိုယ့်မှာမင်္ဂလာဖြစ်အောင် ဆောင်တတ်ကြရမယ်လို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက မင်္ဂလာခြေတစ်လှမ်းကို လမ်းပြတော်မူပါတယ်။

**ကိုယ်သိတရား ဖြန့်ဝေပေးပါ**
**သူသိတရား နာကြားပေးပါ**

တိုးတက်ရေး ကောင်းစားရေးလမ်းကို မျှော်၍ ခရီးသွားနေကြသူအချင်းချင်း၊ ကိုယ်က လမ်းမှန်တွေ့လို့ ပျော်၊ သူက လမ်းမှားရောက်လို့ အော်၊ တကြော်ကြော်ဆိုရင် ကိုယ်ပျော်ရတာ အဓိပ္ပာယ်

မပြည့်ဝတော့သလိုပဲ။ ကိုယ်ကတော့ စမ်းရေတွေ့လို့ သောက်သုံးရလို့ အမောပြေရွှင်လန်းနေချိန်၊ သူက ရေငတ်လို့ တဆူဆူတပူပူလုပ်နေရင် ဘယ်မှာအမောပြေနိုင်တော့ပါမလဲ။ ဒီလိုပဲ၊ သူ ပျော်လို့ ကိုယ်အော်နေရင်လည်း သူ့မှာ ပျော်သလောက် မတော်ဖြစ်တတ်တယ်။

ဒီလိုပဲ၊ ကိုယ့်လောက် မသိသေးသူကိုလည်း ကိုယ်က လမ်းမှန်ပြ ဖေးမကူညီရဦးမယ်။ မသိသူကို နားမလည်သူက ဆရာလုပ်တာမျိုးတော့ မဖြစ်သင့်၊ အရွယ်ကောင်းတုန်းက ဥစ္စာဖြင့် ချီးမြှောက်ခဲ့သလို အရွယ်နှောင်းမှာ ပညာဖြင့် ချီးမြှောက်တတ်ရပါမယ်။ တကယ်လို့ ကိုယ့်ထက်သိ၊ ကိုယ့်ထက်သာနဲ့ တွေ့ပြန်ရင်လည်း ဆွေးနွေးခြင်း၊ နည်းခံခြင်းဖြင့် ဖေးကူးပေးတတ်ရပါမယ်။

ကိုယ်တိုင်သိတဲ့ ကိုယ်ပိုင်သိကို ဖြန့်ဝေတဲ့ နေရာမှာ...

* အတူနေ မိသားစုသည် ပထမ
* ဘဝတူ မိတ်ဟောင်းသည် ဒုတိယ
* ဘာသာတူ ဝေနေယျအပေါင်းသည် တတိယ

ဒီလို သုံးမျိုးခွဲပြီး ချီးမြှောက်ရမယ်လို့ ဆရာတော်ဘုရားကြီးက မှာကြားပါတယ်။ (ငုင်း၊ စာ-၁၄၂)

ကိုယ်က သိပြီး မိသားစုက အသိဝေးနေလျှင် အတူနေ လမ်းကွဲ ဖြစ်မှာ သေချာပြီ။ အထက်နဲ့ အောက် သို့မဟုတ် အရှေ့နဲ့ အနောက် ဒီလို ဖြစ်ကုန်လိမ့်မယ်။ မြစ်လယ်ကောင် ရေနံတင်သင်္ဘော မီးလောင်နေသလို ဖြစ်လိမ့်မယ်တဲ့။

ဘဝတူ မိတ်ဟောင်းများကိုလည်း ကိုယ်ပိုင်သိလေး ရပုံရနည်း နည်းပေးရဦးမယ်။ တရားမှာ နည်းပဲ ပေးနိုင်တယ်။ ဘုရားရှင်သော်မှ 'နည်း' ကိုသာ ပေးသနားတော်မူခဲ့တာ မဟုတ်ပါလား။ ဘဝတူ

တွေ အယူမှန်၊ အကျင့်မှန်လို့ အမြင်မှန် အမြင်သန့် ဖြစ်လာရင် သူ့စေတနာ ကိုယ့်မှာဟပ်ပြီး ကိုယ်တိုင်လည်း အေးငြိမ်းမှု ရစေနိုင်ပါတယ်။

သည့်နောက် ယုံကြည်ကိုးကွယ်မှုချင်း တူညီနေတဲ့ ဘာသာတူများကို ကိုယ်တွေ့လမ်းမှန် အသိဉာဏ်များဖြင့် နည်းမှန် လမ်းကောင်းကို အစဖော်ပေးတတ်ရမယ်။ ဘာသာခြားများနှင့် ပတ်သက်လာလျှင်ကား (သူ ကျေနပ်စွာ လက်ခံမယ်ဆိုရင်) ကြွားဝါမှုမပါ၊ သူ့အပေါ်မှာ ရှုတ်ချမှုကင်းတဲ့ စေတနာရိုးဖြင့် နည်းမှန်ကို ပေးသင့်တယ်၊ ငြင်းခုံချင်လို့ ဆွေးနွေးတာမျိုးဆိုရင် ဥပေက္ခာပြုလိုက်ပါတဲ့။ (၄င်း၊စာ-၁၄၃)

ဓမ္မဒါန ဖြန့်ဝေတယ်ဆိုတာ အားလုံးသော အလှူတွေထဲမှာ အမြတ်ဆုံး ဆိုပေမယ့် အချိန်အခါကိုလည်း ရွေးတတ်ဦးမှ၊ မိမိတရားနာခဲ့စဉ်က စိတ်အေးကြည်သာတဲ့အချိန် ရွေးခဲ့သလိုပဲ ကိုယ်သိတရား ဖြန့်ဝေပေးရာမှာ 'အကျိုးရှိမရှိ' 'သင့်မသင့်' ဆုံချိန် ရွေးချယ်တတ်ဖို့ အရေးကြီးတယ်လို့ ညွှန်ပြထားပါတယ်။ ဘုရားစကား တရားတော်များ အရက်မူးသမားတွေကြား သွားဟောပြောရင် မဖွယ်မရာဖြစ်သွားတတ်ပါတယ်။ ပြီးတော့ တစ်ဖက်လူ အလုပ်ရှုပ်၊ စိတ်ရှုပ်နေချိန်မျိုးလည်း ရှောင်ရှားအပ်တာပါပဲ။ သားသတ်ရုံ၊ ဖဲဝိုင်း စတဲ့ နေရာ အချိန်အခါတွေ ဆိုတာလည်း တရားဖြန့်ဝေဖို့ မသင့်တဲ့ နေရာတွေပါပဲ။

သည်လို စိတ်အေးကြည်သာ နေရာကောင်း၊ အခါကောင်းကြုံကြိုက်တဲ့အခါ မိမိက ပြောဟော၍ သူတစ်ပါးက နာထောင်ခြင်း၊

သူတစ်ပါးက အမြင်ချင်း ဖလှယ်၍ မိမိက နားထောင်ခြင်းဖြင့် **တရားသဘင်** ကျင်းပရမယ်။ တရားဆွေးနွေးခြင်း ဖြင့် မကာရော မှုတွေ ပယ်ဖျောက်နိုင်ရမယ်လို့ ဆရာတော်ဘုရား.ကြီးက အတိအကျ ညွှန်ပြတော်မူကြောင်းပါ။ ဒါဟာ ကောင်းမြတ်သောမင်္ဂလာခြေလှမ် ပေပဲလို့ စွဲစွဲမြဲမြဲ နာ.လည်ရကြောင်းပါ။

## မင်္ဂလာ၏ နဝမ ခြေလှမ်းများ

* ကပ ခေါ် မြိုးမြံခံ့ခုတာသော အကျင့်မျိုးလည်း၊ ရှိပါစေ
* ဗြဟ္မ ခေါ် အမြဲဟ္မအကျင့်မှ လွှတ်ခသော အကျင့်မျိုးလည်း၊ ဆောက်တည်
* အမှန်တရားကိုလည်း၊ မြင်သိအောင် ကြည့်
* မခသရာ အမြတ်ဓာတ်ကိုလည်း၊ မျက်မြင်ဆတ်ဆတ် ရှိပါစေ

ဤလေးပါးသည် ဆုတ်လမ်းမရှိ တက်လမ်းသာ အပြည့် ရှိသောကြောင့် မင်္ဂလာ၊

အရှုံးမဖက် အမြတ်သက်သက်သာ ဖြစ်ခြင်းကြောင့် မင်္ဂလာ။

### ငြိုငြင်ခြင်းသည် အရှုံးကို ဖာထေးခြင်းတစ်မျိုး

ငြိုငြင်တယ်ဆိုတာ တဏှာရဲ့ အလိုသို့ မလိုက်ခြင်း၊ လောဘ ဆိုတဲ့ ကြိုက်စိတ်ဝင်လာတိုင်း သတိဖြင့် စောင့်ကြည့်ရှုမှတ်ခြင်း ကို ကို ဆိုလိုပါတယ်။ တကယ်ဆိုတော့ ဘဝတစ်လျှောက်လုံး တဏှာ ရဲ့ ခိုင်းတာ လုပ်ခဲ့ရတာ၊ ကြိုက်စိတ်နောက် တကောက်ကောက် လိုက်ပါခဲ့ရတာ၊ လိုချင်တာတွေ ရခဲ့သမျှ မလိုချင်ပါဘူး ဆိုတဲ့ မကောင်းမှုတွေချည်း ရခဲ့တာ၊ ကြိုက်တာတွေနောက် လိုက်ရင်း မကြိုက်တာတွေချည်း ရခဲ့တာ၊ ဘယ်သူတစ်စုံတစ်ယောက်မှ ငရဲ မျိုးစေ့ မလိုချင်ဘူး၊ တိရစ္ဆာန်မျိုးစေ့ မရချင်ဘူး။ ဒါပေမဲ့ ကြိုက်စိတ်၊ မကြိုက်စိတ်၊ မသိစိတ်တွေနဲ့ လုပ်ခဲ့သမျှ ငရဲ တိရစ္ဆာန်အပါအဝင် အပါယ်မျိုးစေ့တွေ သိမ်းစုဆောင်းနေတာနဲ့ အတူတူပါပဲ။ ဘဝဟာ ဘယ်လောက်ရှုံးခဲ့ပါပြီလဲ။ နောင်ဘဝ လူပြန်မဖြစ်ရင် အရင်းရှုံး တာပဲ။ အပါယ်လားလျှင်ကား ဆိုဖွယ်ရာမရှိပြီ။

ဒါကြောင့် ဒီအချိန်မှာ အချိန်နဲ့အမျှ ဘဝတစ်လျှောက်လုံး ရှုံးခဲ့သမျှ ဖာထေးရတော့မယ်။ အမြတ်သို့ ဦးတည်စေရတော့မယ်။ အရှုံးကို အလွယ်ကူဆုံး ဖာထေးခြင်းဟာ တဏှာလောဘနည်း အောင်

ငြိုးခြံခြင်းပဲဖြစ်ပါတယ်။ ကုသိုလ်ကောင်းမှုပြုနေရာမှာတောင် ကျွန်တော်တို့မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ တန်းလန်းကြီးနဲ့ မဟုတ်ပါလား။ ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက...

* မလှူတတ်လျှင် လောဘငွေပေး၀ယ်သလိုဖြစ်တတ်သည်။
* အလှူခြံစိတ်ထားမတတ်လျှင် ကိလေသာငွေပေး ၀ယ်ယူနေသူနှင့် အတူတူ၊
* ငါ့စွဲမကင်းတဲ့ အလှူရဲ့ တစ်သိန်းတန်သည် ထိုငါစွဲတို့မှာ စေမယ့် အကုသိုလ်အလှူမျိုးသာဖြစ်သဖြင့် ဒိဋ္ဌိကို တစ်သိန်းဖိုး ၀ယ်ပြီး စုဆောင်းထားသလိုဖြစ်တတ်တယ်။

သည့်အတူပါပဲ၊ မတော်အလှူဖြစ်တဲ့ မကျေချမ်းစိတ်ကြီးနဲ့၊ အပျော်အလှူဖြစ်တဲ့ ၀ါကြွားစိတ်ကြီးနဲ့ လှူတဲ့အလှူမျိုးတွေမှာလည်း ကုသိုလ်အကြောင်းခံပြီး အကုသိုလ်စရန်သတ်နေတာတွေချည်းပဲ။ (၄င်း၊စာ-၁၅၃)

အဲဒီလိုသတိပေးလမ်းညွှန်ထားပါတယ်။ ဆက်လက်ပြီးတော့

**'ငြိုးခြံမှုရဲ့ အဓိကမှာ ကာမခံစားမှုဟာ အကြောင်းရင်းပဲ'**၊ ကာမအာရုံရှိရာ စိတ်ပါသွားရင် စိတ်သတ္တိ၊ စိတ်တန်ခိုး ညှိုးမှိန်သွားစေတတ်ပါတယ်။

* တရားအလုပ်ဆိုတာ စိတ်အလုပ်၊ စိတ်မရှုပ်လေ အောင်လေလေ၊
* တရားအလုပ်ဆိုတာ ဉာဏ်အလုပ်၊ ဉာဏ်အမြင်သန်လေ အမှန်တွေ့လေလေ၊

အသက်ထက်ဆုံး ကြိုက်တတ်တဲ့အဖော၊ ကြိုက်တဲ့အသုံးအဆောင်ဖြစ်ပါစေ...လက်ရှောင်တာ အကောင်းဆုံး၊ တစ်ကျပ်တန်

ပစ္စည်းတစ်ခု အောင်နိုင်လျှင် တစ်ကျပ်တန် တဏှာတစ်ခု သေကြောင်း ပြောခဲ့ပြီးပြီ။ တဏှာသေမှ ရမယ့် တရားအမွေ တဏှာနှင့်ဖက်၍ လက်မဆက်သင့်ပြီ။ လိုစိတ်ကို နှိုးဆွတတ်တဲ့ အာရုံမှန်သမျှ ခြိုးခြံပြီး ကိုယ်ပိုင်ဉာဏ် ပေါ်စေမယ့် ဓမ္မာရုံထဲသို့သာ စိတ်မြှုပ်သင့်တဲ့ အရွယ်သို့ တိုင်ခဲ့ပါပြီ။ **ကာမနယ် ကျယ်လျှင် ဓမ္မနယ် ကျဉ်း** တတ်ပြီး ဓမ္မနယ် ကျယ်မှ ကာမနယ်ပယ် ကျဉ်.တတ်တာမျိုး၊ ဒါကြောင့် ကာမစိတ်ဆိုး ဝင်မတို.သာအောင် ခြိုးခြံတဲ့ အကျင့်ဖြင့် မင်္ဂလာအဆင့်မြင့်ရာသို့ တက်နိုင်ဆက်နိုင်ကြပါစေကွယ်လို့ ဆရာတော် ဘုရားကြီးက မေတ္တာဖြင့် မှာကြားလမ်း ပြတော်မူပါတယ်။ (ဌင်း၊စာ-၁၅၅)

## မြတ်သောအကျင့်ကို ဆောက်တည်

* ကာမဂုဏ်ခံစားမှုကို ယုတ်စိတ်လို့ ခေါ်ပြီ. ယုတ်ကျင့်လို့ ဆိုရမယ်။
* ကာမဂုဏ် ရှောင်ကြဉ်မှုကိုတော့ မြတ်စိတ်လို့ ခေါ်ပြီ မြတ်ကျင့်လို့ ဆိုရတယ်။

အရွယ်ရောက်စ လင်စိတ်မယာ စိတ်တွေ မပေါက်ကြခင်က စိတ်ကြည်လင်လန်းဆန်းနေတယ်၊ တစ်ကိုယ်ကောင်း မဆန် စိတ်ဓာတ်မြင့်မားခဲ့ကြတယ်။ ကာမဂုဏ်ခံစားလိုစိတ် ဖြစ်ပေါ်လာချိန်က စပြီး အလိုမကျမှု၊ အားမရမှုတွေကနေ စိုးရိမ်ပူပန်မှု၊ စိတ်မချမှု၊ ငါပိုင်သိမ်းပိုက်လိုမှုတွေ ပေါ်ပေါက်လာတာနဲ့ ကြည်စိတ်ပျောက်လို့ နောက်စိတ်တွေ ဖောက်လာခဲ့ကြပြီ။ လန်းစိတ်တွေ ပျောက်၊ နွမ်းစိတ်တွေ ရောက်လာခဲ့ကြပြီ။ အချိန်ရှိသရွေ့ သူ့စိတ်မှ သူ့စိတ်

တစ်ခုတည်း ဖြစ်လာကြမယ်၊ သည်အချိန် ကိုယ့်အသက်ပင် မငဲ့လို ပြီ။ ဒါ ယုတ်စပျိုးလိုက်တာပဲ မဟုတ်လား။ ကိုယ့်ကိုယ်တောင် သူ့လောက် မချစ်တော့ဘူး ဆိုကတည်းက သူ့အောက် ရောက်သွား ပြီ ဖြစ်လို့ အောက်ကျို့ခံ အောက်တန်းစားဘဝ လှလှကြီး ရောက် ခဲ့ရပြီ မဟုတ်လားလို့ ဆရာတော်ဘုရားကြီးက ဖော်ပြထားပါတယ်။

လိုတာ ရလာပြီ ဆိုတော့လည်း **လိုသလောက် လိုနေမှာချည်း ပဲ၊**

* လိုစိတ်သည် ပိုစိတ်ကို ဦးခေါင်းနင်းလျက်က ရှေ့သို့ချည်း ရှန်းနေတတ်တယ်။
* လိုစိတ်သည် အားမရမှုကို အပါခေါ်လျက်က ရှေ့သို့ချည်း အတင်းရှန်းနေတတ်တယ်။

တစ်ယောက်စာ ရလျှင် နှစ်ယောက်စာသို့ တက်မယ်။ တစ်လ စာ ဖူလုံလျှင် တစ်နှစ်စာသို့ လက်ညှိုးထိုးပြမယ်၊ တစ်သက်စာ ဖူလုံ သော်မှ သားအတွက် သမီးအတွက်မှသည် မြေးမြစ်အထိ လိုသလို ရလို့ လိုဘပြည့်တယ် မထင်ကြလေနဲ့။

လိုလားတော့ နှစ်သက်မယ်၊ နှစ်သက်တော့ မြတ်နိုး၊ မြတ်နိုး တော့ တွယ်ကြ တာကြပြီ။ သည်အချိန် ဘာကိုမှ မသိ၊ မြတ်သော ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာ့အာရုံတို့ကား အနားမှ သီခွင့် မရ ပြီ။ လူပျိုအပျိုဘဝတွေတုန်းက ရပ်ရေးရွာရေး ဝိုင်းဝန်းကူညီပေး ခဲ့ပေမယ့် သည်အချိန် သူ့အပါးမှ တစ်ဖဝါးမှ မခွာလိုပြီ၊ မြတ်သော စိတ်တွေ ယုတ်နိမ့်ခဲ့ပြီ။ ရှိသမျှအား မယားမှတစ်ပါး အခြားမသုံး လိုပြီ။ သမီးဘက်ကလည်း ပြုသမျှ ဝေယျာဝစ္စ တစ်ဦးတည်းသာ ဖြစ်စေလိုတယ်။ **မိသော၊ ဖသော၊ အစ်ကိုသော၊ မောင်သော မရော**

**လိုပြီ**။ လင်နဲ့မယားအလိုကျလာကြသလောက် မိဘနဲ့နေရမှာကို အလိုမကျ၊ တို့နှစ်ဦးသား လွတ်လပ်ပျော်ရွှင်စွာ နေကြဖို့စဉ်းစား၊ ဒီလိုနဲ့ အိမ်ခွဲကာ **မိဘသပိတ်မှောက်ခဲ့ကြတာ မဟုတ်လား**။ (ငှင်း၊ စာ-၁၅၇)

ဒီလိုနဲ့ သားတွေ သမီးတွေ ရလာခဲ့ကြ။

လူပျို အပျိုဘဝက ပျော်ရွှင်ချမ်းမြေ့စိတ်ကလေးတွေနဲ့ ပတ်ဝန်းကျင်ကြား စိတ်နှစ်ထားခဲ့ရာက အခုတော့ ငါ့မယားစားဖို့၊ ငါ့လင်စားဖို့နဲ့ ဘို့တွေ ပေါက်လာလိုက်ကြတာ၊ ဘို့တစ်လုံးနွားထက် ရှန်းအားကောင်းလာခဲ့ကြပေပြီ။ သားမျှော်ကိုး၊ သမီး အားကိုးခဲ့သမျှလည်း သူတို့လည်း အရွယ်ရောက်တာနဲ့ လင်နောက် မယားနောက် ပါသွားကြပါလေရော။

ကိုယ့်ကိုယ်ကိုပင် မသဒ္ဒါ၊ ကိုယ့်ကိုယ်ကိုပင် မငဲ့ညှာဘဲ မယားအတွက် သားသမီးအတွက် လက်ကားရား ခြေကားရား ကြိုးစားခဲ့သမျှ နေမြင့်လေ အရှုံးရင့်လေ ဖြစ်ခဲ့ရပြီ။ ဒါတွေဟာ မယားယူ လင်ယူမိခဲ့ကြလို့ **ယုတ်လာတာတွေ** မဟုတ်လား။ သေတောင်မှ သည်စိတ်နဲ့ သေလျှင် **အိမ်ထောင်မှ အပါယ်ထောင်သို့** သွားကြရပေဦးမည်။ **စိတ်ထားယုတ်လို့ ရုပ်ဓာတ်ညှုံ့လာကြတာ လင်ယူ သားမွေး အိမ်ထောင်ရေး ဖက်ခဲ့ကြလို့ပဲ**။ ကိုယ့်မိ ကိုယ့်ဖ ညီအစ်ကို မောင်နှမတွေ ပစ်ပြီး သူတစ်ပါးသားသမီး ခေါ်ယူလုပ်ကျွေးပြုစုပေးနေရတာ ထောက်လျှင် ဘယ်လောက် ယုတ်လို့ ဘယ်လောက်အထိ အရှုံးပေါ်နေပြီဆိုတာ ခန့်မှန်းနိုင်ကြပါပြီ။ ဒါ့ကြောင့် **လင်ခန်း မယားခန်းကို မမြတ်သော မေထုန်အကျင့်** လို့ ဆိုတာပါတဲ့။ (ငှင်း၊ စာ-၁၅၉)

* ငယ်တုန်း ရှုံးလျှင် ဒါနနဲ့ချေ

* ကြီးမှ ရှုံးလျှင် သီလနဲ့ ထေ

အသက် လေးဆယ်အရွယ် ခွန်အားဗလ ကောင်းတုန်းက ဘဝရဲ့ ရှုံးကြွေး ဒါနနဲ့ ပေးချေခဲ့ကြပြီ။ အခု အသက်ကြီးပိုင်းမှာ သီလနဲ့ ချေမှ ထေမိကာမိ ဖြစ်နိုင်တာ။ စိတ်ထားမြင့်ပြီး ဘဝအမြတ်ထွက်လိုလျှင် မေထုန်အကျင့်ကို ကျော်ခိုင်းလိုက်ကြ။ သူရှုံး ကိုယ်ရှုံးဘဝမှ သူမြတ် ကိုယ်မြတ်ဖြစ်အောင် ကြိုးစားကြလို့ ဆရာတော်ဘုရားကြီးက အထူးနှိုးဆော်ထားပါတယ်။ (၎င်း၊ စာ-၁၆၀)

မြတ်သော အကျင့်ဖြင့်သာ မြတ်သော မဂ်လာအဆင့်သို့ တက်လှမ်းနိုင်ကြောင်းလည်း သိမှတ်ခွင့် ရခဲ့ပါပြီ။

## အမှန်တရားကိုလည်း မြင်သိအောင် ကြည့်

အယုတ်မှအမြတ်သို့ ကူးပြောင်းစေခြင်းဖြင့် **အမှန်လမ်းစ** သို့ ခြေချမိခဲ့ကြပါပြီ။

စိတ်ကစားမှုကြောင့်ဖြစ်သော ‘ယုတ်စိတ်’ ကို စိတ်တည်ငြိမ်မှုဖြင့် အစားထိုးပြီး မြတ်စေရမယ်။

မြတ်သော အမှန်တရားဟူသည်

လောကကြီးမှာ ဖြစ်ပေါ်နေတဲ့...

* ငါဆိုတာ တကယ် ရှိမရှိ

* ငါပိုင်တယ်ဆိုတာ ဟုတ် မဟုတ်

* ကောင်း မကောင်း၊ မြဲ မမြဲ ဆိုတဲ့ မေးခွန်းတွေကို တိကျရှင်းလင်းစွာ အဖြေထုတ်ပေးနိုင်ခြင်း ဖြစ်ပါတယ်။ ဒီအဖြေတွေဟာ စာအုပ်ထဲမှာ အဆင်သင့်မရှိပါ။ **သင့်ခန္ဓာကိုသာ သတိ တစ်**

**လုံးဖြင့် စိုက်ကြည့်နေရုံဖြင့်** မြတ်သော အမှန်တရားရဲ့ အဖြေကို ရနိုင်ပေပြီ။

* တဏှာ မာန ဒိဋ္ဌိ စတဲ့ ကိလေသာတွေ ပယ်ရတာက တစ်မျိုး၊
* သိအောင် ကြိုးစားရတာက တစ်မျိုး၊
* စိတ်ငြိမ်အောင် လုပ်ရတာက တစ်မျိုး ... မဟုတ်ပြီ။

သတိတစ်ခုတည်းဖြင့် ပယ်စရာရှိတဲ့ ကိလေသာ ပယ်ပြီးသား၊ သိစရာရှိတာ သိပြီးသား၊ စိတ်ငြည်ငြိမ်မှုလည်း ရပြီးသား... အားလုံးပြီးစီးတယ်လို့ ဆရာတော်ဘုရားကြီးက ရဲရဲတင်းတင်း အာမခံပါတယ်။ (ဌင်း၊စာ-၁၆၄)

မိမိတို့ ရှုကြည့်တတ်တဲ့ နည်းအားဖြင့်သာ ခန္ဓာကို စေ့စေ့စပ်စပ်၊ စူးစူးစိုက်စိုက် ရှုကြည့်ပါ၊ **'အထိနဲ့ အသိ'** ဒီနှစ်ခုသာ ကြွင်းကျန်နေတာ တွေ့ပါလိမ့်မယ်။ ထိတာက ရုပ်၊ သိတာက နာမ် သူတို့နှစ်ခု အပြန်အလှန် အချိတ်အဆက်ပြုပြီး တလှုပ်လှုပ် တရွရွ တွင်တွင်ကြီး သွားနေတာ မြင်တွေ့ပြီဆိုရင် ဘုရားဖန်ဆင်းတယ်၊ သိကြားဖန်ဆင်းတယ်ဆိုတဲ့ **အမှားစွဲ ပျောက်ပြီး** ရုပ်နာမ်နှစ်ခု ကြောင်းကျိုးဆက်အားဖြင့် လက်ရှိလည်း ဖြစ်ပျက် ကူးပြောင်းနေကြတယ်၊ ရှေးကလည်း သည်လို၊ နောင်လည်း သည်အတိုင်းဆိုတဲ့ 'အမှန်တရား' ပေါ်ထွက်လာတယ်။ ခန္ဓာက ပြသမျှ ကြည့်၊ ကြည့်သမျှ သိနှုန်းနဲ့ ပွဲသိမ်းရင် ဓာတ်ရည်လည်ရသလို...

* မမြဲ၊ မကောင်း၊ မပိုင်တာတွေလည်း သိရမယ်၊
* ဖြစ်လိုက် ပျက်လိုက် တစိုက်စိုက်ကိုလည်း သိရမယ်၊
* အဖြစ်ဆိုတာ အပျက်ကိုသာ ပြောနေကြောင်း သိရမယ်၊

* အပျက်တွေချည်း ဆက်တိုက်ပေါ်ရာက ခန္ဓာကို ကျော်လို စိတ်တွေလည်း အမှန်သိလာမယ်၊

* ကောင်းတာလည်း သဘောမျှ၊ ဆိုးတာလည်း သဘောမျှ ဆိုတဲ့ 'ဓမ္မ'ကို တွေ့ပြီဆိုရင် ဘာကိုမှ မမူတဲ့စိတ်လည်း ဖြစ်ပေါ်လာမယ်။

ဒါတွေဟာ **'အရိယသစ္စာ'** ခေါ် အမှန်တရားရဲ့ သွားရာလမ်းမကြီးပါပဲ။

ဒါဟာ ခန္ဓာမှာ မွေးကတည်းက ပါလာတာ၊ မကြည့်လို့ မသိခဲ့တာ၊ အရိယာတွေသာ ထွင်းဖောက်ရှုမြင်နိုင်တဲ့အမှန်တရား၊ အရိယဆိုတာ မချွတ်ယွင်းမှုကို ခေါ်တာ၊ ဘယ်လို မချွတ်ယွင်းတာလဲ ဆိုရင် ရန်သူကို ရန်သူလိုသိ ရန်သူလို ကြည့်ပြီး ရန်သူလို ဆက်ဆံတာမျိုးပါပဲ။

လောဘဟာ ကိုယ့်ဖို့ ကောင်းစားစေချင်သလိုလိုနဲ့ သူကြိုက်ချည်း လိုက်ခံစားပြီး နောက်ဆုံး ကိုယ့်မှာသာ ဒုက္ခဖြစ်ကျန်နေတာကို အပိုင်သိနေပြီ။ ဒေါသမောဟတွေလည်း ဒီလိုပဲ၊ သတိကို အလစ်မပေးဘဲ မိသမျှအာရုံ ဖိသတ်မြှုပ်သတ်လုပ်ပြီး ရန်သူအပေါ် ရန်သူလို သဘောထား ဆက်ဆံတတ်သောကြောင့် 'အရိယ' လို့ ဆိုရတယ်။ ပုထုဇဉ်တွေကတော့ ရန်သူကို မိတ်ဆွေလို သဘောထား ဆက်ဆံတတ်လို့ 'အနရိယ' (ချွတ်ယွင်းသူ၊ သတိချွတ်ယွင်းသူ) လို့ ဆိုရပါတယ်တဲ့။

ရာဂစရိုက်အားကြီးသူက လိုချင်စိတ်ကလေးကို တမင် လက်သပ်မွေးထားမယ်။ ဒေါသစရိုက်အားကြီးသူကလည်း မုန်းငြိုးပြစ်မှား စိတ်ကလေး ထိန်းကျောင်းမွေးမြူထားမယ်၊ မောဟစရိုက် အား

ကြီးသူကလည်း မသိလိုက် မသိဘာသာစိတ်၊ တွေစိတ်၊ တွေးစိတ်၊ ပြေးစိတ်ကလေးတွေ အရေးပေးထားတတ်ကြတယ်၊ သူတို့သုံးမျိုးဟာ တစ်တွဲတည်းပဲ၊ တကွဲစီ မဟုတ်ကြဘူး၊ အားကြီးတဲ့စိတ်က ဦးဆောင်နေတာ၊ မောဟက အမှန်ကို ဖုံးအုပ်ကာ အမှားကို လှစ်ပြမယ်၊ ဒီမှာ လောဘက အဲဒါ လက်ညှိုးထိုး ရအောင်ယူနိုင်း၊ မရရင် လောဘက ဒေါသကို လက်တို့ပြီး အညှဉ်းနိုင်း၊ ဒါ သူတို့အတွဲပဲ။

အဲဒီ လောဘ ဒေါသတို့က ကြိုက်ညှဉ်း၊ မကြိုက်ညှဉ်းဖြင့် နှိပ်စက်နေတာကို မောဟက တရားခံမမှတ်မိအောင် ပုံဖျက်ပေးတယ်။ နွားတွေ ကျွဲတွေမှာ သခင် မြက်ကျွေး၊ ဖွဲနုပေးတာလောက်သာ မှတ်မိပြီး သခင် ခိုင်းစားတာနဲ့ ရိုက်နှက်တာကို မမှတ်မိပြီ။ လူတို့မှာလည်း ကာမခံစားမှုလောက်သာ မှတ်မိကြပြီး ဒုက္ခဖြစ်သည်ကိုကား အလျဉ်းမသိကြပြီ။ ဒီလို မသိတာဟာ မောဟက လိုက်လံဖုံးအုပ်ပေးနေလို့၊ နွားခြေရာ လှည်းဘီးရာ လိုက်နင်းဖျက်နေသလိုပဲလို့ ဆရာတော်ဘုရားကြီးက ဥပမာပေး ရှင်းလင်းတော်မူပါတယ်။ (၄င်း၊ စာ-၁၆၇)

မသိလို့ ကြိုက်၊ ကြိုက်လို့ မသိနဲ့ အလှည့်ခံနေရသူတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေကို ရန်သူမှန်း မသိနိုင်ဘူး၊ အပြင်ရန်ကိုသာ မြင်ပြီး အတွင်းရန်ကို မမြင်ကြ မအောင်ကြသေးပါဘူး။ မိမိရဲ့ ကိလေသာရန် မိမိကိုယ်တိုင် နှိမ်နင်းနိုင်မှသာလျှင် အရိယသစ္စာလို့ ခေါ်တဲ့ အမှန်တရားကို မြင်သိအောင် ကြည့်တယ်လို့ ဆိုနိုင်ပါတယ်။

အရိယာလမ်းပေါ်သို့ ရောက်မှသာလျှင် မင်္ဂလာခြေလှမ်း စစ်စစ်၊ မယိမ်းယိုင်တဲ့ ခြေလှမ်းအဖြစ်လည်း မှတ်ယူအပ်ပါတယ်။

## နိဗ္ဗာန်ဆိုက်မှ အမိုက်ဆုံးမှာ

လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာ အမိုက်တိုက်ကြီး ဘယ်မှာဆုံးမလဲဆိုတော့ နိဗ္ဗာန်ဆိုက်မှ အမိုက်ဆုံးမှာ၊ သတ္တဝါတွေ ဆိုတာ ပန်းချီဆရာရဲ့ ရောင်စုံပုံရိပ်တွေကို ကြည့်ကာ ဒါ...လူ၊ ဒါ... ဝက်၊ ဒါ...ခွေး စသည် ပြောနေကြသလို သူ့စေတနာ သူ့အစွဲတို့ အတိုင်း ကံသတ္တိ၊ ဉာဏ်သတ္တိ အကျိုးပေး အနိုးရိပ်ကလေးမှသည် အရွယ်အထိ တလိပ်လိပ် တိုးထွက်လာတာကိုပဲ လူပါ၊ နွားပါ၊ ယောကျ်ားပါ၊ မိန်းမပါ ပြောနေကြရတာ၊ မီးကြောင့်ပေါ်တဲ့ မီးခိုး ပမာ၊ အစွဲကြောင့်ပေါ်တဲ့ အစွဲရိပ်ချည်းသာ...။

မြေဆီကို ထုတ်၊ ရေကို စုပ်ပြီး ဗီဇသတ္တိအတိုင်း ပေါက်လာတဲ့ သစ်ပင်၊ သူ့အားကုန်တော့ လဲပြိုရတယ်။ အားမကုန်မီ သီးပွင့်ပေး ခဲ့တဲ့ မျိုးစေ့သတ္တိတွေနဲ့ နောက်မိုးမှာ တစ်ဖန်ပြန်ပေါက်စေတယ်။ ဒါဟာ သက်မဲ့တွေရဲ့ ဗီဇ နိယာမ၊ ဥတုနိယာမအားဖြင့် ဘဝပြောင်း လာပုံ၊ သက်ရှိလူတွေအဖို့တော့ မျိုးစေ့အစား စေတနာအစွဲ၊ ဥတု အစား ဓာတ်လေးပါးနဲ့ ကြီးထွားလာလိုက် မသေမီ ကံဆက်ထားခဲ့ ပြီး သေသွားလိုက်နဲ့ အစွဲဆက်နေတာ၊ အစွဲမှ အစွဲသို့ပါပဲ။

သည်နေ့ ကြိုက်စွဲ၊ မကြိုက်စွဲ၊ မသိစွဲတို့ကို သတိနဲ့ ပယ်သတ် လိုက်ပြီ။ ဒီမှာ အစွဲကြောင့်ပေါ်တဲ့ ရုပ် ချုပ်ပြတ်ကာ မရှိရာမှ မရှိ ရာသို့ ပြန်ရောက်သွားခြင်းပင်လျှင် **သစ္စာမြင်သည်** လို့ ဆိုရတယ် လို့ ရှင်းပြတော်မူပါတယ်။ (ဋင်း၊စာ-၁၆၇)

* သစ္စာတစ်ချက်မြင်လျှင် ငါစွဲကြောင့်ဖြစ်သော ရုပ်မရှိ၊ ငါစွဲ လောကမံ ခံနိုင်၏၊

* သစ္စာနှစ်ချက် သုံးချက်ဆင့် မြင့်လျှင် ကြိုက်စွဲ၊ မကြိုက်စွဲ ကြောင့်ဖြစ်သော ရုပ်မရှိ၊
* သစ္စာလေးဆင့် လေးခါ မြင်လျှင်တော့ မသိစွဲကြောင့်ဖြစ် သော ရုပ်ပင် မရှိတော့ပြီ။

သို့ကြောင့် သစ္စာလေးချက် တစ်ခါမြင်လျှင် အပါယ်ဘဝရဲ့ အပါယ်ရုပ်မျိုး ပေါ်မလာတော့ပြီ။ ကာမရုပ်ဖြစ်သော လူရုပ် နတ်ရုပ်တွေလောက်သာ ပေါ်တော့မည်၊ သို့ကြောင့် **အပါယ်လောကစံက လွတ်ပြီ။**

သစ္စာလေးချက် သုံးခါအထိ မြင်လျှင်ကား လူရုပ် နတ်ရုပ်ပင် မရှိတော့၊ ဗြဟ္မာရုပ်လောက်ပဲ ကျန်တော့မယ်။ **ကာမ လောကစံ မခံရပြီ။**

သစ္စာလေးချက် လေးကြိမ်တိတိ မြင်တွေ့ရပါမူကား ဗြဟ္မာ ရုပ်ပင် ပြစရာမရှိတော့ပြီ။

ရုပ်နာမ်ချုပ်ပျက်မှု ဆိုက်တာနဲ့ နိဗ္ဗာန်မြင်တာ အတူတူပါပဲ။ နိဗ္ဗာန်က တခြား၊ ချုပ်ပျက်မှုကတခြား မဟုတ်ဘူး၊ ရုပ်နာမ် ချုပ်ပြတ်မှုသည်ပင် ကြိုက်စွဲပြတ်သွားလို့၊ ကြိုက်စွဲပြတ်တောက်သွားမှု သည်ပင် နိဗ္ဗာန်ပဲ။ (ဇင်း၊ စာ-၁၇၀)

မင်္ဂကျသည်နှင့် ဖိုလ်ဝင်ခြင်း၊ ရုပ်နာမ်ချုပ်ပြတ်သည်နှင့် နိဗ္ဗာန် မြင်ခြင်းအတူတူ။

**သောတာပန်ရဲ့ နိဗ္ဗာန်မှာ** အပါယ်ဘဝခန္ဓာသာ အငြိမ်းစား ရပြီး အေးရတာ၊ ကာမဘဝ ဗြဟ္မာဘဝတို့ရဲ့ ခန္ဓာက မအေးရသေး၊ ငါစွဲကိလေသာက ချုပ်ငြိမ်းတာ၊ ကြိုက် မကြိုက်မသိတို့က ဒုနဲ့ဒေး။

**သကဒါဂါမ်၊ အနာဂါမ်တို့ရဲ့ နိဗ္ဗာန်မှာ** ကာမဘဝခန္ဓာစဉ်သာ

အငြိမ်း ရပြီး ဖြဟ္မာတို့ရဲ့ ခန္ဓာကလည်း မအေးရသေး၊ မောဟ မာန စတဲ့ ကိလေသာစွဲတို့ကလည်း လောင်အားကောင်းတုန်းပဲ။

**ရဟန္တာရဲ့ နိဗ္ဗာန်မှာ** လာမည့် ဘဝအားလုံးရဲ့ 'ခန္ဓာစဉ်များ ကလည်း အငြိမ်းစား ရပြီ၊ ကိလေသာအစွဲတို့မှလည်း စိတ်အေးရပြီ၊ သို့သော် လက်ရှိခန္ဓာ့ဒုက္ခမှကား မလွတ်မြောက်သေး။ **ပရိနိဗ္ဗာန် စံဝင်မှုဖြစ်တဲ့ နိဗ္ဗာန်မျက်မှောက်ပြုမှုသာ** လက်ရှိခန္ဓာဝဋ်ကလည်း လွတ်၊ စိတ်ကလည်း လုံးဝဖြူဆွတ်သွားပြီး ပါရမီအားလုံး ပြည့်ဝပြီ ဖြစ်လို့ **မင်္ဂလာရှိသောနေ့၊ မင်္ဂလာရှိသောအချိန်** လို့ ဘုရားရှင် သီးသန့် ဟောထားတယ်လို့ မှတ်ယူရမယ်လို့ ဆရာတော်ဘုရားကြီးက ရှင်းပြတော်မူပါတယ်။ (ၚင်း၊စာ-၁၇၁)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ နိဗ္ဗာန်ဆိုက် အမိုက်ဆုံးတဲ့ အထိ ဘာလို့ ဟောခဲ့ပါသတုံးဆိုတော့ အစကောင်းလေးနဲ့ ရပ်နေကြမှာစိုးလို့၊ အဆုံးကောင်းတဲ့ အကောင်းဆုံးအထိ ညွှန်ကြားတော်မူပေတာပဲ။ သို့သော် အိမ်ထောင်ထဲ ဝဲလှည့်နေတဲ့ ဘဝမျိုးမှာ အစဖြစ်တဲ့ သောတာပန်ဘဝအထိ တက်လှမ်းနိုင်လျှင်ပင် လူဖြစ်ရကျိုး၊ သာသနာနဲ့ ကြုံကျိုးနပ်ကြပါပြီ၊ ကာမ ထမင်းအုပ် လက်တွင်း ဆုပ်ကိုင်ထားကြတဲ့ အိမ်ထောင်သည်ဘဝ ဝိသာခါ၊ အနာတပိဏ်တို့လို အရိယ ဓာတ်သားအဖြစ် ခံယူပြီး အထက်တန်းစား ဘဝများနဲ့ သံသရာခရီး လှည့်ပတ်နိုင်ဖို့ပါပဲ။

သည်အပိုင်းမှာ နိဗ္ဗာန်ရဲ့အရသာကို ကိုယ်တိုင်ခံစားခွင့် ရချိန် အပိုင်းဖြစ်လို့ 'သုခမင်္ဂလာ' ခေါ်လှမ်းရယ်လို့ ဆရာတော်ဘုရားကြီး က ကမ္ပည်းတင်တော်မူပါတယ်။

# မင်္ဂလာ၏ ပန်းဝင်ခြေလှမ်းများ

လောကဓံနှင့် ကြုံတွေ့ရာမှာ

* ကိုယ်နှင့်စိတ်ထား တုန်လှုပ်ချောက်ချားခြင်း မရှိစေနှင့်၊
* စိုးရိမ်ပူဆွေး ငိုကြွေးခြင်းလည်း မရှိစေနှင့်၊
* ချဉ်ခြင်းတပ်မက် ထိုရမ္မက်လည်း မရှိစေနှင့်၊
* ရုပ် ရုပ်ချင်းဘေး၊ စိတ်ချင်းဘေးလည်း မထိစေနှင့်၊

ဤလေးပါးစုတို့သည် အဆုတ်မဖက်၊ အတက်ဆုံးဘက်သို့သာ ဆက်စေသဖြင့် မင်္ဂလာ၊

အရှုံးမပေါ် အမြတ်ကိုသာ ဖော်ပေးသဖြင့်လည်း မြတ်သော မင်္ဂလာ...။

ဗုဒ္ဓအဖဘုရားက မထင်မရှား နတ်သားတစ်ပါးကို အကြောင်း ပြုပြီး 'မင်္ဂလာတရားတော်' တွေကို ဒီလိုပြည့်စုံအောင် ဟောတော်မူ ခဲ့ပါတယ်။ မင်္ဂလာတရား နာယူကြကုန်တဲ့ သိကြားမင်းကြီးနဲ့တကွ နတ်သားအားလုံး ခမ္မခာတ် ဖုံးလွှမ်းပြီး ဝမ်းပန်းတသာ သာခု သုံး ကြိမ် သံပြိုင်ဟစ်ကြွေး ကောင်းချီးပေးကြပါတယ်။

အဖဘုရားရှင်ဟာ မင်္ဂလာအခန်းတိုင်း အခန်းတိုင်းမှာ၊ မင်္ဂလာ ရဲ့ ခြေလှမ်းများကို ဟောတော်မူရာမှာ 'နတ်သား' ကို ဦးတည်ပြီး ဟောခဲ့တာ ဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နိဂုံးချုပ် တော်မူသောအားဖြင့် ...

နတ်သား ...

ဤဆိုခဲ့ပြီးသော မင်္ဂလာအပေါင်းတို့ကို ကိုယ်တွေ့စိတ်ပင့် ကျင့်ကြံနိုင်ကြပါသော်ကား ...

* **ရန်သူအပေါင်းတို့ကို အရှုံးမပြ အနိုင်ရတတ်၏၊**
* **ဘယ်နေရာမဆို ချမ်းသာသုခ အပြည့်ရကြချေ၏၊**

ဒါ့ကြောင့် 'မြတ်သောမင်္ဂလာ' ဟူ၍ မြဲမြဲစွာ မှတ်သားလေ

လော့၊ နတ်သားလို့ ဟောတော်မူပါတယ်။ မင်္ဂလာရဲ့ ပန်းဝင်ခြေ လှမ်းများမှာ လောကဓံအကြောင်း သိဖို့ လိုလာပါပြီ။

**လောကဓံဆိုတာ** လောကလူသားတို့၌ဖြစ်လေ့ဖြစ်ထရှိသော ဓမ္မတာကို ဆိုတာပါ။ ဘာတွေလဲဆိုတော့...

* ပစ္စည်းပေါများခြင်း၊ ရှားပါးခြင်းတို့၏ အသွားအပြန်ခရီး၊
* အခြွေအရံပူးကပ်ခြင်း၊ ခွာသွားခြင်းတို့ရဲ့ အစုန်အဆန် ခရီး၊
* ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ရဲ့ အသွားအပြန်ခရီး၊
* ချမ်းသာခြင်း၊ မချမ်းသာခြင်းတို့ရဲ့ အစုန်အဆန်ခရီး၊

သည်လို... အဖြူတစ်ဖက်၊ အမည်း တစ်ဖက်၊ အအေး တစ်လှည့်၊ အပူတစ်လှည့် ကြုံရတတ်ပုံကိုပဲ လောကဓံလို့ ဆိုရတာပါ။ တကယ်တော့ ဒါတွေအားလုံးဟာ ကြိုက်စိတ်၊ မကြိုက်စိတ်က ခွဲခြားထားခြင်းသာ၊ ကြိုက်စိတ်ပေါ်ရင် ကိုယ်ချမ်းသာပြီး စိတ်ဝမ်းသာတယ်။ မကြိုက်စိတ်ပေါ်ရင် ကိုယ်ဆင်းရဲပြီး စိတ်ဝမ်းနည်းတတ်ပါတယ်။ သဘာဝရဲ့သဘောတရားကား တစ်ခုတည်းမျှသာ၊ ကြိုက်သူက အကောင်းထင်ပြီး မကြိုက်သူက အဆိုးထင်နေခြင်းမျှသာ။

ကြက်၊ ဝက်တို့ရဲ့ သဘာဝဟာ သူ့အကုသိုလ်ဓမ္မတာရဲ့ ကံအကျိုးပေးအတိုင်း ဖြစ်ပေါ်လာခြင်းသာ၊ စားတဲ့သူတွေကြိုက်အောင် တမင်ဖန်ဆင်းထားတာ မဟုတ်ပြီ။ ခြင် ယင် ပုရွက် ခင်ပုတ်ငှက်တို့လည်း သူတို့အကုသိုလ်ဓမ္မတာရဲ့ ကံအကျိုးပေးအတိုင်းသာ၊ လူတွေ မုန်းတီးအောင် တမင်လုပ်ထားခြင်းကား မဟုတ်ပြီ။ ဒီလိုပဲ ကြဲသကာ ချိုတာလည်း သူ့သဘာဝဗီဇသတ္တိအတိုင်းသာ၊ ကြိုက်

အောင် ချိုပေးနေတာ မဟုတ်၊ တမာ ခါးနေတာလည်း မကြိုက်အောင် ခါးပြနေတာ မဟုတ်။

ဒီလိုပဲ၊ စိတ်ကောင်းရှိခြင်း၊ သဘောထားပြည့်ခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ သူ့ကျေးဇူးသိခြင်းတို့သည်လည်းကောင်း၊ စိတ်ယုတ်မာမွေးခြင်း၊ သဘောထားသေးသိမ် ဖျင်းနုပ်ခြင်း၊ သူ့ကျေးဇူးကန်းခြင်းတို့သည်လည်းကောင်း သူ့သဘော သူဆောင်ခြင်းမျှသာ၊ ကောင်းသူက ဘယ်သူနဲ့တွေ့တွေ့ ကောင်းတတ်ပြီး ဆိုးသူက ဘယ်သူနဲ့ပေါင်းပေါင်း ဆိုးမှာပဲ။

* သူ့ဘာသာ စပ်နေသော ငရုတ်သီးစားပြီး စပ်ရပါမို့လားဒေါသဖြစ်လျှင် ထိုသူ့ထက် မိုက်သူ မရှိ၊
* သူ့ဘာသာ စပ်နေသော ငရုတ်သီးစားပြီး ကောင်းလိုက်တာ ဆိုလျှင်လည်း ထိုသူထက် မိုက်သူ မရှိပြီ၊
* အစပ်ကို ရှာဖွေစားသုံးပြီး အစပ်မကောင်းကြောင်း ပြောသူလောက် မိုက်သောသူ လောကမှာ မရှိပြီ။

(၄င်း၊ စာ-၁၈၀)

## ကိုယ်နှင့် စိတ်ထား တုန်လှုပ်ချောက်ချားခြင်း မရှိစေနှင့်

အရိယာဇာတ် မြတ်သောဓမ္မဓာတ် ကိန်းလေပြီးသူ သူတော်ကောင်း အစားစားတို့၌ ထိုကိစ္စအားလုံး အတွင်းသားလိုက်၍ ကြည့်မြင်တတ်ပေပြီ။ လူဆိုးတွေ့လျှင် မိုက်နေတာ သူ မဟုတ်၊ သူ့အထဲက ဒေါသ၊ လူကောင်းတွေ့လျှင် လိမ္မာနေတာ သူ မဟုတ်၊ အထဲက ပညာဉာဏ်၊ သည်လို ကိုယ်ပိုင်သိဖြင့် ကွဲသိနေသောကြောင့် လူကို ရန်သူလို မမြင်၊ သူ့ထဲကိန်း ကိလေသာကိုသာ ရန်သူအသွင် မြင်

တော့၏။ ကိလေသာကို ချေဖျက်ပေး၍ လူကိုကား ဘေးလွတ်ရာ ကယ်တင်ပေး၏။

ထိုသူတော်ကောင်းမျိုး၌ **ကိုယ်မတုန်တော့သဖြင့် စိတ်မလှုပ်၊ စိတ်မလှုပ်တော့သဖြင့်လည်း ကိုယ်မတုန်၊** လောကဓံကို မဖြို တော့ချေ။

## နိုးရိမ်ပူဆွေး ငိုကြွေးခြင်းလည်း မရှိစေနှင့်

မိမိကိုယ်ကို ပြန်ကြည့်လိုက်တော့လည်း ငါဟူသည်ကို ရှာ မတွေ့၊ ကံမျိုးစေ့ ပစ်ချမှုကြောင့် အစွဲရိပ်ချည်းသာ၊ စေတနာ အရှိန် အားအတိုင်း ကြီးထွားတိုးတက် အပျက်မှ အပျက်သို့ ဆက်နေသည် ကိုသာ တွေ့ရတော့၏။

ထိုသူတော်ကောင်းမျိုး၌ မိမိသေရမည်ကို လည်းကောင်း၊ ဘေးဒုက္ခ ရောက်ရမည်ကိုလည်းကောင်း နည်းနည်းလေးမှ စိုးရိမ် မှုမရှိ၊ အကယ်တိတိ သူတစ်ပါးက ရန်သူထင်သဖြင့် သုတ်သင်ရန် လာသော်မှ သနားမိချေသေး၏။'ဪ...သူမသတ်လည်း သေမှာ၊ သူသတ်လည်း သေမှာချည်းဟာ အလကားသက်သက် ဓားခုတ်ရာ လက်ဝင်လျှိုတဲ့ သတ္တဝါလေးပဲ'ဟူ၍ သနားစိတ်ပိုမိချေသေး၏။

## ချဉ်ခြင်းတပ်မက် ထိုရမ္မက်လည်း မရှိစေနှင့်

တစ်ဖန် အပြင်ကနေ နေ့စဉ်သွင်းပေးသည်မှာ (အစားအစာ များ) ပုပ်ကုန် သိုးကုန်တွေချည်း၊ မိမိကို မွေးထုတ်ပေးလိုက်ကြသော မိဘတွေကလည်းပဲ အညီအပုပ်သာ ပေးလိုက်နိုင်ကြပြီး အကောင်း ဟူ၍ ဘာတစ်ခုမျှ မပေးလိုက်ကြ။ သို့ကြောင့် ခန္ဓာတစ်ပြင်လုံး

တင့်တယ်သော အသွင် ဘာတစ်ခုမျှ မတွေ့ရပြီ။ သွင်းလိုက်သော အပုပ်တို့မှ စီးဆင်းဖြစ်ပွားနေကြသော အပုပ်အညှီများနှင့် မလိုအပ်တော့သဖြင့် ဒွါရအားလုံးတို့မှ ယိုစီးထွက်လာသော အပုပ်တို့ချည်းသာ အရှိအရှိအတိုင်း ဒိဋ္ဌပက်ပင်း တွေ့မြင်နေရချေ၏။

ထိုသူတော်ကောင်းမျိုး၌ မိမိကိုယ်ကို ခင်မင်လိုသော စိတ်မရှိ၊ သူတစ်ပါး၌လည်း မိမိအသွင် ထပ်တူမြင်သဖြင့် ခင်လိုကြင်လိုစိတ် မရှိ။ ငါကောင်းစားရန် သိမ်းပိုက်မည်ဟူ၍လည်းကောင်း၊ သူချမ်းသာရန် ဆက်ဆံမည်ဟူ၍လည်းကောင်း၊ နှစ်ဦးကြား၌ ကိလေသာ လမ်းသလားခြင်း မရှိတော့ချေ။

အကယ်တိတိ မသိသူက စသော်မှ သနားစိတ်ဖြင့် 'ဪ... တစ်ဖက်သား ဒုက္ခ အလကားသက်သက် ဝင်စွက်လိုတဲ့ သူလေးပဲ' ဆိုကာ နှစ်သိမ့်ပေးတတ်ချေသေး၏။

## လောကဓံကို ကျော်နိုင်သူများ

လောကဓံကား မည်သူမှ လွတ်သောအရာ မဟုတ်။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ ကြီးမားတော်မူလှပါသော ဘုရားရှင်သော်မှ မလွတ်ခဲ့ချေပြီ။

* နတ်ဗြဟ္မာအားလုံးက ချီးမွမ်းသော်လည်း စိဉ္စမာန၊ သုန္ဒရီတို့ အဖွဲ့က အပုပ်ချခဲ့၏။
* အခြံအရံဘယ်လောက်ပင် များသော်လည်း ပလလဲတောင်၌ တစ်ပါးတည်း ဝါကပ်တော်မူခဲ့၏။

* သုံးမကုန် ပေါသော်လည်း ဝေရှာရာ၌ တစ်ဝါတွင်းလုံး မြင်းစာ စားရ၊ သပိတ်သက်သက် ပြန်လှည့်တော် မူခဲ့ရ သည်လည်း ရှိသေး၏။

* ဖလသမာပတ်၊ နိရောဓ သမာပတ်များဖြင့် ချမ်းသာစွာ ခံ စားရသော်လည်း ခါးနာခြင်း၊ လေနာထခြင်း၊ ဝမ်းတော် လားခြင်းများဖြင့် ဒုက္ခကြုံတော်မူရသေး၏။

အတုမဲ့ဘုရားသော်မှ လောကဓံနှင့် မကင်းသော် မည်သူကင်း နိုင်ပါအံ့နည်း။ မကင်းတာချင်း တူသော်လည်း ခံနိုင်တာနှင့် မခံသာ တာ ကွာခြား၏။ ခုခံပုံ၌ စိတ်ထားချင်း ကွာခြားကြ၏။

*** ပုထုဇဉ်သည် သောတာပန်လောက် ဒဏ်မခံနိုင်၊**

ပုထုဇဉ်တို့မည်သည် ငါစွဲမကင်းခြင်းကြောင့် လောကဓံနှင့် တိုးတိုင်း 'ငါ ခံရလေခြင်း၊ ငါ ခံရခြင်း' ဟူသော နှလုံးသွင်း မှားယွင်း မှုကြောင့် ပါးနစ်ဖက် ဘယ်ပြန်ညာပြန် အရိုက်ခံနေရသည်နှင့် တူ ၏။

*** သောတာပန်ကား သကဒါဂါမ်တို့လောက် ဒဏ်မခံနိုင်၊**

သောတာပန်တို့၏ ဉာဏ်ကား ငါစွဲကြီးမှု၊ ယုံမှားမှုမျိုးလောက် သာ ခွာချနိုင်ပြီး အတွင်းရန် လုံးလုံးမျှ မလှန်ဝံ့သေး။ သို့ကြောင့် ကြိုက်စိတ်၊ မကြိုက်စိတ်တို့ဖြင့် ဘယ်ပြန်ညာပြန် ပါးနစ်ဖက် အနက် ခံနေရဆဲပါတည်း။

*** သကဒါဂါမ်ကား အနာဂါမ်တို့လောက် ဒဏ်မခံနိုင်၊**

သကဒါဂါမ်တို့၏ ဉာဏ်ကား ကြိုက်စိတ်၊ မကြိုက်စိတ်တို့ကို သူ့နယ် ကိုယ့်နယ် စည်းသားထားရုံမျှသာ တတ်နိုင်သေး၏။ အမြစ် ပြတ် မဖြုတ်ရဲသေး၊ သို့ကြောင့် ထိုကြိုက်စိတ်၊ မကြိုက်စိတ်တို့၏

တိတ်တဆိတ် ဝင်ရောက်လာသည်ကို မသိမီလိုက်နိုင်သဖြင့် ကျော ပြင်တစ်ခုလုံး တဒုန်းဒုန်းအထုခံနေရဆဲ ဖြစ်သောကြောင့်တည်း။

*** အနာဂါမ်တို့ကား ဘုရားရဟန္တာတို့လောက် ဒဏ်မခံနိုင်၊**

အနာဂါမ်တို့၏ ဉာဏ်ကား ကြိုက်စွဲ မကြိုက်စွဲကိုသာ အထဲမှ ဖယ်ထုတ်နိုင်သေး၏။ ဘဝဒွဲသာယာမှု၊ ဘဝအပေါ် မြတ်နိုးသဖြင့် တက်ကြွမှု၊ မသိမှုတို့ကား မတော်လှန်ရဲသေး။ သို့ကြောင့် သာယာ မှု၊ တက်ကြွမှု၊ ရှင်းရှင်းမသိမှု သုံးခုတို့ဖြင့် တစ်ကိုယ်လုံး လိမ့်ပိမ့် ကာ အရိုက်ခံနေရဆဲ ဖြစ်သောကြောင့်တည်း။

ထိုသူတော်ကောင်းကြီးများမှာ မိမိတို့ပယ်ပြီး ကိလေသာတို့ ၏ ဒဏ်မျှလောက်ကိုသာ ခံနိုင်ကြသေး၏။

ကောင်းဆိုးနှစ်တန် လောကဓံ၏ ဒဏ်ကို အကောင်းကိုလည်း အဆိုးမြင်၊ အဆိုးကိုလည်း အကောင်းမြင်ဖြင့် ရှုနိုင်သော ဘုရား ရဟန္တာ အရှင်မြတ်တို့သာ မတုန်မလှုပ်တော့သောအားဖြင့် ခံနိုင် ချေ၏။ မစိုးရိမ်တော့သောအားဖြင့်လည်း ခံနိုင်၏။ မတပ်စွဲတော့ သောအားဖြင့်လည်း ခံနိုင်ချေ၏။ **အဆိပ်ကို ဖယ်၍ အစာကိုသာ စားသုံးဘိသို့** ဘေးကို လက်လွှတ်၍ ခံစားမြဲသော အာရုံတို့ကိုသာ ခံစားတော်မူနိုင်ချေ၏။ သုံးရလို့လည်း မစွဲ၊ မသုံးရလို့လည်း မဖင့် နွဲ့တော့ပြီ။

သို့ကြောင့် လောကဓံ ရှစ်ပါးကို ခံနိုင်သူမှာ ဉာဏ်ကြီးရှင် ဘုရားနှင့် ရဟန္တာသခင်ကြီးများသာ၊ ထိုနေရာမျိုးကား ဗုဒ္ဓဘာသာ ဝင်တို့၏ နောက်ဆုံးပန်းတိုင်ပင် ဖြစ်သည်ကိုလည်း သဘောပေါက် ပါလေ။ (ဧင်း၊ စာ-၁၈၂မှ ၁၈၄ အထိ)

ဘုရား ရဟန္တာဖြစ်လေမှ လောကဓံ ခံနိုင်တော့မှာပဲဟူ၍ အား

မငယ်ကြရန် ဆရာတော်ဘုရားကြီးက မှာတော်မူပြီး **အနတ္တဉာဏ် ထင်မြင်သူနဲ့ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီးသူ** တို့သည်လည်း မဂ်မကျသော်မှ လတ်တလော လောကစံကိုကား မမူသောအားဖြင့် ပုတ်ထုတ်ပစ်နိုင်ပါသေး၏။ ရေရှည်သာ မတတ်နိုင် ရှိချေသည်။ မခံသာသူနှင့် စာလျှင် ခံသာသောအားဖြင့် အမြတ်သာ၏။ မသိသူနှင့် စာလျှင် အသိဉာဏ်အလိမ္မာ၌ တစ်ပန်းသာစေ၏ လို့ အားပေးတော်မူပါတယ်။

- **တရားအားထုတ်မှုသည် အာရုံပယ်ရန်ထက် အာရုံခံစားတတ်ရန် လမ်းပြ၏၊**
- **တရားအားထုတ်မှုသည် လောကစံရှောင်ဖို့ထက် လောကစံကျော်တတ်အောင် သင်ပြပေး၏။**

တရားအားထုတ်ခြင်းဖြင့် အရှိကို သုံး၍ မရှိသည်ကို ပစ်ပယ်တတ်ကြပြီး (တွေ့သမျှဒဏ် သဘောမှန်သို့ ဉာဏ်ဝင်စားပြီး) ကျော်လွှားတတ်ကြပါစေကွယ်...လို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက လေးလေးနက်နက် မှာကြားတော်မူပါတယ်။

ဒါ့ကြောင့်...လောကစံကို တရားနဲ့ ကျော်လွှားနိုင်ခြင်းဟာ မင်္ဂလာရဲ့ ပန်းဝင်ခြေလှမ်းများ (ဝါ) အရေးအကြီးဆုံး ခြေလှမ်းများ ဖြစ်ကြောင်း ကောင်းစွာနားကြား မှတ်သားခွင့် ရခဲ့ပါပြီ။

# မင်္ဂလာ အနှစ်ချုပ်

**ဆရာတော်ဘုရားကြီး၏ ထိုက်တွန်းချက်**

ဘုရားဟော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို တစ်ပါးချင်း ရှင်းလင်းဖော်ပြခဲ့ပေပြီ။ ဆရာတော်ဘုရားကြီးရဲ့ မူရင်း ရေးသား ရှင်းလင်းပုံအတိုင်း ဆရာတော်ဘုရားကြီးရဲ့ စကားလုံးများ အတိုင်းသာ **အနှစ်ချုပ် တင်ပြခြင်း** ဖြစ်ကြောင်း ဝန်ခံချက် ပေးလိုပါတယ်။ မင်္ဂလာ အခန်းစဉ်တိုင်းမှာ ဆရာတော်ဘုရားကြီးက ပုံပြင် ဇာတကတို့ဖြင့် သာဓကဆောင်ပြီး ပိုပြီးရှင်းလင်းအောင် စွမ်းဆောင်ထားပါတယ်။ ကျွန်တော်ပြန်ရေးတဲ့အခါ ပုံပြင် ဇာတကတွေ ခြွင်းချန်ခဲ့တာကို လေးစားစွာ တောင်းပန်လိုပါသေးတယ်။ ပုံပြင် တချို့ကို သီးသန့်ရေးဖို့ စီစဉ်နေလို့ပါ။

မင်္ဂလာကို ဆယ်နှစ်တန်းမှ ရှစ်ဆယ်တန်းအထိ သူ့အရွယ်နှင့်သူ ခွဲဝေပိုင်းခြား၍ ဆောင်စေရာ၌ သည်မင်္ဂလာအမျိုးအစားသည် သည်အရွယ်မျိုးကျမှသာ ဆောင်နိုင်မှာမို့ ခွဲဝေပိုင်းခြားပေးခဲ့ခြင်း

ဖြစ်ပါတယ်။ လူမှန်းသိတတ်စကပင် မင်္ဂလာအားလုံး ဆောင်နိုင်ခဲ့ပါသော် သည်အရွယ်ကျမှ သည်မင်္ဂလာ ဆောင်ရမယ်လို့ **ကန့်သတ်ချက် မရှိပါကြောင်း** ဆရာတော်ဘုရားကြီးက သုံးသပ်ဖော်ပြထားပါတယ်။

မင်္ဂလာတရားတော်ဟာ **ကာမဂုဏ်ခံစားမှု လက်မလွှတ်နိုင်သေးသူများအတွက်** အဓိကထား ဟောကြားခဲ့တာဖြစ်လို့ သည်မင်္ဂလာတရားတော်အတိုင်း ကွင်းဆက်မပြတ် ခြေရာချင်းထပ်၍ ကျင့်ဆောင်နိုင်မည်ဆိုလျှင် ကာမစည်းစိမ် ခံစားရင်းက ဉာဏ်အလင်းရမှာ ကေန်ရယ်လို့ တစ်ထစ်ချ ယုံစိတ်နဲ့ မမိုတ်မသုံ အားခဲကြဖို့ တိုက်တွန်းလိုပါ၏ လို့ ဆရာတော်ဘုရားကြီးက ဖော်ပြထားပါတယ်။ သည်ကွင်းဆက် မင်္ဂလာတွေဟာ တစ်ကွင်းမိက အကုန်ဆောင်နိုင်သလို တစ်ကွင်းလွတ်ရုံမျှနှင့် အကုန်လွဲနိုင်သည်ကို သတိပြုပါ။

မင်္ဂလာရဲ့အစ 'လူမိုက်ရှောင်ကြဉ်မှု မင်္ဂလာ' ပျက်လျှင် အားလုံး လွတ်မှာပါ။ လူမိုက်ကြီး ဘေးနားထားပြီး ပညာရှိဆည်းကပ်ပါက သဲထဲ ရေသွန်ဖြစ်ရုံသာ၊ လူမိုက်ကြီး နောက်ပါခေါ်ပြီး သင့်တော်မည့် အရပ် သွားပြန်တော့ ခွေးပါ ဧည့်မလှ၏သို့ နေရာမှန်ဘယ်လောက်ကောင်းကောင်း ကြီးပွားရေးလမ်းကြောင်း ဖြောင့်မည်မဟုတ်ပြီ။ လူမိုက်ရှောင် မင်္ဂလာကစပြီး လွဲလျှင် ကျန်မင်္ဂလာအားလုံး ကွင်းဆက်ပြတ်မှာ ကေန်ပင်။

ဘစ်ဖန် အရိယသစ္စာကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်ရုံမျှဖြင့် မင်္ဂလာအားလုံး ဆောင်ပြီးဖြစ်ပုံကိုလည်း နားလည်စေအပ်ပါတယ်။ ဆရာတော်ဘုရားကြီးက မင်္ဂလာခြေလှမ်းတွေနဲ့ ပန်း

ဝင်စေချင်လွန်းလို့ မင်္ဂလာတွေကို ကွင်းဆက်အားဖြင့် ချိတ်ဆက်ပြထားပါသေးတယ်။

## မင်္ဂလာအနှစ်ချုပ် မင်္ဂလာကွင်းဆက်များ

၁။ ကြီးပွားရေး ထူထောင်တော့မယ်ဆိုရင် ဦးစွာ လူမိုက်ကို ရှောင်ကြဉ်ရပါမယ်။ လူမိုက်ရဲ့ လက်ထဲမှာ...

* အရက်သောက်စား ပျော်ပါးခြင်းဖြင့် ကြီးပွားနှုန်းကို ဟန့်တားခြင်း၊
* မ,လိုက်စားခြင်းဖြင့် ကြီးပွားနှုန်း ပျက်ပြားစေခြင်း၊
* လောင်းကစားခြင်းဖြင့် ကြီးပွားနှုန်း ပျက်ပြားစေခြင်း၊
* ပျင်းရိခြင်းဖြင့် ကြီးပွားနှုန်းကို ပိတ်ပင်တားဆီးခြင်း...

လေးမျိုး ရှိနေတတ်ပါတယ်။

လူမိုက်ကို ရှောင်တာ ဒီလေးမျိုး ရှောင်တာနဲ့ အတူတူပါပဲ။

၂။ လူမိုက်ကိုတော့ ရှောင်ပြီးပါပြီ။ အိမ်မှာ ငုတ်တုတ်ထိုင်နေရုံဖြင့် မကြီးပွား မတိုးတက်နိုင်သေးပါ။ မိမိလုပ်ကွက်နဲ့ သက်ဆိုင်တဲ့ ပညာရှင်ကို ဆည်းကပ်နည်းယူရပါလိမ့်ဦးမယ်။

၃။ ပညာရှင်ထံ ဆည်းကပ်သင်ကြားပြီးပြန်တော့လည်း ပညာရှင်ရဲ့ ကျေးဇူး တုံ့ဆပ်ဖို့ လိုပါသေးတယ်။ မိမိကို ပညာသင်ပေးနည်းပေးလမ်းပြ လုပ်နေရတာနဲ့ ပညာရှင်မှာ ဝမ်းစာရှာချိန်လည်း မရတော့၊ တန်ဖိုးရှိတဲ့ အချိန်တွေလည်း ကုန်ဆုံးမှုဝေလိုက်ရပြီမို့ မိမိမှ ကျေးဇူးသိတတ်သောအားဖြင့် ပူဇော်သင့်ရာ ပူဇော်ပါ။

၄ နှင့် ၅။ ဆရာ့ထံမှ နည်းပညာတွေ လက်ကုန်ရခဲ့ပါပြီ။ သို့သော် စီးပွားမဖြစ်သေးပါ။ **ပညာဟာ စီးပွားမဟုတ်ပါ၊** စီးပွားဟာလည်း ပညာနှင့် မကင်းပါ။ စီးပွားနှင့် ပညာကြား ဝီရိယက လက်ကူလိုက်ပေးရပါမယ်။

- မကောင်းမှုမှာ ဝီရိယကြီးလေ ဆင်းရဲလေ
- ကောင်းမှာတော့ ဝီရိယကြီးလေ ချမ်းသာလေ

ပြီးတော့ ပညာနဲ့ အသုံးတည့်မယ့်နေရာကိုလည်း ရွေးချယ်ပါ။ မိမိရဲ့ ပြုခဲ့ဖူးသော ရေးဒါနထုပ် မြှုပ်နှံရာလည်း ဖြစ်ပါစေ၊ သို့မှသာ အလုပ်အံဝင်ပြီး လုပ်ရာမှာ အကူအညီတွေ ရမှာပါ။

၆။ နေရာကောင်း အကွက်မှန်တော့ ပေါ်နေပါပြီ။ အလုပ်၌ ကိုယ်တိုင် ဦးမစီးဘဲ မျက်နှာလွှဲခဲပစ်ဖြစ်စေ၊ ကိုယ့်အင်အား သတ္တိများ၌ဖြစ်စေ အယုံနည်းပြီး အရဲလိုနေလျှင် စီးပွားမတက်နိုင်တော့ပါ။

မယုံရဲလေသူတစ်ယောက်၊ ပညာနည်းလေသူတစ်ယောက် ဘယ်သောကာလမှ မထွန်းတောက်စေနိုင်။ ကိုယ့်ကိုယ်မှ မယုံလျှင် ဘယ်သူကမှ မယုံကြည်နိုင်တော့ပါ။ အများက မယုံကြည်လျှင် ကြီးပွားအောင်မြင်ရေး လမ်းလွဲတော့မည်သာ။

၇။ ကိုယ့်ကိုယ်ကို မြတ်စိတ်မွေးပြီး ကိုယ်သတ္တိကိုယ် ယုံကြည်ပြီပဲ ထားဦး၊ မျက်စိနှင့် နား ဖွင့်မထားက ခေတ်ရေစီးကြောင်းမှ တိမ်းစောင်းသွားပါလိမ့်မယ်။ အကြားအမြင် ဗဟုသုတ မစုံလင်ရင်လည်း ကြီးပွားနှုန်း ဆုတ်ယုတ်တတ်ပါတယ်။

၈။ ဗဟုသုတတွေ ဘယ်လောက်ရရ၊ သည်ဗဟုသုတ နည်းပညာတွေကို ကျွမ်းကျွမ်းကျင်ကျင် အသုံးမချတတ်လျှင် (ဝါ) နည်းပညာကို လက်တွေ့ တတ်မြောက်အောင် မစွမ်းဆောင်နိုင်လျှင် ကြီးပွားရေးလမ်းလွဲမည်ပင်၊ ဒါ့ကြောင့် ကြီးပွားလိုပါက အတတ်ပညာသော့ချက်ကို ရအောင်ယူ။

၉။ နည်း ပ ညာ အ တတ် ပ ညာ တွေ တတ် ပြီ ပဲ ထား၊ အ ကျင့်မကောင်းလျှင် မကြီးပွားနိုင်ပါ။ သင်ပေးသူ၏ အတတ်ဖြင့် သင်ပေးသူကို စီးပွားရေး ဘက်မပြိုင်သင့်ပါ။ မိမိ၏ ထမင်းရှင် ဖောက်သည်များအပေါ် ရိုးဂုဏ်ကိုဖျက်၍ မရိုးသားသော ဆက်ဆံမှုများ မပြုသင့်ပါ။

၁၀။ ကိုယ်ကျင့်ကောင်းပြီးနောက် နှုတ်ကျင့်ပါ ကောင်းမွန်အောင် စကားကောင်း စကားမှန် ပြောတတ်ဖို့ လိုအပ်ဦးမှာပါ။

၁၁။ 'ကြီးပွားလိုလျှင် ချို၊ မီးဖွားလိုလျှင် ငို' ဆိုစကားအတိုင်း စကားကောင်း စကားမှန်ကို ချိုချိုသာသာ ပြောတတ်ပါစေ။

၁၂။ ဤသို့ဖြင့် ကြီးပွားခဲ့ပြီဆိုပါတော့၊ မိမိစီးပွား မီးဖွားပေးလိုက်သည့် မိဘနှစ်ပါး၏ ကျေးဇူးကို အထူးသိတတ်ပေးဆပ် လုပ်ကျွေးနိုင်ပါမှ ကြီးပွားနှုန်း ပို၍ တိုးတက်ပါလိမ့်မည်။

၁၃။ မိဘကျေးဇူးဆပ်သကဲ့သို့ အတူနေ စီးပွားဘက် သားမယား မိသားစုကိုလည်း ထိုက်သင့်သလို ချီးမြှောက်လုပ်ကျွေးပါမှ စီးပွားတက်မည်ကိုလည်း သတိပြု။

၁၄။ မိသားစုကို လုပ်ကျွေးထောက်ပံ့ရာ၌ ရှုပ်ထွေးသော အမှုအကျင့်များကို ရှောင်ပါ။ ထကြွနိုးကြားခြင်း၊ အသက်မွေးမှု မှန်

ကန်ခြင်း၊ မိတ်ကောင်း ထားရှိခြင်းများဖြင့် လမ်းမှန်ကမ်းမှန် ကြီးပွားတိုးတက်ပါစေ။

၁၅။ သန့်သန့်ရှင်းရှင်း ကြီးပွားခြင်းသို့ ရောက်လျှင် ဒါနပြုဖို့ သတိရပါ။ ဒါနပြုခြင်းသည် လက်ရှိကြီးပွားရေး ခိုင်မာစေရန်နှင့် နောင်သံသရာအတွက် စေတနာအရှိန်ဖြင့် ရိက္ခာထုပ်စုဆောင်းနေခြင်းပါ။

၁၆။ အလှူပေးသော်လည်း အလုပ်လုပ်ရာ၌ မတရားကျင့်တွေ ပါနေက မကြီးပွားနိုင်ပါ။ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် မဖြစ်ရအောင် မတရားကျင့်တွေ ဖယ်ရှား၊ တရားကျင့်ဖြင့်သာ ကြီးပွားစေရပါမည်။

၁၇။ ဆွေမျိုးမိတ်သင်္ဂဟတို့အပေါ် ဝတ္တရားမကျေက ကြီးပွားနှုန်းရှေ့မတက်နိုင်ပါ။ ဆွေမျိုး မိတ်သင်္ဂဟတို့မည်သည် ရှေးက ဒါနတစ်ခုပြုစဉ်က အတူပါဝင်လာကြသော ရေစက်ဆုံဘက်များပါ။ ယခုဘဝမှာလည်း မိမိကောင်းကျိုးကို အစဉ်အားပေးနေသူတွေပါ။ သူတို့ရဲ့ မေတ္တာဖြင့် မိမိရဲ့ ကြီးပွားရေး မြင့်မားစေရန် ဆွေမျိုးမိတ်သင်္ဂဟတို့ကိုလည်း ချီးမြှောက်ထောက်ပံ့ပါ။

၁၈။ အပြစ်မကင်းသော အလုပ်မျိုး လုပ်မိပါက မကြီးပွား မတိုးတက်နိုင်ပါ။ ဥပဒေက တားမြစ်ထားသော အလုပ်များ မလုပ်ရပါ။ အများ စိတ်ဆင်းရဲစေမည့် အလုပ်များ မလုပ်ရပါ။ သံသရာပြစ် အနေဖြင့် ကံငါးပါးဖျက်၍ စီးပွားမရှာအပ်ပါ။

၁၉။ ဒုစရိုက် ထူပြောသော နေရာဌာနများကို ရှောင်ပါမှလည်း အပြစ်ကင်းကင်း ကြီးပွားပါမည်။ နိဗ္ဗာန်ဆော်ကြီး သားသတ်

ရုံ သွားပါက အကဲ့ရဲ့ မလွတ်တတ်သကဲ့သို့ ကြီးပွားလိုသူ ဒုစရိုက်ကြား အနေမှားက အထင်မှားခံရတတ်ပါသည်။

၂၀။ မကောင်းမှု ဒုစရိုက်ကို အဝေးက ရှောင်နိုင်ရုံနှင့် မပြီး၊ အနီးကပ် ဒဏ် ခံနိုင်ရည်ရှိမှ ကြီးပွားပါမည်။ ငွေနှင့် ဖျက်ဖျက်၊ ကာမနှင့် ဖျက်ဖျက် ကိုယ့်စိတ်ကို မထိန်းသိမ်းနိုင်လျှင် ရပြီး ဂုဏ် အကုန်ပျက်ပါမည်။

၂၁။ အတွေ့ရှောင်ရာတွင် အရက်သေစာနှင့် မူးယစ်ဆေးတို့ကို ရှောင်နိုင်ပါမှ ကြီးပွားပါမည်။ အရက်သေစာဟူသည် ဒုစရိုက် အားလုံး၏ အမိန့်ပေး ဘုရင်တစ်ဆူ ဖြစ်သောကြောင့် အထူး ရှောင်လေမှ ကြီးပွားရာသည်။

၂၂။ သတိလက်လွတ် အသိတရားများ ယွင်းချွတ်နေပါက မကြီး ပွား မတိုးတက်နိုင်ပါ။ လောကကြောင်း၊ ဓမ္မကြောင်း ကောင်း ကောင်း သိစေမည့် သတိကြီးဖို့ လိုဦးမှာပါ။

၂၃။ မိမိထက် ဂုဏ်၊ အသက်၊ ရင့်ကျက်သူ၊ ရိုသေထိုက်သူတို့ကို အရိုအသေပေး၍ မိမိရှေ့ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရဦးမှာပါ။

၂၄။ ရိုသေခြင်းနှင့်အတူ မိမိကိုယ်ကို အထင်ကြီးမြတ်နိုးခြင်း ဟူသော ယုတ်ညံ့သော မာန်မာနကိုပါ ချိုးနှိမ်ထားပါမှ ကြီးပွား တိုးတက်နိုင်ပါသည်။

၂၅။ အယုတ်မာန်ကို ချိုးနှိမ်ရန် ရှောင့်ရဲမှု လိုအပ်ပါသည်။ မရှောင့် ရဲနိုင်ပါက ငါစွဲနှင့် တဏှာစွဲ အားကြီးပြီး ကြီးပွားရေး နှောင့် နှေးစေမည် မုချဖြစ်ပါသည်။

၂၆။ သူ့ကျေးဇူး မသိက ငြူစူမှု မကင်းနိုင်ပါ။ ငြူစူဆူပူနေလျှင် ကြီးပွားရေး နှောင့်နှေးစေပါမည်။ ထို့ကြောင့် ကျေးဇူးရှိသူကို ကျေးဇူးသိခြင်းဖြင့် ငြူစူကင်းရှင်း ကြီးပွားခြင်းသို့ ရောက်ပါစေ။

၂၇။ သူတော်ကောင်းစကား မနာကြားရဘဲနှင့်လည်း ကျေးဇူးဂုဏ်အကုန်မသိနိုင်ပါ။ သူတော်ကောင်းဓာတ် မိမိသို့ ကပ်စေပြီး သူ့ကျေးဇူးကို သိအောင်ကြိုးစားမှသာလျှင် ကြီးပွား အောင်မြင်ပါမည်။

၂၈။ စရိုက်မတူလျှင် အကြိုက်မတူနိုင်ပါ။ အကြိုက်မတူတာ တစ်ခုတည်းဖြင့် သူ့ကျေးဇူး ရှိပါလျက် မထေမဲ့မြင် ပြုတတ်ပါသည်။ သူ့ကျေးဇူး အထူးပေါ်လွင်အောင် အရာရာ သည်းခံနိုင်ပါမှ ကြီးပွားအောင်မြင်ပါမည်။

၂၉။ သည်းခံခြင်းနှင့်အတူ ဆုံးမရလွယ်ကူသူ(ဝါ) တစ်ဖက်ပညာရှိ စကား နားထောင်တတ်သူ ဖြစ်ပါမှ ကြီးပွားတိုးတက်ပါမည်။

၃၀။ ဆိုလွယ်စကား ရှိပြီပဲထား၊ ကိလေသာ ကင်းစင်သော ရဟန်းမြတ်တို့ကို ကျောပေးနေက မိမိရှိမာနနှင့်တကွသော ကိလေသာ တို့ အခြေမယိုင်နိုင်ပါ။ ကိလေသာ ထူပြောသူ ဘယ်မှာ ကြီးပွားအောင်မြင်နိုင်ပါမည်နည်း။

၃၁။ ရဟန်းမြတ် ဖူးတွေ့ရပြီပဲ ထား၊ တရားဆွေးနွေး (လျှောက်ထား) ခြင်း မပြုက မကြီးပွား မတိုးတက်နိုင်ပါ။ တရားသာလျှင် ကြီးပွားအောင်မြင်ခြင်း၏ လမ်းမှန်ဖြစ်သောကြောင့်တည်း။

၃၂။ တရားဆွေးနွေးပြီးနောက် ခြိုးခြံချွေတာရေးအကျင့်ကို ကျင့်ဆောင်ပါမှ ကြီးပွားပါမည်။ ခြိုးခြံခြင်းသည် နှမြောခြင်းမဟုတ်ပါ။ ကိလေသာ မပွားအောင် တားဆီးခြင်းသာပါ။

၃၃။ ခြိုးခြံနိုင်သည်ပဲထား၊ မေထုန်အကျင့် မရှောင်နိုင်က မြတ်သော စီးပွား မဆောင်ကြဉ်းနိုင်ပါ။ မေထုန်ဟူသည့် အကျင့်ယုတ်ဖြစ်သောကြောင့် အကျင့်မြတ်ဖြင့် ကြီးပွားရေးကို မပေးစွမ်းနိုင်သောကြောင့်ပါတည်း။

၃၄။ မေထုန် ရှောင်ရှားမှုဖြင့်လည်း သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးဆင့် မြင့်မလာနိုင်သေးပါ။ သိက္ခာသုံးပါး၏ ဦးစီးခေါင်းဆောင်ဖြစ်သော သတိဖြင့် စေ့စပ်၊ စူးစိုက်၍ ရှုကြည့်နိုင်မှသာလျှင် ဘဝဒုက္ခ၊ ကာမဒုက္ခတို့ကို သိမြင်နိုင်၍ သံသရာစီးပွားအထိ ဖြစ်ထွန်းစေနိုင်ပါလိမ့်မည်။ ဖြစ်ပျက်ချုပ်ငြိမ်းခြင်းကို သိပိုင်သူသာလျှင် ကြီးပွားအောင်မြင်သူ အစစ် ဖြစ်ပါတော့သည်။

၃၅။ ထိုသို့ အောင်မြင်သူအစစ်သည်သာ မည်သည့်လောကဓံနှင့် တွေ့တွေ့ ဆွေ့ဆွေ့ခုန် တုန်လှုပ်ခြင်း မရှိနိုင်တော့ပါပြီ။

၃၆။ သေရမည်ကိုလည်း မကြောက်၊ နေရမည်ကိုလည်း မကြောက်တော့ပါပြီ။

၃၇။ သူ့ကိုလည်း မချစ်၊ ကိုယ့်ကိုယ်ကိုလည်း မနှစ်သက်တော့ပါပြီ။

၃၈။ သူ့ကြောင့်ဖြစ်သော ဘေး၊ ကိုယ့်ကြောင့်ဖြစ်သော ဘေးမျိုးလည်း မရှိတော့ပါပြီ။

– မင်္ဂလာတရားတော်၊ စာ–၁၉၄ မှ ၂၀၈ အထိ ရှု

ဤသို့လျှင် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို တစ်ပါးနှင့် တစ်ပါး အကြားအလပ် မရှိစေဘဲ ဆရာတော်ဘုရားကြီးက တွဲချိတ်ဆက်စပ် ပေးခဲ့ပါတယ်။ 'မကောင်းရာ ရှောင်တာ မင်္ဂလာ၊ ကောင်းရာ ဆောင်တာ မင်္ဂလာ၊ ကြီးပွားတိုးတက်အောင် ပြုလုပ်တာ မင်္ဂလာ' လို့သုံးပိုင်း ပိုင်းပြီး မှတ်သားထားကြရမယ်လို့ မိန့်မှာပါတယ်။ မကောင်းရာ ရှောင်၊ ကောင်းရာ ဆောင် ကြီးပွားအောင်လုပ် မင်္ဂလာအချုပ် လို့လည်း လင်္ကာနဲ့ မှတ်သားစေပါတယ်။

ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူတဲ့အတိုင်း မင်္ဂလာတရားတော်များကို ကျင့်ဆောင်နိုင်ပါလျှင် အပြစ်ကင်းသော ကြီးပွားခြင်းဖြင့် လောကီတွင်လည်း လက်ငင်းချမ်းသာ၊ လောကုတ္တရာမှာလည်း အတုမဲ့ နိဗ္ဗာန်ချမ်းသာကြီးအထိ ပြည့်ပြည့်ဝဝ ရနိုင်ပါကြောင်း ကောင်းစွာ သဘောပေါက်ခွင့် ရခဲ့ပါပေပြီ။ အောင်မြင်ကြီးပွား မင်္ဂလာ ခြေလှမ်းများဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ပန်းတိုင်အရောက် ခရီးပေါက်နိုင်ကြောင်းကိုလည်း သိမြင်ဆင်ခြင်ခွင့် ရခဲ့ပါပေပြီ။

မောင်သွေးချွန်
၁၂-၈-၉၉
၁၃၆၁ ခု ဝါခေါင်လဆန်း ၁ ရက်၊ ကြာသပတေးနေ့
နံနက် ၂ နာရီ ၂၀ မိနစ် ပြီးစီးအောင်မြင်သည်။
၇၄ - သာယာအေးလမ်း။ ၃ ရပ်ကွက်၊ သမိုင်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ကလေးအရွယ် မူလတန်းအဆင့်က စပြီး သက်ကြီးရွယ်အို အချိန်ပိုင်းအထိ
ထိုက်သင့်သလို ကျင့်ဆောင်ဖွယ်နည်းလမ်းကောင်းများ......။

တစ်ပွဲတိုး ထုံးမန်းဖြတ်လမ်းက ကြီးပွားနည်းမျိုး မဟုတ်ဘဲ
သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်သည်အထိ
အာမခံချက်အပြည့်ရှိသော အောင်မြင်ရေးနည်းလမ်းကောင်းများ......။

ကာမစည်းစိမ်ခံစားရင်းက ဉာဏ်အလင်းရရှိရေးသို့
လမ်းညွှန်ပေးသော နည်းလမ်းကောင်းများ......။

အပြစ်ကင်းအကျိုးရှိ၊ အခုလည်းကောင်း နောင်လည်းကောင်းစေမည့်
ကြီးပွားရာ အောင်မြင်ကြောင်း နည်းလမ်းကောင်းများ......။

## မဟာဗောဓိမြိုင် ဆရာတော်
## ဝနဝါသီဥယျဓမ္မသာမိထေရ်

# အောင်မြင်ကြီးပွား
# မင်္ဂလာခြေလှမ်းများ

WIN MYINT OO , 99

